# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.125(2027-2042)

ထွက်ပြေးရလေပြီ

.

May Be:

၂၀၂၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၇ - နတ်စစ်သည်တော် ၇၂ ဦးရောက်လာခြင်း

အဘိုးအိုယန်ရှန်း က ခဏကြာတိတ်ဆိတ်နေပြီးမှ "မင်းဟာ မင်းရဲ့သွေးမျိုးဆက်ကို စွန့်လွှတ်ဖို့ ဆန္ဒမရှိမှတော့ ငါပြောတာ ဘာမှ

ထူးထူးခြားခြားဖြစ်လာမှာမဟုတ်ဘူး"

ဟု ပြန်ပြောရုံသာ။

ထိုစကားပြောပြီးသည်နှင့် ညာခြေကို

တစ်ချက်ပုတ်ကာ

အဖြူရောင်အလင်းတန်းအဖြစ် ယန်ယဲ့

ဆီသို့ ခုန်ဝင်လိုက်သည်။

ယန်ယဲ့၏ ခေါင်းအထက် ၁

မီတာလောက်အကွာသို့

ရောက်လာသည်နှင့်
သူ၏ညာဖက်လက်သီးကို ဆုပ်ကာ
ဆတ်ခနဲထိုးချလိုက်သည်။

လက်သီးချက်မှ
ပြင်းထန်သောစွမ်းအားက ယန်ယွဲ့၏
အနီးတစ်ဝိုက်ရှိ အာကာသပြင်ကို
ရေဝဲကတော့တစ်ခုဖြစ်ပေါ်လာစေသည်။
တစ်ချိန်တည်းမှာပင် စွမ်းအင်ဝဲကတော့
အလယ်မှာရှိနေသော ယန်ယွဲ့ဟာ

သူ့အပေါ်ကို

မြင်းကောင်ရေတစ်သန်းနင်းချနေသကဲ့

သို့ ခံစားလိုက်ရသည်။

သို့သော်လည်း ယန်ယဲ့၏ မျက်နှာသည်

တည်ငြိမ်နေခဲ့သည်။ ထို့နောက်တွင်

သစ်သားဓားကို မြှောက်ပြီး

ပင့်ခုတ်လိုက်သည်။

ဘမ်း...

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး

သူ့ရှေ့မှ အာကာသပြင်ဟာ ချက်ချင်း

ပြိုကျသွားတယ်။ ထို့နောက်

အလင်းတန်းတစ်ခု လင်းလက်လာသည်။

ဘုန်း...

နောက်ထပ်ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီး အဘိုးအိုယန်ရှန်း က ၃

ကီလိုမီတာအကွာသို့
လွင့်ထွက်သွားခဲ့သည်။

အဘိုးအိုယန်ရှန်း၏
ပုံရိပ်ရပ်သွားသည်နှင့် တပြိုင်နက်
သူ၏ညာလက်ကပြတ်တောက်သွားကာ
ပုခုံးပေါ်မှ ပြုတ်ကျလာသည်။

အဘိုးအိုယန်ရှန်းက
မြေပြင်ပေါ်ကျသွားသည့်

သူ၏လက်ပြတ်ကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် ယန်ယွဲ့၏လက်ထဲမှ သစ်သားဓားကို လှမ်းကြည့်လိုက်ပြီး "ဘယ်လောက်တောင် အစွမ်းထက်တဲ့ဓားလဲ။ ငါတောင် မခံနိုင်ဘူး"ဟုပြောလိုက်သည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် လုလီကူး ကို လှည့်ကြည့်ကာ

"မင်းအရင်ထွက်သွားတော့"ဟုပြောလိုက်၏။

လုလီကူး က တစ်ခုခုပြောချင်နေပုံပါ။ သို့သော်လည်း ယန်ယဲ့ သည် “လူတစ်ယောက်ဟာ မင်းရဲ့ မိတ်ဆွေဖြစ်မဖြစ်ကို နှလုံးသားကနေမြင်ရတယ်။ ငါက မင်းရဲ့နှလုံးသားထဲမှာ မိတ်ဆွေ တစ်ယောက်ဆိုတာ ငါနားလည်နိုင်တယ်။

မိတ်ဆွေတွေ၊ညီအစ်ကိုတွေ
သတ်မှတ်ဖို့က အခက်အခဲတွေကို
အတူတူရင်ဆိုင်ဖို့မလိုပါဘူး။နားလည်
လား"

လုလီကူး က တိတ်ဆိတ်သွားသည်။

ယန်ယဲ့ က ဆက်ပြောလိုက်သည်။
“မင်းရဲ့ ခွန်အားက လုံးဝ မဆိုးပါဘူး။
ဒါပေမဲ့ ဆက်ပြီးနေနေတာက

ဘာမှထူးခြားလာမှာမဟုတ်ဘူး။ ဒါဆို အရင်ဆုံးထွက်သွားလိုက်ပါ"

လုလီကူး က အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီးမှ "ကောင်းပြီ၊ ငါထွက်သွားမယ်"ဟုပြောပြီး

ချက်ချင်း နောက်လှည့်ကာ မဆိုင်းမတွ ထွက်သွားခဲ့သည် ။

သူလည်း ယန်ယဲ့

ပြောသည့်စကားတိုင်းကို

ကောင်းကောင်းနားလည်ပါသည်။ သူ

ဆက်ပြီးရှိနေလျှင်ပင်

ဘာမှတတ်နိုင်မှာမဟုတ်ပေ။ ထိုအစား

ယန်ယဲ့သည် သူ့အတွက်ပါ

ထပ်ပြီးပူပန်နေရပေမည်။

လက်ရှိအခြေအနေအရ ထွက်သွားခြင်းသာလျှင် ယန်ယဲ့အတွက် အကောင်းဆုံးအကူအညီပါ။

ယန်ယဲ့က အဘိုးအိုယန်ရှန်း ကို စိုက်ကြည့်ပြီး "သူ့ကို လွှတ်လိုက်တာက ပြဿနာမဟုတ်ဘူးမလား"ဟုပြောလိုက်သည်။

အဘိုးအိုယန်ရှန်း၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထိုအချိန်တွင် ယန်ယဲ့ သည်
ရုတ်ချည်းပင်ပျောက်သွားသည်။
ထိုမြင်ကွင်းကြောင့် အဘိုးအိုယန်ရှန်း၏
အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။ ထိုခဏလေးမှာပဲ
ယန်ယဲ့သည် ဒဏ်ရာအပြင်းအထန်
ရနေသော ယန်ထျန်း၏နောက်ကွယ်မှ

ပေါ်လာသည်။တစ်ဆက်တည်း

သစ်သားဓားဖြင့်

ယန်ထျန်း၏လည်ပင်းကို

ဖိကပ်ထားလိုက်လေသည်။

ယန်ယဲ့ သည် ကောင်းကင်ကို

မော့ကြည့်လိုက်ပြီး "သူ့ကို

လွှတ်လိုက်ပါ။ မင်းတို့ ယန်ကလန် ရဲ့

အုပ်ထိန်းသူ အသက်ရှင်လိမ့်မယ်။

ယန်ကလန် မှာ အရည်အချင်းရှိတဲ့

လူငယ်သခင်တွေ မကျန်တော့ဘူး။ ဒါဆို
မင်းတို့အားလုံးက သူ့ကို
မသေစေချင်ဘူး မဟုတ်လား”

အဘိုးအိုယန်ရှန်း က ခဏကြာ
တိတ်ဆိတ်သွားပြီးနောက်
"မင်းဆန္ဒအတိုင်းပဲ"

ယန်ယွဲ့ သည် ကောင်းကင်ကို
မော့ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် လုလီကူး က ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးမှ ထွက်ခွာသွားခဲ့သည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂ ယောက် နှင့် ထာဝရတန်ခိုးရှင် ၇၂ ယောက်ပါအဖွဲ့။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ကို ပတ်ပတ်လည်မှ ဝိုင်းထားသည်။

တစ်ချိန်တည်းတွင် ယန်ကလန်သည်

သူ့အား သတ်ဖို့အတွက်နှင့်

ဂုဏ်သတင်းကိုပင်

လစ်လျူရှုလိုက်ကြောင်း

သဘောပေါက်သွားသည်။

နောက်ဆုံးတွင် သူသည်

လွတ်မြောက်လိုပါက

အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်မှသာ

။

ထိုအရာသာ

အသက်ရှင်လျက်လွတ်မြောက်နိုင်သော

နောက်ဆုံးနည်းလမ်းပါ။

နတ်စစ်သည် ၇၂ ဦးအနက် အရင်ဦးဆုံး

တိုက်ခိုက်လိုက်သူက

အစိမ်းရောင်ချပ်ဝတ်မြှားတပ်ဖွဲ့ ပင်။

ကြယ် ၃၀ လုံးကဲ့သို့ ကောင်းကင်ထက်မှ ရွှေရောင်မြှားအစင်း ၃၀  လုံး ပစ်ခတ်လိုက်သည်။ ရွှေရောင်မြှားများက အဖက်ဖက်ကနေ ယန်ယဲ့ဆီသို့ပြေးဝင်လာ၏။ သူ နောက်ပြန်ဆုတ် ရှောင်တိမ်းနိုင်သော လမ်းကြောင်းအားလုံးကို လုံးလုံးလျားလျား ပိတ်ဆို့ထားသည်။

တစ်ချိန်တည်းမှာပင်

လှုံကိုင်ဆောင်ထားသော

ထာဝရတန်ခိုးရှင် အယောက် ၂၀

ကလည်း ယန်ယဲ့ ထံခုန်ဝင်လာကြသည်။

လှုံကိုင်တပ်ဖွဲ့၏ နောက်ကွယ်၌

နတ်ဆိုးမြင်းများ စီးနင်းထားသော

ထာဝရတန်ခိုးရှင် ၂၂ ဦးပါ

ပြေးတက်လာသည်။

နတ်စစ်သည်တော် ၇၂ ယောက်စလုံး
တပြိုင်နက် တိုက်ခိုက်လိုက်ခြင်းပါ။

အတိတ်တွင်တော့ နတ်စစ်သည်တော် ၇၂
ယောက်၏ ပူးပေါင်းတိုက်ခိုက်မှုဟာ
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို
သတ်ဖြတ်နိုင်ခဲ့သည်။
စစ်သည်တစ်ယောက်ချင်းစီက
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ နှင့်
မယှဉ်နိုင်သော်လည်း ပူးပေါင်းအားက

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ကို
လွယ်ကူစွာသတ်နိုင်၏။

ယန်ယဲ့ သည် မလှုပ်ရှားသေးဘဲ
သစ်သားဓားကို တင်းကျပ်စွာ
ဆုပ်ကိုင်ထားလိုက်သည်။
ရွှေရောင်မြှားအစင်း ၃၀ က သူနှင့် ၁
မီတာကျော်လောက်အကွာသို့
ရောက်လာမှ
ညာခြေကိုတစ်ချက်ဆောင့်ကာ

ခုန်တက်လိုက်သည်။

တစ်ချိန်တည်းမှာပင် သစ်သားဓားကို

အလျားလိုက် ပိုင်းချလိုက်သည်။

အောင်း....

ဓားအူသံတစ်သံ ထွက်ပေါ်လာပြီးနောက်

သစ်သားဓားမှ

မီးတောက်ဓားစွမ်းအင်တစ်စင်း

ထွက်လာသည်။

ဆူး..... ဆူး....

မီးတောက်ဓားစွမ်းအင်က

ရွှေရောင်မြှားအစင်း ၃၀ ကို

လောင်ကျွမ်းပစ်လိုက်သည်။သို့သော်လ

ည်း ထိုအချိန်တွင် လှံကိုင်တပ်သား

အယောက် ၂၀ က ယန်ယွဲ့အနားသို့

ရောက်လာခဲ့လေပြီ။

တစ်ချိန်တည်းမှာပင် လှံအစင်း ၂၀ က

ယန်ယဲ့ဆီသို့

ပြိုင်တူထိုးသွင်းလိုက်သည်။

ဤအခိုက်အတန့်တွင် လှံကိုင်တပ်သား

အယောက် ၂၀ ဟာ

တပြိုင်တည်းတိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်

သစ်သားဓားကို အလျားလိုက်
ခုတ်ပိုင်းလိုက်သည်။

ဆူး....

သစ်သားဓားမှ စက်ဝိုင်းပုံသဏ္ဍာန်
ဓားကြိုးတစ်ချောင်း ထွက်လာသည်။

ဘမ်း....

ပေါက်ကွဲသံများ အများအပြား

ထွက်ပေါ်လာသည်။ အလျှော့မပေးသော

စိတ်ဆန္ဒ နှစ်မျိုး သယ်ဆောင်လာသော

မီးစားစွမ်းအင်က လုံကိုင်တပ်သား

အယောက် ၂၀ စလုံးကို ၁

ကီလိုမီတာအကွာထိ

လွင့်ထွက်သွားစေသည်။ သို့သော်လည်း

မြင်းတပ်သား ၂၂ ယောက်က သူ့ရှေ့သို့

ရောက်လာခဲ့လေသည်။ ရှေ့ဆုံးမှ

ဦးဆောင်သော မြင်းတပ်သားက
ယန်ယွဲ့ဆီသို့တဟုန်ထိုးပြေးဝင်လာခဲ့သ
ည်။

ယန်ယွဲ့ သည်
ထိုမြင်းတပ်သားခေါင်းဆောင်ကို
တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက်
ညာခြေကို တစ်ချက်ပုတ်၍ နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

ဆူး....

ထိုခဏလေးမှာပဲ

သွေးနီရောင်အလင်းတန်းများ

လင်းလက်လာပြီး

မြင်းတပ်သားခေါင်းဆောင်၏

ခေါင်းပြတ်က လေထဲသို့

ပျံတက်သွားသည်။ ထိုအချိန်တွင် ယန်ယဲ့

သည် အလင်းတန်းအဖြစ်ပြောင်းလဲကာ

မြင်းတပ်သားများကြားထဲ

ခုန်ဝင်သွား၏။

ထို့နောက်တွင်တော့

အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းစတ

င်လိုက်သည်။

လက်ရှိအချိန်တွင် မည်သူမျှ ယန်ယဲ့၏

သစ်သားဓားကို တစ်ချက်မျှ

မခုခံနိုင်ပေ။အထူးသဖြင့် ယန်ယဲ့ သည်

သစ်သားဓားကိုင်ထားလျက်
အမှောင်တာအိုဥပဒေသကို
အသုံးပြုနေလို့ပါ။ သစ်သားဓား နှင့်
ထိပ်တိုက်ရင်ဆိုင်သည့် မည်သူမဆို
ခေါင်းပြတ်သွားကြသည်။

ယန်ယဲ့၏ လက်ရှိခွန်အားက
ထာဝရတန်ခိုးရှင်များကို ကြက်၊ငှက်
များကဲ့သို့အလွယ်လေးသတ်ပစ်နိုင်သည်
။ ထို့အပြင် သူသည် သစ်သားဓားကို

သုံးထားသဖြင့် ထာဝရတန်ခိုးရှင်များကို

အနည်းငယ်ပင်

ဂရုစိုက်နေစရာမလိုတော့ပေ။

အကြောင်းက သစ်သားဓားမှ

ထုတ်လွှတ်သော ဓားစွမ်းအင်ဟာ

ယခင်ထက်ပိုအားကောင်းနေလို့ပါ။

သစ်သားဓားက

မည်မျှအစွမ်းထက်သနည်း။ ၎င်းသည်

မည်သည့်အရာကိုမဆို

ဖြတ်တောက်နိုင်သည်ဟု ဆိုနိုင်သည်။

တစ်နည်းပြောရလျှင် သစ်သားဓားကို

ဘယ်အရာကမှ တားလို့မရပေ။

အချိန်အနည်းငယ်အတွင်းမှာပင်

ထာဝရတန်ခိုးရှင် ၁၀ ယောက်

ခေါင်းဖြတ်အသတ်ခံလိုက်ရ၏။ သို့သော်

ယန်ယဲ့ လည်း အကောင်းကြီးတော့

မဟုတ်ပေ။ သူ့ခန္ဓာကိုယ်အနှံ့

လုံထိုးချက်အပြည့်ဖုံးလွှမ်းထားသည်။

ကံကောင်းစွာဖြင့် သူ၏ခန္ဓာကိုယ်က

ထာဝရအဆင့် ရောက်နေလို့သာ။

ထို့အပြင် မူလခရမ်းရောင်စွမ်းအင်၏

ပြန်လည်ကုသခြင်းစွမ်းရည်ကြောင့်

သူ့ကိုယ်ပေါ်ရှိဒဏ်ရာများက

ထင်သလောက်မပြင်းထန်ပေ။

အဘိုးအိုယန်ရှန်း နှင့် သူ့ဘေးနားမှ

အဘိုးအိုက ယန်ယဲ့ ကို အချိန်အကြာကြီး

စောင့်ကြည့်နေခဲ့သည်။

အဘိုးအိုယန်ရှန်း၏ နံဘေးမှ အဘိုးအိုက

"ဒီကလေးက တကယ့်ကို

ညာဏ်ရည်ထက်မြက်တဲ့ သူရဲကောင်းပဲ"

ဟု ရုတ်တရက်ပြောခဲ့သည်။

အဘိုးအိုယန်ရှန်း က သူ့လက်ကို

တစ်ချက်ကြည့်လိုက်သည်။

အကြောင်းတစ်ခုခုကြောင့် သူ့လက်သည်

သူ့အလိုလို ကုသနိုင်စွမ်းမရှိခဲ့ပေ။

သို့မဟုတ် အမှန်တိုင်းပြောရလျှင်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်ကြိုးမျှင်က သူ့လက်ကို

ပြန်မပေါက်အောင်တိုက်စားနေ၏။

သူသည် ခဏမျှတိတ်ဆိတ်သွားပြီး
ယန်ရီကို စိုက်ကြည့်လိုက်သည်။
သူ့အကြည့်များက
ငြိမ်သက်နေသော်လည်း
သူ့မျက်လုံးထဲတွင်မူ
အေးခဲနေသောအမူအရာအပြည့်ပါ။

ထိုအချိန်တွင် သူ့ဘေးနားရှိ အဘိုးအိုက
ထပ်ပြောသည် ။ “ဒီကလေးက ငါတို့

ယန်ကလန်ရဲ့ အုပ်ထိန်းသူဖြစ်ဖို့
သင့်တော်ပါတယ်။ ကံမကောင်းစွာပဲ...”

ယန်ရှန်း က ထိုအဘိုးအိုကို
တစ်ချက်ကြည့်လိုက်ပြီး "သူက
ပိုသန်မာလေလေ သူ့ရဲ့
သဘာဝစွမ်းရည်က ပိုကြီးလေ သူ့ရဲ့
စွမ်းရည်က ပိုကောင်းလေလေ၊
သူမြန်မြန်သေဖို့ လိုလေလေပဲ"
ဟုပြောလိုက်ပါသည်။

အဘိုးအိုက “သူ အရင်ပြန်လာတုန်းက အထက်အာဏာပိုင်တွေ အာရုံမစိုက်ကြဘူးမဟုတ်လား။ ဘာကြောင့်လဲ "

ယန်ရှန်းက တိုက်ခိုက်နေသော ယန်ယဲ့ ကို လှည့်ကြည့်လိုက်ပြီး "သူပြန်လာတုန်းက သူ့ခွန်အားက မဆိုးပေမယ့် ငါတို့က သူ့ကို အလေးအနက်မထားဘူး။

ဘာလို့လဲဆိုတော့ ယန်ရှန်း နဲ့ ယန်ကျန်း

တို့နှစ်ယောက်နဲ့ယှဉ်ရင် သူတို့ကြားမှာ

ကွာဟချက်ရှိနေမယ်ပဲထင်ခဲ့တာလေ။

ဒါပေမဲ့ သူ့ရဲ့ခွန်အားက အခုလောက်ထိ

မြန်မြန်ဆန်ဆန်တက်လာမယ်လို့တော့

မမျှော်လင့်ထားကြဘူး။

သူထုတ်ဖော်ခဲ့တဲ့ အလားအလာနဲ့

ပတ်သက်ပြီးတော့ ဒါဟာ ငါတို့အတွက်

ကြောက်ရွံ့မှုတွေ

တိုးလာစေတယ်"ဟုပြောခဲ့သည်။

အဘိုးအိုက အနည်းငယ်

ခေါင်းညိတ်ပြကာ ခဏလောက်

တိတ်ဆိတ်သွားခဲ့သည်။ ထို့နောက်

"သူ့ကို

အကာအကွယ်ပေးချင်တဲ့သူတွေကော

ဘယ်လိုလဲ" ဟု မေးသည်။

"အဆင်ပြေပါတယ်" အဘိုးယန်ရှန်း က

"ဒီနေ့သူ့ကို ဘယ်သူမှ

မကာကွယ်နိုင်ဘူးလေ"ဟုပြန်ဖြေသည်။

အဘိုးအိုက “ဘာလို့လဲ”ဟု

မေးလိုက်သည်။

အဘိုးအိုယန်ရှန်း က ယန်ယဲ့ကို

အချိန်အကြာကြီး စိုက်ကြည့်နေပြီးမှ

"အဲဒီလူက ဒါကို တိတ်တဆိတ်
သဘောတူလိုက်တယ်"

အဘိုးအို၏ မျက်ခွံများ
လျှပ်ယမ်းသွားသည်။ သူသည် ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ကာ
သက်ပြင်းချလိုက်သည်။
တစ်ဆက်တည်း သူက ပြောလိုက်သည်
“သနားစရာကောင်းလိုက်တာ။ ဒီလိုမျိုး

ပါရမီရှင်ဟာ ငါတို့ရဲ့ ယန်ကလန်အတွက်

မဟုတ်ခဲ့ဘူး ”

အဘိုးအိုယန်ရှန်းက လစ်လျူရှုရင်း

“သူဟာ သူ့အဖေလိုပဲ အရမ်းကို

ဒေါသကြီးတယ်။ တကယ်လို့ သူသာ

ယန်ကလန်ရဲ့

အဆင့်မြင့်အာဏာပိုင်တွေထဲက

တစ်ယောက်ဖြစ်သွားရင်တော့ ငါတို့တွေ

ကလန်မှာနေခွင့်ရဖို့မဖြစ်နိုင်သလောက်ပဲ

။ ဒါကြောင့် သူသေတာ

အကောင်းဆုံးပဲလို့ထင်ပါတယ်။ သူက

ပါရမီရှင် ဖြစ်နေရင်တောင်

ငါတို့ယန်ကလန်က ပါရမီရှင်တစ်ယောက်

မွေးထုတ်ပေးဖို့ဆိုတာ မခက်ပါဘူး”

အဘိုးအိုက ခေါင်းကိုသာ

အနည်းငယ်ခါယမ်းကာ

ဘာမှပြန်မပြောတော့ပေ။

လက်ရှိအချိန်မှာတော့

စကားပြောဖို့မလိုတော့ပါ။ မှန်သည်၊

သူသည် အဘိုးအိုယန်ရှန်း နှင့်

တစ်ဖက်တည်းဖြစ်နေလေရာ

ဘာမှမတတ်နိုင်ပေ။

ထိုအချိန်တွင် ယန်ယွဲ့ သည်

နတ်စစ်သည်တော် ၇၂ ယောက်နှင့်

အပြင်းအထန်တိုက်ခိုက်နေ၏။

သူ့ပတ်ဝန်းကျင်မှာလည်း

သွေးစွန်းနေသော ခေါင်းပြတ် ၂၀ ကျော်

ရှိနေသည်။ သို့သော်လည်း သူ့ကိုယ်ပေါ်၌ ရွှေရောင်မြှား ၅ ချောင်းစိုက်ဝင်နေ၏။ ထို့အပြင် သူ့ရင်ဘတ်က လှံထိုးချက် ၁၀ ချက်ထက်မနည်း ရှိခဲ့သည်။

ထိုကဲ့သို့ တိုက်ပွဲတစ်ခုတွင် ယန်ယွဲ့ သည် သူ၏အကာအကွယ်ကို ဂရုမစိုက်နိုင်တော့ပေ။

သူ့ကိုယ်သူ

လုံးလုံးလျားလျားဖွင့်ဟထားခဲ့သည်။

အကယ်၍ သူ့ကိုယ်သူ ကာကွယ်ဖို့

ကြိုးစားလျှင်

ချက်ချင်းအသတ်ခံရနိုင်ချေများ၏။

ထို့ကြောင့် ဒဏ်ရာအရခံပြီး

သူ၏ရန်သူများကို

သတ်ဖို့နည်းလမ်းကိုသာ

ရွေးချယ်လိုက်တော့သည်။

ခေါင်းဖြတ်ခံရခြင်း သို့မဟုတ် သေလ

မျောပါးဒဏ်ရာမဟုတ်လျှင်

သာမန်ဒဏ်ရာလောက်က သူ့အတွက်

ပြဿနာမရှိပေ။

သို့သော်လည်း

တစ်ဖက်ရန်သူများကတော့

သူ၏ဓားတစ်ချက်ထိလိုက်တိုင်း

အသတ်ခံရသည်ချည်းသာ။

တစ်နည်းအားဖြင့် လက်ရှိအချိန်တွင်

ယန်ယွဲ့ သည် အသက်ကိုစတေးပြီး

တိုက်ခိုက်နေခြင်းပင်။

May Be:

၂၀၂၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၈ - ကြီးမြတ်သောကံကြမ္မာ၊

ကြီးမြတ်သောကံတရား

တိုက်ပွဲ ဆက်ဖြစ်နေလေလေ

အဘိုးအိုယန်ရှန်း၏ မျက်နှာသည်

တဖြည်းဖြည်းနှင့်

မှုန်မှိုင်းလာလေလေပင်။

ယန်ယွဲ့

ဒဏ်ရာအပြင်းအထန်ရနေသောကြောင့်

နတ်စစ်သည်တော် ၇၂ ယောက်က

အဆုံးသတ်ပေးနိုင်ပြီဟု သူ့စိတ်ထဲ၌

သေချာပေါက် ယုံကြည်နေခဲ့သည်။

သို့သော်လည်း နတ်စစ်သည်တော် ၇၂

ယောက်ဟာ ယန်ယဲ့ ကို မသတ်နိုင်ခဲ့ပေ။

ထိုအစား အများစုပင်

ပြန်ပြီးအသတ်ခံလိုက်ရသည်။

ထိုအချိန်တွင် အဘိုးအိုယန်ရှန်း၏

နံဘေးမှ အဘိုးအိုက "ငါတို့က သူ့ကို

ဆက်သတ်ခွင့် မပြုနိုင်ဘူး" ဟူ၍

ဆတ်ခနဲ ပြောလိုက်ပါသည်။

အဘိုးအိုယန်ရှန်းက အနည်းငယ်

ခေါင်းညိတ်လိုက်သည်

"တိုက်ခိုက်ကြတာပေါ့"

ထိုစကားပြောပြီးနောက် သူ့ဘေးနားရှိ

အဘိုးအိုက နေရာမှာပင်

ပျောက်သွားသည်။

အုန်း....

ယန်ယဲ့၏အထက်တည့်တည့်မှ

ကြောက်မက်ဖွယ်စွမ်းအားလှိုင်းတစ်ခု

ပေါ်လာသည်။ တစ်ဆက်တည်း

အနက်ရောင်လှံတစ်ချောင်းက

သူ၏ခေါင်းဆီသို့

ထိုးဆင်းသွားလေသည်။

လုံ သယ်ဆောင်လာသော

အဖျက်စွမ်းအားက ယန်ယဲ့၏

ပတ်လည်ရှိ အာကာသပြင်ကို ချက်ချင်း

အက်ကွဲသွားစေသည် ။

သူ့အထက်မှ လုံဆင်းလာသည်ကို

သတိပြုမိသောအခါ ယန်ယဲ့ သည်

သစ်သားစားကို ချက်ချင်း မြှောက်ကာ

သူ့အပေါ်ဖက်သို့ပင့်ခုတ်လိုက်သည်။

ဖန်း....

ထိတွေ့လိုက်သည်နှင့် လှံက ချက်ချင်းပင်

အပိုင်းပိုင်းကွဲထွက်သွားလေသည်။သို့

သော်လည်း လှံမှ သယ်ဆောင်လာသော

စွမ်းအားကြောင့်

ယန်ယဲ့၏ပုံရိပ်သည်တုန်ခါသွားပြီး

ညာဖက်လက်မောင်းတစ်ဖက်လုံး ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပဲ သူ့ခြေထောက်အောက်ရှိ မြေပြင်သည် ချက်ချင်းပြိုကျသွား၏။

ထိုအခိုက် ရွှေရောင်လုံ့တစ်ချောင်းက ယန်ယဲ့၏ နောက်ကျောကို ထိုးသွင်းလိုက်သည်။ ထို့အပြင် ရွှေရောင် ရွှေရောင်မြှားနှစ်စင်းက သူ၏ဒူးတည့်တည့်ကို

ပစ်သွင်းလာသည်။

လျှပ်တစ်ပြက်တိုက်ခိုက်မှုပင်ဖြစ်ရာ

ရွှေရောင်မြှားနှစ်စင်းက

သူ၏ဒူးနှစ်ဖက်လုံးကို

ထိုးဖောက်သွားခဲ့သည်။

သို့သော်လည်း ယန်ယွဲ့ သည်

မားမားမတ်မတ်ရပ်နေနိုင်တုန်းပါ။

ထူးခြားသည်ကား သူ့လက်ထဲမှ သစ်သားဓားပင်။ လူအများအပြား သတ်ထားသည့်တိုင် သွေးစွန်းနေသောတစ်စုံတစ်ရာမတွေ့ရပေ။

လက်ရှိအချိန်တွင် ယန်ယဲ့၏ အနီးတစ်ဝိုက်ကား နတ်စစ်သည် ၇၂ ဦးထဲမှ စစ်သည် ၂၅ ဦး ဝိုင်းထားခဲ့သည်။

အစိမ်းရောင်ချပ်ဝတ်တပ်ဖွဲ့မှ
တပ်သားများက အသတ်ခံရခြင်းမရှိပေ။
အကြောင်းမှာ မြှားတပ်သားများက
အဝေးကနေသောတိုက်ခိုက်နေလို့ပါ။
တိုက်ပွဲတွင် မြှားတပ်သား
တစ်ယောက်တစ်လေမျှ မသေခဲ့ပေ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
သစ်သားဓားကို ဆုပ်ကိုင်ထားလျက်
နေရာတွင် ရပ်နေခဲ့သည်။ သူသည်

သူ့ပတ်ဝန်းကျင်ရှိ

နတ်စစ်သည်တော်များကို

တစ်ချက်ကြည့်လိုက်သည်။

သူ၏ပါးစပ်ထောင့်၌

ရက်စက်ကြမ်းကြုတ်သော

အပြုံးတစ်ခုပေါ်လာလေသည်

“ဆက်လုပ်ပါ”

ထိုစကားသံထွက်ပေါ်လာသည့်နောက်

လူတိုင်း၏အမူအရာများသည်

ပြောင်းသွားကြသည်။ အထူးသဖြင့်

နတ်စစ်သည်တော် ၇၂ ဦးမှ

အသက်ရှင်ကျန်ရစ်သူများပါ။

သူတို့ဟာ ယန်ယဲ့၏ နှလုံးသားထဲမှ

ကြောက်ရွံ့မှု အရိပ်အယောင်ကို

မတွေ့သောကြောင့်

တုန်လှုပ်သွားမိကြသည်။

ရက်စက်ကြမ်းကြုတ်သူပဲ။

အခြားသူ အပေါ်

ရက်စက်ကြမ်းတမ်းစွာပြုမူခြင်းသည်

အမှန်တကယ်ရက်စက်သူမဟုတ်ပေ။

သို့သော်လည်း ကိုယ့်ကိုယ်ကို

လစ်လျူရှုထားသည်ကား လုံးဝကို

ကြောက်စရာကောင်းသော ရက်စက်မှုပါ။

မြင်နေရသည့်အတိုင်းပင်၊ ယန်ယွဲ့ သည်

သူ့ကိုယ်သူပင်

လစ်လျူရှုထားနိုင်သည်အထိ

ရက်စက်ကြမ်းကြုတ်လှသည်။

မူလနတ်ဘုရားအဆင့် အဘိုးအိုက

သူ့လက်ကို စိုက်ကြည့်နေသည်။

သူ့လက်က ကွဲအက်သွားနေခဲ့သည်။

ယခုလေးတင်ယန်ယွဲ့နှင့်ထိပ်တိုက်ရင်

တွေ့သွားတာပါ။ သူသည် ယန်ယွဲ့ကို

မော့ကြည့်လိုက်ရင်း သစ်သားဓား ဆီကို

အကြည့်ရောက်သွားသည်။

အမှန်တိုင်းပြောရလျှင် သူသည်

ယန်ယွဲ့သန်မာနေသောကြောင့်

တုန်လှုပ်ခြင်းမရှိပေ။

ယန်ယွဲ့၏လက်ထဲမှ သစ်သားဓားက

အစွမ်းထက်လွန်းသောကြောင့်ပါ။

သစ်သားဓား ။

၎င်းသည် ယန်ယဲ့၏ခွန်အားကို

မှန်းဆ၍ပင်မရသော အဆင့်အထိ

မြင့်တက်သွားစေသည်မဟုတ်ပါလား။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

အဘိုးအိုက ခပ်လှမ်းလှမ်းရှိ ယန်ရှန်း ကို

စိုက်ကြည့်ကာ

"အတူတူလုပ်ကြရအောင်။ ငါတို့က သူ့ကို

အခွင့်အရေးမပေးနိုင်ဘူး”ဟုပြောလိုက်

၏။

အဘိုးအိုယန်ရှန်း က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး သူ့ညာလက်ကို

ဝှေ့ယမ်းကာ “သတ်ပစ်လိုက်စမ်း”

အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက်

အဘိုးအိုယန်ရှန်း က

အနက်ရောင်အရိပ်သဖွယ်ပြောင်းလဲကာ

နေရာမှာပင် ပျောက်သွားခဲ့သည်။

ထိုအချိန်တွင် အဘိုးအို ကလည်း နေရာတွင်ပင် ပျောက်သွားခဲ့သည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂ ဦး လှူပ်ရှားလာသည်နှင့် နတ်စစ်သည်တော် ၇၂ ဦးမှ ကျန်ရှိနေသူများပါ အသီးသီးပျောက်ကွယ်သွားကြသည်။

သိပ်မကြာလိုက်ပေ၊ အစွမ်းထက်အော်ရာလှိုင်းကြီးတစ်ခုက

အနက်ရောင်တိမ်တိုက်ကြီးအလား

ယန်ယွဲ့အပေါ်ကို

ထိုးဆင်းလာပါတော့သည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက်၊

ထာဝရတန်ခိုးရှင်အများအပြား၏

ပူးပေါင်းအော်ရာများပင်။ ယန်ယွဲ့၏

မတူညီသော ထာဝရအဆင့်

စိတ်ဆန္ဒနှစ်ခုဟာ ချက်ချင်း

ကွဲထွက်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့သည်

သေခါနီးဆဲဆဲ အသက်ရှူကြပ်နေသော

လူမမာတစ်ယောက်လို

ခံစားလိုက်ရသည်။

သို့သော်လည်း သူ့ကိုယ်သူ

တောင့်ခံထားလိုက်ပြီး သူ့ရှေ့မှ

လူအုပ်စုကို အေးစက်စွာ
စိုက်ကြည့်လိုက်သည်။ ထို့နောက်တွင်
သူ၏ဘယ်ဖက်လက်ကို မြှောက်ကာ
သူ့ရင်ဘတ်ကို ပုတ်လိုက်ရာ..

ဘမ်း...

ယန်ယွဲ့ ထံမှ ဆိုးယုတ်သော
အော်ရာတစ်ခု ပျံ့လွင့်သွားပြီးနောက်
သူ့ရှေ့၌

ထူးဆန်းသောနတ်ဆိုးတစ်ကောင်
ပေါ်လာသည်။

ချုန်းချီ ပါ။

ယန်ယွဲ့ သည်
ရွေးချယ်စရာမရှိတော့သောကြောင့်
ချုန်းချီကိုသာ
ဆင့်ခေါ်လိုက်ရတော့သည်။
အကြောင်းကတော့ လက်ရှိသူ့ခွန်အားက

နတ်စစ်သူကြီး ၂ ပါး နှင့်

နတ်စစ်သည်တော် အယောက် ၅၀

ကျော်အားရင်ဆိုင်ဖို့မလုံလောက်လို့ပါ။

ချုန်းချီ ပေါ်လာသည်နှင့် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

သူ့အမူအရာက ပြောင်းလဲသွားသည်

"ကလေး၊ အဲဒါက ဘာမှမဖြစ်ဘူးဆိုတာ

ငါသိတယ်"

ယန်ယဲ့ သည် ပခုံးတွန့်လိုက်ပြီး "နောက်ထပ် ဘာလုပ်နိုင်မလဲ။ ငါ့မှာ တခြားရွေးချယ်စရာမရှိဘူး"ဟုပြန်ပြော ပါသည်။

"ရွေးချယ်စရာမရှိဘူးလား၊ ငါ့ဖင်..." ချုန်းချီ က ဒေါသတကြီးအော်လိုက်ရင်း ခန္ဓာကိုယ်က ရုတ်တရက် တုန်ခါလာသည်။ထိုခဏလေးမှာပဲ ချုန်းချီ၏ခန္ဓာကိုယ်ဟာ

ပိုကြီးမားလာသည်။ သူ့ထံမှ
ထုတ်လွှတ်ထားသော အရှိန်အဝါက
ကြောက်စရာကောင်းလောက်အောင်ပင်။
မျက်စိတစ်မှိတ်အတွင်းမှာပဲ
ချုန်းချီ၏အရွယ်အစားက ယခင်ထက် ၅
ဆခန့်ပိုကြီးသွားသည်။.

ခန္ဓာကိုယ်အရွယ်အစား
ပြောင်းလိုက်သည့်နောက် ချုန်းချီက

ပတ်ပတ်လည်ကိုလှည့်ကြည့်ရင်း

ဟိန်းလိုက်သည်။

ဘောင်း.....

ဟိန်းသံ နောက်ကွယ်မှ

အလွန်တရာပြင်းထန်ကြမ်းတမ်းသော

အော်ရာတစ်ခုပါ ပျံ့လွင့်လာသည်။

တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်မှ

ထာဝရတန်ခိုးရှင်များအားလုံး

ကီလိုမီတာရာချီအထိလွင့်ထွက်သွားကြ
သည်။ မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ
၂ ယောက်ကတော့ မီတာ ၃၀၀
ဝန်းကျင်လောက်အထိ
ဆုတ်လိုက်ရသည်။

ဤနေရာရှိ လူတိုင်း၏
အမူအရာများသည် ချက်ချင်းပင်
ပြောင်းလဲသွားသည်။

အဘိုးအိုယန်ရှန်း က ချုန်းချီ ကို

စူးစူးစိုက်စိုက်ကြည့်ပြီး

"နယ်ခြားမိစ္ဆာသားရဲ"

ဟုရေရွတ်လိုက်သည်။

အမှန်တိုင်းပြောရလျှင် ယန်ယဲ့သည်

ဝှက်ဖဲတစ်ချပ် ထပ်ရှိနေဦးမည်ဟု သူ

မမျှော်လင့်ထားခဲ့ပေ။ ထို့အပြင်

ထိုဝှက်ဖဲက အစွမ်းထက်သန်မာသော

နယ်ခြားမိစ္ဆာသားရဲ့တစ်ကောင်ပါဖြစ်နေသေး၏။

သူတစ်ယောက်တည်းတော့ မဟုတ်ပါ။ ယန်ကလန်တစ်ခုလုံးက မျှော်လင့်ထားခြင်းမရှိဟုဆိုရပါမည်။

ယန်ယွဲ့၏ခန္ဓာကိုယ်သည် အနည်းငယ်တုန်ခါသွားပြီး သူ့အထဲ စိုက်ဝင်နေသောမြှားများကို ခါထုတ်လိုက်ရာ

သွေးစီးကြောင်း တစ်ဒါဇင်ကျော် ဖြန်းခနဲ ပန်းထွက်သွားသည်။ သို့ရာတွင် ယန်ယဲ့သည် ဂရုမစိုက်မပေ။ အကြောင်းမှာ မူလခရမ်းရောင်စွမ်းအင်ဟာ သူ၏ဒဏ်ရာများကို အလိုလိုကုသပေးနေလို့ပါ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက်

ချုန်းချီ၏ နောက်ကျောပေါ်

လျှပ်တပြက်ခုန်တက်ကာ "တိုက်ပွဲမှာပဲ

အချိန်ကုန်နေလို့မဖြစ်ဘူးထင်တယ်။

ငါတို့က

သတ်နေရင်းထွက်ပြေးမှရမယ်"ဟု

အသံဖြင့်ဆက်သွယ်ပြောလိုက်သည်။

ယနေ့လူမည်မျှပင်

သတ်ဖြတ်ခဲ့သည့်တိုင်

ထူးခြားမှု မရှိခဲ့ပေ။ အကြောင်းမှာ သူ၏

ရန်သူများကို ဖယ်ရှားလိုလျှင်

ယန်ကလန်တစ်ခုလုံးကို

သွေးချောင်းစီးစေမှသာ။သို့သော်လည်း

လက်ရှိသူ့ခွန်အားက မဖြစ်နိုင်ပေ။

ထို့ကြောင့်....

လုပ်စရာကား

ထွက်ပြေးဖို့သာကျန်တော့၏။

သူ၏ ရည်ရွယ်ချက်မှာ

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးမှ

ထွက်ခွာဖို့ပါ။ထို့နောက်

ယန်ကလန်၏နယ်နိမိတ်ထဲမှ

အပြီးတိုင်ထွက်သွားရပါမည်။ သို့မှသာ

သူ သည် အသက်ရှင်ဖို့သေချာပေမည်။

"ငါလည်းမသိဘူးထင်လို့လား" ချုန်းချီ

က

ဒေါသတကြီးပြောလိုက်သည်။

အနှီယန်ယဲ့  သူ့ကို ခေါ်လိုက်တိုင်း

ကောင်းတာတစ်ခုမှ မရှိလေရာ

သူ့စိတ်ထဲ၌

အတော်လေးကိုဒေါသထွက်နေ၏။

ထို့အပြင်

အချိန်တိုင်းရင်ဆိုင်ရသည့်အခြေအနေ

ဟာ နောက်ဆုံးအကြိမ်ထက်ပင်

အန္တရာယ်များလာသည်။

ဤအခိုက်အတန့်လေးအတိုင်းပင်။

သူသည် အထက်လောကမှ

နယ်ခြားမိစ္ဆာသားရဲ

တစ်ကောင်ဖြစ်သော်လည်း

အလယ်စကြာဝဠာမှ ကျင့်ကြံသူများကို

ဖိနှိပ်နိုင်သည်ဟု မဆိုလိုပါ။ အမှန်စင်စစ်

သူ့ရှေ့မှလူအုပ်စုဟာ

အလယ်စကြာဝဠာ၏

ထိပ်တန်းပညာရှင်များချည်းပါ။

"ထွက်ပြေးမလား" တစ်ချိန်တည်းမှာပဲ

အဘိုးအိုယန်ရှန်း၏ ပါးစပ်ထောင့်မှ

လှောင်ပြောင်သရော်မှုတစ်ခု

ထွက်ပေါ်လာပြီး "မင်းတို့က

ငါ့ယန်ကလန်ရဲ့ နယ်မြေထဲ

ရောက်နေတာတောင်

ထွက်ပြေးနိုင်မယ်လို့ ထင်နေသလား"

သူက ချန်းချီ ကို စိုက်ကြည့်ပြီး "မင်း

အဲဒါကို အားကိုးဖို့ စိတ်ကူးထားရင်

ငါပြောနိုင်တာက

မင်းအိပ်မက်မက်နေတာပဲ။ မင်းမှာ ဒီလို

နယ်ခြားမိစ္ဆာ ၅

ကောင်လောက်ရှိရင်တောင်

ငါ့ယန်ကလန်က

ပုရွက်ဆိတ်တွေလိုသတ်နိုင်တုန်းပဲ"

"ယန်မျိုးနွယ်လား" ချန်းချီ၏အသံက

လှောင်ပြောင်မှုအပြည့်ပါ။ သူက "မင်းရဲ့

ယန်ကလန်က အရှုးတွေနဲ့

ပြည့်နေတာလား။ ဒီကလေးက

လောကရဲ့ အထူးခြားဆုံး

ကံကြမ္မာကောင်းချီး ကို

ပိုင်ဆိုင်ထားတယ်။ ဒါဆို

ယန်မျိုးနွယ်ရဲ့အနာဂတ်က

အကန့်အသတ်မရှိနိုင်ဘူး။ ဒါ့အပြင်

နောင်မှာ အထက်လောကရဲ့

ထာဝရနတ်ဘုရားတွေကြားမှာတောင်

အဆင့်ဝင်တိုးဖို့ အခွင့်အရေးရှိနိုင်တယ်။

ဒါပေမဲ့ မင်းတို့အားလုံးက သူ့ကို သတ်ပစ်ဖို့ ကြိုးစားနေကြတယ်။ ဆိုတော့ကား မင်းတို့ယန်ကလန်က တကယ့်ကို အရူးတွေပဲ”

"ထာဝရနတ်ဘုရားလား" အဘိုးအိုယန်ရှန်းက ပါးစပ်ထောင့်၌ အေးစက်သောအပြုံးတစ်ခု နှင့် ပြန်ပြောသည် "အဲဒါ ဘာကြီးလဲ။ ဘယ်လောက်ရယ်စရာကောင်းလဲ။

ငါ့ရဲ့ယန်ကလန်က သူ့ကို
အားကိုးရမှာလား။ တကယ့်ကို
ရယ်စရာကောင်းလိုက်တာ”

"မင်းက ရယ်စရာကောင်းတာလေ။
လူမိုက်ပဲ" ချုန်းချီ က ကျိန်ဆဲလိုက်သည်
"မင်းတို့ ယန်ကလန်က လူမိုက်တွေလေ။
ဒီကလေးဟာ ကြီးမြတ်တဲ့ကံကြမ္မာကို
ပိုင်ဆိုင်ရုံတင်မကဘူး၊ သူ့မှာ ကြီးမြတ်တဲ့
ကံတရားတွေပါရှိတယ်။ မင်းတို့

ယန်ကလန်က သူ့ကိုသတ်လိုက်ရင်

ငါပြောတာကိုယုံပါ၊ ယန်ကလန်က

ဆိုးဆိုးရွားရွား ဒုက္ခရောက်လိမ့်မယ်။

မဟုတ်ဘူး၊ သူသေရင်

မင်းတို့ယန်ကလန်က ပြီးသွားပြီ"

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်

ချုန်းချီ၏ ကျောပြင်ကို

တစ်ချက်ပုတ်ကာ "အစ်ကိုချုန်းချီ၊

ငါသေရင် သူတို့ ငါ့ကိုယ်စား

တကယ်လက်စားချေမှာလား"ဟုမေးလို
က်သည်။

"မင်းဘယ်လိုထင်လဲ" ချုန်းချီက
ဒေါသတကြီးပြောသည်။
“မင်းအဖေနဲ့မတူဘူး။ အဲဒီအရာက
မင်းအဖေကို အသိအမှတ်မပြုပေမယ့်
မင်းကိုအသိအမှတ်ပြုတယ်။ ဒါ့အပြင်
အဲဒီတည်ရှိမှုက မင်းကို
မငြင်းဆန်ခဲ့ဘူးလေ။ ဘာလို့လဲဆိုတော့

အဲဒီမိန်းကလေးကိုတောင်

အိမ်ပြန်ပို့ပေးဖို့တောင်းဆိုထားတာပဲကြ

ည့်။ဒါဟာ မင်းကို

အသိအမှတ်ပြုတယ်ဆိုတာ

သက်သေပြတယ်။ အဲဒါက ဘာကို

ကိုယ်စားပြုလဲ သိလား။ မင်းမှာ

ကြောက်စရာကောင်းတဲ့

ကျောထောက်နောက်ခံတစ်ခု

ပိုင်ဆိုင်တာကို ကိုယ်စားပြုတယ်”

May Be:

၂၀၂၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၉ - ပြင်းထန်သောတိုက်ပွဲ

"အစွမ်းထက်တဲ့ကျောထောက်နောက်ခံ
လား" ယန်ယွဲ့သည် ခဏမျှ
အံ့အားသင့်သွားပြီးမှ

"ငါ့ဖင်ကြီးကိုအုပ်စုတစ်အုပ်စု။
ငါသေခါနီးနေပြီ၊
ဘာလို့ဒီမှာမရှိတာလဲ။တစ်
ယောက်ဆိုရင်တောင် လုံလောက်မယ်
"ဟူ၍ ကျိန်ဆဲပါတော့သည်။

ချုန်းချီ က ရုတ်တရက်
ငြိမ်သက်သွားသည်။

အချိန်အနည်းငယ်ကြာမှ

သူကထပ်ပြောလိုက်သည်။

“အဲဒီတည်ရှိမှုရဲ့ ခွန်အားကို

အခြေခံရင်တော့ လက်ရှိမင်းက

နဂါးငွေ့တန်းကြယ်စင်စု ကို

ရောက်နေပြီဆိုတာ သိနေလောက်ပြီ။

သူ့ကိုယ်သူ မပြသေးတာက

တံခါးပိတ်ကျင့်ကြံနေတာ ဒါမှမဟုတ်

တစ်ခုခုကြောင့်နှောင့်နှေးနေတာပဲဖြစ်ရမ

ယ်။ ဘာပဲဖြစ်ဖြစ်

ကြောက်စရာမရှိပါဘူး။ မင်းသေရင်

တစ်စုံတစ်ယောက်က မင်းကိုယ်စား

လက်စားချေလိမ့်မယ်။ ဒါပေမဲ့ ငါသေရင်

ဘယ်သူက လက်စားချေမလဲ။

ငါမင်းကိုသိခဲ့တဲ့နှစ်တွေထဲမှာ

ငါ့ဘဝရဲ့အဆိုးဆုံးနှစ်တွေနဲ့

ကံဆိုးဆုံးနှစ်တွေပဲ”

ယန်ယဲ့ သည် ရှက်ရွံ့စွာ ပြုံးလိုက်သည်။

သူသည် အတော်လေးရှက်ရွံ့နေသည်က အမှန်ပင်။ ချုန်းချီ အတွက် သူ့နောက်ကိုလိုက်လာကတည်းက အကြိမ်ကြိမ်သေဆုံးလုနီးပါးဖြစ်ခဲ့တာပါ ။ သို့သော် သူသည် ၎င်းနှင့် ပတ်သက်၍ ဘာမှ မလုပ်နိုင်ခဲ့ပေ။

"အပိုစကားတွေတော်သင့်ပြီ" ထိုအချိန်တွင် အဘိုးအိုယန်ရှန်း က ဒေါသတကြီးအော်ငေါက်လိုက်သည်။

“ဒီနေ့ မင်းတို့ထဲက ဘယ်သူမှ
မလွတ်နိုင်ဘူး”

စကားပြောပြီးသည်နှင့်
တိုက်ခိုက်ရန်ပြင်လိုက်၏။
သို့သော်လည်း ယန်ယဲ့ သည် ချုန်းချီ၏
နောက်ကျောကို တစ်ချက်ပုတ်ကာ
"မတိုက်ခိုက်ပါနဲ့။ လောလောဆယ်

အရင်ပြန်ဆုတ်ကြရအောင်"ဟုပြောလို

က်၏။

ချုန်းချီ က အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ ယန်ယဲ့ကို

သူ့နောက်ကျောပေါ်တင်ထားရင်း

ခုန်ထကာ ကောင်းကင်ဆီသို့

ထိုးတက်သွားသည်။

လှုပ်ရှားမှုအရှိန်က လုံးဝကို
မြန်ဆန်ပါသည်။

အကြောင်းမှာ ယန်ယဲ့၏ ထာဝရအဆင့်
ရုပ်ခန္ဓာပင်လျှင်
ကွဲအက်လုနီးပါးဖြစ်နေသည်ဟု
ခံစားရလို့ပါ။ ၎င်းသည်
ကြောက်စရာကောင်းသော
အရှိန်ကြောင့်ပင်။

ယန်ယဲ့ နှင့် ချုန်းချီ

ထွက်ပြေးသွားသည်ကို

မြင်လိုက်သောအခါ အဘိုးအိုယန်ရှန်း၏

ပါးစပ်ထောင့်မှ

လှောင်ပြောင်သရော်မှုတစ်ခု

ထွက်ပေါ်လာသည်။ သို့သော်လည်း

မည်သူမျှ မလှုပ်ရှားကြပေ။

ချုန်းချီ နှင့် ယန်ယဲ့ တို့နှစ်ယောက်

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးမှထွ

က်လာကာနီးတွင်

ကြယ်တာရာကောင်းကင် အဝေးဆီမှ

အဝေးမှ အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာ၏ “လာတဲ့နေရာကို

ပြန်သွားစမ်း”

အသံ ပဲ့တင်ထပ်လာသည်နှင့် တပြိုင်နက်

သူတို့အပေါ်ကနေ

ရောမတောင်တန်းကြီးပေါ်လာသည်။

တောင်တန်းကြီးမှ

အလွှန်တရာပြင်းထန်သော

ဖိအားလှိုင်းတစ်ခု ထွက်လာပြီး နှစ်ယော

က်စလုံး နေရာမှာပင် ရပ်သွားခဲ့သည်။

တောင်တန်းကြီးက

ခဏမျှရပ်သွားပြီးနောက် ရုတ်တရက်

ဆင်းသက်လာသည်။

ယန်ယဲ့၏ အမူအရာသည် ချက်ချင်း

ပြောင်းသွားသည်။ ထိုအချိန်တွင် ချုန်းချီ

က အထက်ခုန်တက်ကာ

ရောမတောင်ကြီးကို

ပြေးဆောင့်လိုက်သည်။

ဂျိန်း.....ဘမ်း....

တောင်ကြီးက

အပိုင်းပိုင်းကွဲသွားသော်လည်း ယန်ယဲ့

နှင့် ချုန်းချီ ဟာ မြေပြင်ပေါ်သို့

ပြုတ်ကျသွားတော့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

နှစ်ယောက်စလုံး

ငြိမ်သက်ခြင်းမြို့ပေါ်သို့

ပြုတ်ကျလာခဲ့သည်။

အုန်း....

ကမ္ဘာပျက်

လျောင်လှူပ်ခတ်သွားသည့်အလား

ငြိမ်သက်ခြင်းမြို့တော်တစ်ခုလုံး

ပြင်းထန်စွာ လှုပ်ခါသွားသည်။

အဘိုးအိုယန်ရှန်း က ထိုမြင်ကွင်းကို

ကြည့်ကာ အေးစက်စွာ

ရယ်မောလိုက်၏။ " ထွက်ပြေးမလား ။

ဘယ်ကိုပြေးမှာလဲ"

ချုန်းချီ က "ကလေး၊

ငါတို့မလွတ်နိုင်ဘူး။ ငါတို့ အခု

ဘာလုပ်သင့်လဲ"

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး

အဘိုးအိုယန်ရှန်း ကို မော့ကြည့်ကာ

"သူ့ကို အရင်သတ်ရအောင်"

"ပြဿနာမရှိဘူး" စကားပြောပြီးသည်နှင့်
ချုန်းချီ က ယန်ရှန်း ဆီသို့
ခုန်ဝင်သွားလေတော့သည်။

ယန်ယဲ့ နှင့် ချုန်းချီ တို့
တိုက်ခိုက်လာသည်ကိုမြင်သောအခါ
အဘိုးအိုယန်ရှန်း၏ အမူအရာသည်
ပြောင်းလဲသွားသည်။
သူ့ဘယ်ဖက်လက်ဝါးကို
လှန်လိုက်သည်နှင့် သူ့လက်ထဲ၌

ဓားတစ်ချောင်း ပေါ်လာသည်။ ထို့နောက်

ဓားကိုတင်းတင်းဆုပ်ကိုင်ကာ

အဆက်မပြတ်ဝှေ့ယမ်းလိုက်သည်။

ဓားထိပ်ဖျားမှ

စူးရှသောဓားအလင်းတန်းတစ်ခု

ထွက်လာ၏။

ချုန်းချီက သူ့သဘာဝအတိုင်း

ရှောင်တိမ်းရန် မကြိုးစားခဲ့ပေ။

သူ၏ခြသေ့်လက်သည်းကို

မြှောက်လိုက်ပြီး ဓားစွမ်းအင်ကို

ဖြတ်ရိုက်ချလိုက်သည်။

ခွမ်း...

ထိုအခိုက်တွင် အဘိုးအိုယန်ရှန်း၏

ဓားစွမ်းအင်က ချက်ချင်း

ကွဲထွက်သွားသည်။တစ်ချိန်တည်းမှာပင်

ချုန်းချီ က အဘိုးအိုယန်ရှန်း ရှေ့သို့

ချက်ချင်းရောက်ရှိလာသည်။

ယန်ရှန်း၏ အမူအရာမှာ သိသိသာသာ

ပြောင်းလဲသွားပြီး သူ့လက်ထဲမှ ဓားကို

မြှောက်ကာ အမြန်ပိုင်းချလိုက်သည်။

ဘမ်း....

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာ၏။ အဘိုးအိုယန်ရှန်း၏

ဓားက အပိုင်းပိုင်း ကွဲကြေသွားသည်။

တစ်ဆက်တည်း

ချုန်းချီးခြေသည်းများက သူ့ရင်ဘတ်ကို

တည့်တည့်ရိုက်ချလိုက်ပါတော့သည်။

အဘိုးအိုယန်ရှန်းက ပါးစပ်ထဲမှ

သွေးများ ဖြန်းခနဲ အန်ထွက်လာပြီး ၁၀

ကီလိုမီတာ အကွာထိ

လွင့်ထွက်သွားသည်။

ယန်ယွဲ့ နှင့် ချုန်းချီ က

နောက်တစ်ကြိမ်တိုက်ခိုက်ရန်

ပြင်လိုက်ကြသည်။ ထိုအချိန်တွင်

ချုန်းချီ၏နောက်ကျောဖက်မှ

လှံတစ်ချောင်း ရုတ်တရက်

ရောက်လာသည်။ ယန်ယွဲ့ သည်

သစ်သားဓားကို မြှောက်လိုက်ပြီး

ခုတ်ပိုင်းလိုက်သည်။

ဘမ်း...

လှိုက ကွဲထွက်သွားသော်လည်း

မြှားအစင်း ၃၀ ခန့်ကောင်းကင်မှ

ရုတ်တရက် ဆင်းသက်လာသည်။

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ရှိ

ထာသရတန်ခိုးရှင်များက

ရှေ့ပြေးတက်လာကာ

ထပ်မံဝိုင်းထားကြသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ခဏအကြာတွင် သူသည် ကောင်းကင်ပြင်ရှိ လေးတပ်သားများကို စိုက်ကြည့်ကာ "အရင်သတ်လိုက်ကြတာပေါ့"ဟုပြောလိုက်သည်။

လေးတပ်သားများက သူတို့အတွက် ဒုက္ခအများဆုံးပါ။ အကြောင်းကတော့

အငယ်ကနေတိုက်ခိုက်ရသဖြင့်

အချိန်တိုင်း

မြှားပစ်လွှတ်ဖို့အကောင်းဆုံးပင်။

ထို့အပြင် ပြဿနာအများဆုံးက မြှားဟာ

သူ၏ရုပ်ခန္ဓာအကာအကွယ်ကို

ထိုးဖောက်နိုင်လို့ပါ။

ချုန်းချီ က ယန်ယွဲ့၏စကားကို

ကြားလိုက်သည်နှင့် ရှေ့ခြေနှစ်ချောင်းကို

မြေပေါ်ထောက်ကာ ခုန်ထလိုက်သည်။

ဘမ်း....

ပေါက်ကွဲသံကြီးတစ်ချက်ထွက်ပေါ်လာ၏။ ထို့နောက် တန်ပြန်အားကိုယူပြီး အနက်ရောင်အလင်းတန်းအဖြစ်ပြောင်းလဲကာ လေးတပ်သားများထံ ပြေးဝင်သွားသည်။

သူတို့ရှေ့ တားဆီးလိုက်သူများ ရှိသော်လည်း ယန်ယဲ့ သည် သစ်သားဓားကိုတစ်ချက်ယမ်းလိုက်ရုံသာ။ မည်သူမျှ သစ်သားဓားကို မခုခံနိုင်ပေ။

ထိုအချိန်တွင် အဘိုးအိုယန်ရှန်း က ဒေါသတကြီး အော်ဟစ်လိုက်သည် "သူတို့ကို တားကြစမ်း"

အမိန့်ပေးသံ ထွက်လာသည်နှင့်

အဘိုးအိုယန်ရှန်း နှင့်

မူလနတ်ဘုရားအဆင့်အဘိုးအိုက

ယန်ယဲ့ နှင့် ချူန်းချီ

ဆီသို့ခုန်ဝင်သွားကြသည်။

ထိုအချိန်တွင် ယန်ယဲ့က "သူတို့

ခဏအချိန်ဆွဲထားပေး"

ဟုပြောပြီး ချုန်းချီ၏နောက်ကျောကို

ခြေတစ်ချက်ဆောင့်ကာ နေရာတွင်ပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ထိုခဏလေးမှာပဲ သူသည်

လေးတပ်သားများကြား ပြန်ပေါ်လာ၏။

ထို့နောက်တွင် မရေမတွက်နိုင်သော

ဓားစွမ်းအင်များက ပတ်ဝန်းကျင်ဆီသို့

ဖြာထွက်သွားသည်။

အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းပါ။

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ

တရကြမ်းတိုက်ခိုက်ပြီး

သတ်ဖြတ်ပစ်လိုက်တော့သည်။

လေးတပ်သားများက

အဝေးတိုက်ခိုက်ရာတွင်

အားကောင်းသော်လည်း

အနီးကပ်တိုက်ခိုက်ရေးစွမ်းအားကတော့

အားနည်းလှသည်။ ထို့ကြောင့် ယန်ယဲ့ ကို

မတားနိုင်ခဲ့ပေ။ သို့သော်လည်း သံချပ်ကာတပ်ဖွဲ့ နှင့် လုံတပ်ဖွဲ့က ချက်ချင်းပင် ပြေးလာပြီး ယန်ယဲ့ကို ဝိုင်းထားကြသည်။ အသက်ရှင်ကျန်ရစ်သော လေးတပ်သားများ ကတော့ ယန်ယဲ့နှင့်အဝေးသို့ ဆုတ်သွားကြသည်။

ထိုအချိန်တွင် ချုန်းချီက မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက်ကို တားဆီးထားခဲ့သည်။ ချုန်းချီ
က သာမန်ထက်ထူးခြားသော
ခုခံအားများနှင့် အရှိန်အဟုန်
ပိုင်ဆိုင်ထားလေရာ
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂
ယောက်ကို ထိန်းထားနိုင်သည်။

ယန်ယဲ့ သည် ချုန်းချီ ကို
ဂရုမစိုက်တော့ဘဲ သူ၏ဓားကို
အဆက်မပြတ်ဝှေ့ယမ်းလိုက်ပါတော့သ

ည်။ တိုက်ခိုက်မှုတစ်ခုစီတိုင်းဟာ

တပ်သားတစ်ယောက်စီကို

သေရင်သေမသေရင်တော့

ဒုက္ခိတဖြစ်သွားစေခဲ့သည်။

ခဏအကြာတွင်တော့ နတ်စစ်သည်တော်

၇၂ ဦးအနက် ၃၀ အောက်သာ

ကျန်ခဲ့သည်။ သို့သော်လည်း ယန်ယဲ့

သည် ထပ်ပြီးဒဏ်ရာရသွားပြန်သည်။

သူ့ရင်ဘတ်၊ ဒူးနှင့် ပခုံးနှစ်ဖက်လုံး

ရွှေရောင်မြှားများ စိုက်ဝင်နေခဲ့သည်။

သို့သော် ယန်ယွဲ့အတွက်

ဘာမှမဖြစ်သည့်အလား

အရူးတစ်ယောက်လို သတ်နေဆဲပင်။

ထိုအချိန်တွင် အဘိုးအိုယန်ရှန်း က

အထက်တစ်နေရာကို မော့ကြည့်ပြီး "မင်း

မကျူညီသေးဘူးလား။ မင်း

ငါတို့သေတာကို
ကြည့်နေချင်တာလား"ဟုပြောလိုက်လေ
သည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
အပေါ်စီးမှ အသံတစ်သံ ထွက်လာသည်
“မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂
ယောက်နဲ့နတ်စစ်သည်တော် ၇၂
ယောက်ကတောင်
ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူကို မသတ်နိုင်ဘူးလို့

ငါမမျှော်လင့်ထားခဲ့ဘူး"

ဘမ်း....

သို့သော် ပေါက်ကွဲသံသည်

အဆုံးမဟုတ်သေးပါ။

ရွှေရောင်ချပ်ဝတ်တပ်စုတစ်စုနှင့်

မြင်းတပ်ဖွဲ့ကြီးတစ်ခု ချက်ချင်း

ပေါ်လာသည်။ တစ်ချိန်တည်းတွင်

သူတို့၏

လက်နက်များက

ယန်ယဲ့ထံစုပြုံတိုးသွင်းလာခဲ့သည်။

ထိုအချိန်တွင်

ရွှေရောင်အလင်းတန်းတစ်ခု

လင်းလက်လာပြီးနောက်

ယန်ယဲ့၏ရှေ့တွင် အမျိုးသမီးတစ်ဦး ပေါ်လာသည်။

ထိုအမျိုးသမီးက အန်နန်ကျင်း ပင်တည်း။

အပြင် ရောက်လာလာချင်း ယန်ယဲ့၏ အခြေအနေကို မြင်လိုက်သောအခါ အန်နန်ကျင်း သည် အနည်းငယ်မျက်နှာပျက်သွားသည်။

ခဏအကြာတွင် ယန်ယဲ့အား

ဝိုင်းရံထားသော ထာဝရတန်ခိုးရှင်များကို

လှည့်ကြည့်လိုက်ပြီးနောက်

ညာခြေကိုဆောင့်ကာ

ရွှေရောင်အလင်းတန်းအဖြစ်ပြောင်းသွား

သည်။ ရွှေရောင်အလင်းတန်းသည်

နေရာမှာပင် ပျောက်သွားခဲ့သည်။

ဆူး....

အန်နန်ကျင်း

ပျောက်ကွယ်သွားသည့်အခိုက်

ရွှေရောင်လုံတစ်ချောင်းက

ထာဝရတန်ခိုးရှင်တစ်ပါး၏ ခေါင်းကို

ဖောက်ဝင်သွားသည်။ အန်နန်ကျင်းက

ထိုလူ၏နောက်၌ရှိနေခဲ့သည်။

တစ်ဆက်တည်း မိုးကောင်းကင်ခွဲလှံကို

ကိုင်လိုက်ပြီး ဘယ်ဖက်သို့ လျင်မြန်စွာ

လှည့်ထိုးလိုက်သည်။

ဆူး....

ရွှေရောင်အလင်းတန်းတစ်ခု
လင်းလက်လာပြီး သူမ၏ဘယ်ဖက်ရှိ
ထာဝရတန်ခိုးရှင်ဟာ ချက်ချင်းပင်
ထုတ်ချင်းဖောက်သွားသည်။

ထိုအချိန်တွင် အန်နန်ကျင်းက
အဆိုပါလူ၏ နောက်ကွယ်မှ ပေါ်လာပြီး
ညာခြေကို မြေပေါ်ဆောင့်ကာ လေထဲသို့

ပျံတက်သွားသည်။ ထို့နောက်တွင် မိုးကောင်းကင်ခွဲလုံကို လေထဲပစ်တင်ကာ ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။

ဂူး.....

မိုးကောင်းကင်ခွဲလုံ က ရွှေရောင်အလင်းတန်းတစ်ခုသဖွယ် ပြောင်းလဲကာ ဖျတ်ခနဲ ပျောက်ကွယ်သွားခဲ့သည်။

ဆူး…

ခဏအကြာတွင် မိုးကောင်းကင်ခွဲလုံ့က မြင်းတပ်သားခေါင်းဆောင်၏ ခေါင်းကို ထိုးဖောက်သွားသည်။ ထိုအချိန်တွင် အန်နန်ကျင်းက

၎င်း၏နောက်မှပေါ်လာပြီး

ခေါင်းကို ကန်ထုတ်လိုက်သည်။

ဘုန်း...

မြင်းတပ်သားခေါင်းဆောင်၏ ခေါင်းက

ချက်ချင်းဆိုသလို

ပေါက်ကွဲထွက်သွားသည်။

ဆူး...

ထိုခဏလေးမှာပဲ ယန်ယွဲ့၏

နောက်မလှမ်းမကမ်းမှ

ထာဝရတန်ခိုးရှင်တစ်ပါး၏ခေါင်းက

ထိုးဖောက်ခံလိုက်ရပြန်သည်။

သို့သော်လည်း အန်နန်ကျင်းက

ဖျတ်ခနဲပျောက်သွားပြီး အခြားသော

ထာဝရတန်ခိုးရှင်၏

နောက်ကွယ်၌ပေါ်လာပြန်သည်။

May Be:

၂၀၃၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၀ -

မဟာနတ်ဗိုလ်ချုပ်ယန်လင်း

ရောက်လာခြင်း

ထိုအချိန်တွင် ကောင်းကင်ထက်မှ

ရွှေရောင်မြွားပေါင်းများစွာ ရုတ်ချည်း

ဆင်းသက်လာသည်။ အန်နန်ကျင်း၏

အမူအရာသည် အပြောင်းလဲမရှိဘဲ

မိုးကောင်းကင်ခွဲလှံကို မြောက်ကာ

ထပ်ခါထပ်ခါ ထိုးသွင်းလိုက်သည်။

ထန်....ထန်........

ရွှေရောင်မြှားများက

မိုးကောင်းကင်ခွဲလှံဖြင့်

အပိုင်းပိုင်းရိုက်ချိုးခံလိုက်ရသည်။

အန်နန်ကျင်းက ရုတ်ချည်းပင်
အထက်ခုန်တက်ကာ
လေးတပ်သားများဆီသို့
ပြေးဝင်သွားသည်။

ဝှစ်....

မိုးကောင်းကင်ခွဲလို့ က
ရွှေရောင်အလင်းတန်းများ
တောက်ပလျက် လေထုကိုဆုတ်ဖြဲကာ

ရှေ့ဆုံးမှ လေးတပ်သားကို
ထိုးသွင်းလိုက်သည်။

ဝုန်း....

လေးတပ်သားက မိုးကောင်းကင်ခွဲလှံကို
မြင်လိုက်သောအခါ
သူ့မျက်နှာကချက်ချင်းဖျော့တော့သွားသ
ည်။

သူသည်
လှုံ့ထိုးသွင်းလာသည်ကိုမြင်သော်လည်း
မရှောင်နိုင်တော့ပေ။

ထိုအချိန်တွင် အဘိုးအိုတစ်ဦးသည်
ထိုလေးတပ်သား ရှေ့မှ ပေါ်လာသည်။
ထို့နောက် သူ၏လက်တစ်ဖက်ကိုဆန့်ကာ
လက်သီးဆုပ်အရွယ်
နဂါးပုံသဏ္ဍာန်တံဆိပ်တစ်ခု
ပစ်လွှတ်လိုက်သည်။ နဂါးတံဆိပ်က

ရှေ့သို့ ပျံထွက်လာပြီး

မိုးကောင်းကင်ခွဲလုံကို ထိမှန်သွား၏။

မိုးကောင်းကင်ခွဲလုံက

တစ်ချက်တုန်ခါသွားပြီး

နောက်ပြန်ကန်ထွက်ခါသည်။

အန်နန်ကျင်း၏ အမူအရာသည်

အပြောင်းလဲတော့မရှိပေ။

ယခင်အတိုင်းတည်ငြိမ်နေ၏။

သူမလက်ကိုဆန့်လိုက်ပြီး

မိုးကောင်းကင်ခွဲလို့ ကို

ဖမ်းယူလိုက်သည်။

သို့သော်လည်း

ထပ်ပြီးမတိုက်ခိုက်တော့ပေ။ ယန်ယဲ့

ဆီသို့ လျှောက်သွားကာ

"ငါနောက်ကျနေပြီ"ဟုတိုးတိုး

လေးပြောလိုက်သည်။

ယန်ယဲ့ သည် ခေါင်းခါလိုက်ပြီး
“အဆင်ပြေပါတယ်။ ဒါကို
ကိုင်တွယ်ဖြေရှင်းနိုင်တုန်းပါပဲ”
စကားပြောနေရင်းဖြင့် သူ့ခန္ဓာကိုယ်ကို
လှုပ်လိုက်ရာ မြှားပေါင်းများစွာ
ကျွတ်ထွက်လာခဲ့သည်။ ထိုအချိန်တွင်
သူ၏ခန္ဓာကိုယ်က သွေးများ
တလဟောပန်းထွက်လာသည်။

အန်နန်ကျင်း က ခေါင်းကို
အနည်းငယ်ငုံ့ကာ "ဘာလို့ ငါ့ကို
မခေါ်တာလဲ"ဟုထပ်ပြောသည်။

ယန်ယဲ့ က ပြုံးပြီး “မင်းက
တံခါးပိတ်ကျင့်ကြံနေတာလေ။ ငါ
မင်းကို
မနှောင့်ယှက်ချင်ဘူး"ဟုပြန်ပြောခဲ့သည်။

အန်နန်ကျင်း က ယန်ယွဲ့ကို ကြည့်ကာ
"ဒါက နင့်လောက် အရေးပါလို့လား"

ယန်ယွဲ့ သည် ခါးသက်သက်
ရယ်မောလိုက်ရင်း “ကောင်းပြီ၊ ငါ
ထပ်မလုပ်တော့ဘူး။
အဆင်ပြေလား"ဟုပြောလိုက်ပါသည်။

အန်နန်ကျင်း က ယန်ယွဲ့အား
အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်

ခေါင်းညိတ်လိုက်သည်။ ထို့နောက်
သူမက ယန်ယဲ့နောက်သို့
လိုက်လာခဲ့သည်။

အုန်း....

ထိုအချိန်တွင် အဝေးမှ
ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာသည်။ ထို့နောက်တွင်တော့
ချုန်းချီ နှင့် တိုက်ခိုက်နေသော

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂
ယောက်ထဲမှ တစ်ယောက်က
လွင့်ပျံထွက်လာသည်။

ထိုအချိန်တွင် ချုန်းချီ က
ယန်ယွဲ့၏နံဘေး၌ ပြန်ပေါ်လာသည်။

ယန်ယွဲ့ သည် ချုန်းချီကို
တစ်ချက်ကြည့်ပြီးနောက်
အစောပိုင်းလေးကမှ အန်နန်ကျင်း၏

လှုံ့ချက်ကို

တားလိုက်သူအားကြည့်လိုက်သည်။

၎င်းက ခရမ်းရောင်ဝတ်ရုံအဘိုးအို

တစ်ဦးပါ။ သူ့ရှေ့တွင်

လက်သီးဆုပ်အရွယ် နဂါးပုံသဏ္ဍာန်

တံဆိပ်တုံးတစ်ခု လွင့်မျောနေပါသည်။

အဘိုးအိုက အခြားသူမဟုတ်ပေ၊

ထိုနေ့က ယန်ကဲဝူ နှင့်အတူ သူ့အား

လာကယ်ခဲ့သော အဘိုးအိုယန်လင်းပါ။

သူသည် နတ်စစ်သူကြီး ၇ ယောက်၏ ခေါင်းဆောင်ဖြစ်ခဲ့သည်။

အဘိုးအိုယန်လင်း က ယန်ယဲ့၊ အန်နန်ကျင်း နှင့် ချုန်းချီ ကို တစ်ချက်ကြည့်လိုက်သည်။သူသည် ခဏမျှ နှုတ်ဆိတ်နေပြီးမှ ခေါင်းယမ်းကာ “နတ်စစ်သည် ၇၂ ဦးနဲ့ မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂ ယောက်။ ဒါဟာ အခြေအနေကို

အလွယ်လေးထိန်းချုပ်နိုင်တယ်လို့ပဲထင်

ထားခဲ့တာ။ ဒါပေမယ်လို့

လက်တွေမှာကျ နတ်စစ်သည်တော် ၇၂

ယောက်လုံးသေသွားတာတောင် မင်းကို

မသတ်နိုင်သေးဘူးပဲ။ တကယ်ပါပဲ၊

မင်းရဲ့ခွန်အားနဲ့ ဝှက်ဖဲတွေက

ငါတို့အားလုံးကို ထိတ်လန့်စေတယ်"

ဟူ၍ ပြောလိုက်သည်။

ယန်ယဲ့က ဘာမှမထူးခြားဘဲ

"ပြီးတော့...."

အဘိုးအိုယန်လင်း က "တကယ်လို့ ...

မင်းမှာ ဒီလို ခွန်အားတွေနဲ့ ဂှက်ဖဲတွေ

ရှိတယ် ဆိုတာ ငါတို့ သိခဲ့ရင် မင်းနဲ့

ရင်ဆိုင်ဖို့ တခြားနည်းလမ်းကို

အသုံးချခဲ့တာ ဖြစ်နိုင်ပါတယ်။

ငါတို့သာမဟုတ်၊ ယန်ကလန်ထဲက

ကြားနေလူတွေတောင် မင်းကို ဆန့်ကျင်ဖို့ ငါတို့ကို ခွင့်မပြုဘူး။ အခုကတော့…”

သူသည် ယန်ယဲ့ ကို စိုက်ကြည့်ပြီး “စိတ်တော့မကောင်းပါဘူး၊ အခုက မင်းသေရမယ်။ အဲဒီ ကြားနေ အပေါင်းအသင်းတွေတောင် မင်းကို သတ်ဖို့ ရွေးချယ်လိမ့်မယ်”

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

အဘိုးအိုယန်လင်းက “မျိုးနွယ်စုက

ရန်လိုတဲ့လူကို ဘယ်တော့မှ

အသက်ဆက်ရှင်ခွင့်မပေးတဲ့အတွက်ပါ။

အထူးသဖြင့်တော့ အဲဒီလူက

သဘာလွန်ဆန်တဲ့အရည်အချင်းနဲ့

အလားအလာကောင်းတွေပိုင်ဆိုင်ထား

တာပေါ့။ နောက်ဆုံးတော့ မင်းဟာ

မျိုးနွယ်အပေါ်အမုန်းတရားတွေ မထားဖို့

မဖြစ်နိုင်ဘူး မဟုတ်လား"

ယန်ယဲ့ က ပြုံးလိုက်သည်။

“ဘနားလည်ပါတယ်။ တကယ်တော့ ငါက ယန်မျိုးနွယ်အပေါ် မုန်းတီးမှု မရှိဘူး။ ဟုတ်ပါတယ်၊ ငါလည်း မျိုးနွယ်နဲ့ ပတ်သက်မှု မရှိဘူး။ ဒါပေမယ်လို့ မင်းတို့အားလုံးက ငါ့ကို ပြန်လာစေချင်တယ်။ ပြန်မလာလာအောင်အတင်းအကြပ်ဖိအားပေးတယ်။ ငါပြန်လာတာနဲ့

အဲဒီသခင်ငယ်တွေအားလုံးက ငါ့ကို သတ်ပစ်ချင်ကြတယ်။ သဘာဝအတိုင်း ငါက

ပြန်တိုက်ခိုက်ရမှာပဲလေ။ ဒီတော့ ငါပြန်ခုခံပြီး ငါ့ရဲ့ ခွန်အားနဲ့ စွမ်းရည်တွေကို ထုတ်ဖော်လိုက်တာနဲ့ ယန်ကလန်ရဲ့အထက်အာဏာပိုင်တွေက ငါ့ကို သတ်ပစ်ချင်ကြတယ်။ ပြောရရင်

မင်းတို့အားလုံးက ယုတ်ညံ့တဲ့နည်းလမ်းမျိုးစုံသုံးနေတာပါ”

ထို့နောက် ယန်ယဲ့ သည် ကောင်းကင်ကို မော့ကြည့်လိုက်ပြီး "ငါယန်ယဲ့၊ ကြင်နာမှုနဲ့ ရန်ငြိုးကို ရှင်းရှင်းလင်းလင်း ခွဲခြားထားတယ်။ ငါ့ကိုမစော်ကားရင် မစော်ကားပါဘူး။ ယန်ကလန်က ငါ့ကို ဒီလို ဆက်ဆံတဲ့အတွက် ဒီနေ့ ငါမသေခဲ့ရင် နောင်မှာ ယန်ကလန်က

အဆာတစ်ရာ ပေးဆပ်ရမယ့်နေ့

ရောက်လာလိမ့်မယ် လို့ ကျိန်ဆိုတယ်”

အဘိုးအိုယန်လင်းက ရုတ်တရက်

ပြောခဲ့သည် "ဒါက မင်းကိုသတ်ဖို့

ငါတို့ရဲ့စိတ်ပိုင်းဖြတ်မှုကို

ပိုပြီးတွန်းအားပေးတယ်"

ယန်ယွဲ့ သည် တဟားဟား

ရယ်မောလိုက်ပြီး “မင်းတို့အားလုံး ငါ့ကို

သတ်ဖို့ ကြိုးစားနေတာလေ။

ဒူးထောက်ပြီး သနားဖို့ တောင်းပန်ရင်

ယန်ကလန် က ငါ့ကို

အသက်ရှင်ခွင့်ပေးမယ်လို့တော့ မပြောနဲ့"

အဘိုးအိုယန်လင်း က ခဏမျှ

တိတ်ဆိတ်သွားပြီး

ခေါင်းယမ်းလိုက်သည်။ “ငါတို့

မလုပ်နိုင်ဘူး။ အခု မင်းက

ထွက်လမ်းမရှိတော့ဘူးထင်ပါတယ်။

ဒါဟာ မျိုးနွယ်စုအတွက်လည်း

အတူတူပင်ပါပဲ။ ဘာကြောင့်လဲဆိုတော့

မျိုးနွယ်စုက မျိုးနွယ်အပေါ် ရန်လိုတဲ့

ပါရမီရှင်ကို မလိုချင်လို့ပဲ။ ဒါဆို

မင်းဒီနေ့သေရမယ်"

ယန်ယဲ့ သည် သူ့ဘေးနားမှ

အန်နန်ကျင်းကို စိုက်ကြည့်ရင်း

"မင်းကြောက်နေသလား"

အန်နန်ကျင်း က သူ့ကို ကြည့်ပြီး "ငါ ဘယ်တုန်းက ကြောက်ဖူးလဲ"

ယန်ယဲ့ သည် ခေါင်းညိတ်ကာ တဟားဟား ရယ်မောလိုက်သည်။ ခဏကြာထိရယ်မောနေပြီးမှ ကောင်းကင်ကို မော့ကြည့်ကာ

"ကောင်းပြီ။ မင်းမှန်ပါတယ်။ ငါတို့ ဘယ်တုန်းက ကြောက်ဖူးသလဲ။

ယန်မျိုးနွယ်၊ လာခဲ့စမ်း။

နဂါးငွေတန်းကြယ်စင်စုရဲ့

မဟာကာလန်ကြီး ၈ ခုထဲက တစ်ခုက

ငါယန်ယွဲ့ကို ဒီနေ့

သတ်နိုင်မလားကြည့်ရအောင်”

ထိုစကားပြောပြီးသည်နှင့်

တပြိုင်နက်တွင်

အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲသွားကာ နေရာမှာပင်

ပျောက်သွားခဲ့သည်။ ထို့နောက်

ခဏအကြာမှာပဲ

အဘိုးအိုယန်လင်းရှေ့၌ပေါ်လာခဲ့သည်။

တစ်ဆက်တည်း

သစ်သားဓားကိုဆွဲထုတ်ပြီး

ပိုင်းချလိုက်သည်။

သို့သော်လည်း အဘိုးအိုယန်လင်း၏

အမူအရာသည် မပြောင်းလဲပါ။

သူ့လက်ကောက်ဝတ်ကို

အနည်းငယ်လိမ်လိုက်၏။

ရွှေနဂါးတံဆိပ်က

ရွှေရောင်အလင်းတန်းအသွင်ပြောင်းကာ

သစ်သားဓား ဆီသို့ ပစ်ခတ်လိုက်သည်။

ရွှေရောင်အလင်းတန်းက

ချိတ်ပိတ်ထားသော

စွမ်းအင်လှိုင်းများကဲ့သို့ ကွဲထွက်သွားပြီး

ယန်ယဲ့ နှင့် သစ်သားဓားကို ချက်ချင်း

ဖုံးအုပ်လိုက်သည်။

အုန်း...

ပေါက်ကွဲသံကြီးတစ်ချက်

ထွက်ပေါ်လာသည်။

ရွှေရောင်အလင်းတန်းများ ချက်ချင်း

ကွဲအက်သွားသည်။ ထိုနေရာမှ

ထွက်ပေါ်လာသော ပေါက်ကွဲအားက

ယန်ယဲ့အား သူရပ်နေသည့်နေရာသို့

ပြန်ရိုက်ထုတ်လိုက်သည်။

အဘိုးအိုယန်လင်းက

သူ၏နဂါးတံဆိပ်ကို ဖမ်းယူပြီး

တစ်ချက်ကြည့်လိုက်သည်။

နဂါးတံဆိပ်ပေါ်

အမှတ်အသားတစ်ခုရှိနေ၏။

အဘိုးအိုယန်လင်း က ခဏမျှ

လေးလေးနက်နက် စဉ်းစားပြီးနောက်

ယန်ယကို မော့ကြည့်လိုက်သည်။ သူက

"ဒီဓားကို ချိတ်ပိတ်ထားတုန်းပဲ။

စိတ်ကူးကြည့်ဖို့တောင်

တကယ်ခက်ပါတယ်။ တကယ်လို့

ချိတ်ပိတ်စည်းသာ ပျက်ပြယ်သွားရင်

မူလအတိုင်းပြန်ရောက်သွားမှာ။

အဲဒီအခါကျ ဘယ်အရာမဆို

ဒီသစ်သားဓားကိုယှဉ်ချနိုင်မှာမဟုတ်

တော့ဘူး”

ချိတ်ပိတ်ထားသလား ။

ယန်ယဲ့ သည် သူ့လက်ထဲမှ

သစ်သားဓားကို

ငုံ့ကြည့်လိုက်သည်။ သစ်သားဓားက

ချိတ်ပိတ်ခံထားရမည်ဟု သူ

မထင်ထားခဲ့ပေ။

သို့သော်လည်း

အလွန်ကြောက်စရာကောင်းနေခဲ့လေသ

ည်။

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်နေပြီးမှ သစ်သားဓားကို စိုက်ကြည့်ကာ "အစ်ကို၊ မင်း နှိမ့်ချတဲ့ပုံစံကို ဆက်ထိန်းထားလို့ မရတော့ဘူးထင်တယ်။ မင်းရဲ့ချိတ်ပိတ်စည်းကို ပြန်ဖျက်ရမယ့်အချိန်ရောက်ပြီ"ဟုပြော လိုက်လေသည်။

သစ်သားစားက အနည်းငယ်

တုန်ခါသွားပြီးနောက် စားအူသံများ

ပွဲတင်ထပ်လာသည်။ ယန်ယွဲ့ သည်

အခြေအနေကိုအနည်းငယ်

ခံစားမိလိုက်၏။ ၎င်းက

မကျေမနပ်ဖြစ်ပြီး ဒေါသနှင့် အနည်းငယ်

ကြောက်လန့်နေခဲ့ပုံပါ။

သူသည် ညဏ်အလင်းရစားနှလုံးသား

နှင့် ထာဝရအဆင့် စားစိတ်ဆန္ဒ ကို

ပိုင်ဆိုင်ထားသဖြင့် သူ့လက်ထဲမှ
ဓားများ၏ ခံစားချက်အားလုံးကို
ရှင်းရှင်းလင်းလင်း သိရှိနိုင်လေသည်။

ဤအခိုက်တွင် သစ်သားဓားက
မကျေမနပ်ဖြစ်နေသည့်အပြင် ဒေါသနှင့်
အနည်းငယ် ကြောက်ရွံ့မှုပါရှိနေခဲ့သည်။

သေချာသည်မှာ သူ့အလိုလို
ချိတ်ပိတ်ထားခြင်းမဟုတ်ပါ။

တစ်စုံတစ်ယောက်က ၎င်းကို
ချိတ်ပိတ်ထားခြင်းသာ။

ဘယ်သူက ချိတ်ပိတ်ထားတာလဲ။

ယန်ယွဲ့ သည် ခေါင်းယမ်းလိုက်ပြီး
အတွေးများကို ထိန်းလိုက်သည်။
အကြောင်းကတော့ လက်ရှိသူက
သစ်သားဓားကိုစိတ်ပူနေလို့မရပေ။

သူသည် သစ်သားဓားကို

နှစ်သိမ့်ပြီးနောက် အဘိုးအိုယန်လင်းကို

မော့ကြည့်ပြီး "လာ၊

ဆက်တိုက်ခိုက်ကြရအောင်"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

နေရာမှာပင် ပျောက်ကွယ်သွားသည်။

ထို့နောက် အဘိုးအိုယန်လင်း ရှေ့တွင်

ရှိနေခဲ့၏။ တစ်ဆက်တည်း

သစ်သားစားကို ထပ်မံ

ခုတ်ပိုင်းလိုက်သည်။

သစ်သားစား ပိုင်းချလိုက်သည့်အခါ

အနီးအနားရှိ အာကာသပြင်သည်

ချက်ချင်း ပြိုကျသွားသည်။

အဘိုးအိုယန်လင်း၏ မျက်လုံးထဲ၌

လေးနက်သော အရိပ်အယောင်

ပေါ်လာသည်။သူသည် ပေါ့ပေါ့ဆဆ

မလုပ်ဝံ့ဘဲ ရွှေနဂါးတံဆိပ်ကို

လက်ညှိုးနှင့် ပုတ်လိုက်သည်။

ဝေါင်း...

နဂါးဟိန်းသံ ပဲ့တင်ထပ်ကာ တံဆိပ်မှ

ကြောက်မက်ဖွယ်ကောင်းသော

နဂါးဖိအားလှိုင်းများ ထွက်လာသည်။

တစ်ချိန်တည်းမှာပင်

မီတာရာချီကျယ်သော ဧရိယာအတွင်းမှ

အာကာသပြင်သည် ပြင်းထန်စွာ
တုန်ခါသွားပြီး ကွဲအက်သွားတော့သည်။

ထိုအချိန်တွင် ယန်ယဲ့၏ သစ်သားဓားက
အဘိုးအိုယန်လင်း ရှေ့သို့
ပိုင်းချလာသည်။

ဘမ်း...

သစ်သားဓားနှင့် နဂါးတံဆိပ်

တိုက်မိသည်နှင့် တပြိုင်နက်

ထိုနေရာသည် ချက်ချင်း

ပြိုကျသွားသည်။ သို့သော်လည်း

ချက်ချင်းပင် နဂိုအတိုင်း

ပြန်ဖြစ်သွား၏။

ထိုအချိန်တွင် ယန်ယဲ့ သည် ၃

ကီလိုမီတာသို့ လွင့်ထွက်သွားသည်။

အဘိုးအိုယန်လင်း ကတော့ ၁

ကီလိုမီတာအကွာထိ လွင့်ပျံသွား၏။

ယန်ယဲ့ သည် သူ့ကိုယ်သူ

ရပ်လိုက်သည်နှင့် တပြိုင်နက်

ပါးစပ်ထောင့်မှ သွေးများ

စိမ့်ထွက်လာသည်။ သူသည်

အဘိုးအိုယန်လင်း ရှေ့မှ နဂါးတံဆိပ်ကို

လှမ်းကြည့်လိုက်သည်။

နဂါးပုံသဏ္ဍာန်တံဆိပ်က

သာမာန်ရတနာမဟုတ်မှန်းသိသာ၏။

အနည်းဆုံးတော့

မူလအဆင့်ရတနာတစ်ခုပင်။ အကယ်၍

သစ်သားဓားကို ထုတ်မသုံးနိုင်လျှင်

သူသည် အဘိုးအိုယန်လင်း၏

ခံတိုက်ခိုက်မှုတစ်ခုတည်းကိုပင်

ခုခံနိုင်မှာမဟုတ်ပေ။

အဘိုးအိုယန်လင်း က ခဏမျှ တိတ်ဆိတ်သွားပြီး “မင်းကို ငါကိုယ်တိုင် မသတ်နိုင်ဘူး” ဟု ပြောလိုက်သည်။

ပြောပြီးသည်နှင့် သူ့ညာလက်ကို ဝှေ့ယမ်းလိုက်၏။ ထိုခဏလေးမှာပဲ အစွမ်းထက်အော်ရာ ၁၀ ခုကျော်က ကောင်းကင်အထက် နေရာအနှံ့မှ ရုတ်တရက် လွင့်ပျံလာပြီး ယန်ယဲ့ဆီသို့ ဦးတည်လာခဲ့သည်။

ယန်ယဲ့ သည်

ခဏကြာတိတ်ဆိတ်သွားပြီး

အန်နန်ကျင်းကို စိုက်ကြည့်လိုက်သည်။

အန်နန်ကျင်း က သူ့ကို

မျက်လုံးချင်းတည့်တည့်ကြည့်လိုက်ပြီး

“ငါတို့ နှလုံးသားက တစ်ခုတည်းပါ။

ယန်မျိုးနွယ်ကို မပြောနဲ့၊ မျိုးနွယ်စုကြီး ၈

ခုလုံးနဲ့ ရင်ဆိုင်ရရင်တောင်

ဘာကြောက်စရာရှိမှာလဲ"

May Be:

၂၀၃၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၁ - မျှော်လင့်ချက်မဲ့သော

ယန်ယွဲ့ သည် အန်နန်ကျင်းကို

အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်

ပြုံးကာ “မင်းမှန်ပါတယ်။

ငါတို့ရဲ့နှလုံးသားတွေက

တစ်ခုတည်းလေ။ မဟာကလန်ကြီး ၈

ခုလုံးနဲ့ရင်ဆိုင်ရရင်တောင်မှ

အရေးမကြီးဘူး”

ဝှစ်…ဝှစ်…ဝှစ်….

ထိုအချိန်တွင် အဘိုးအိုယန်ရှန်း၏

နောက်ကွယ်မှ အနက်ရောင်အရိပ် ၁၂ ခု

ပေါ်လာသည်။ အားလုံးက
ဓားမြှောင်များကိုင်ထားကြသည်။

အဖွဲ့၏ ရှေ့ဆုံးမှ ဦးဆောင်လာသည့်
အနက်ရောင်အရိပ် ၂ ဦးက
မူလနတ်ဘုရားအဆင့် ၌ရှိနေခဲ့သည်။
၎င်း၏နောက်ကွယ်မှ
အခြားအနက်ရောင်အရိပ်များကတော့
ထာဝရတန်ခိုးရှင်အဆင့်များပါ။

ယန်ကလန် သည် မဟာကလန်ကြီး ၈ ခုမှတစ်ခုဖြစ်သည့်တိုင် မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ အနည်းငယ်သာ ပိုင်ဆိုင်၏။

ယန်ကလန် တစ်ခုတည်းတင်မဟုတ်ပေ၊ အခြားသော မဟာကလန်ကြီး ၇ ခုလည်း အတူတူပင်။ အတိုချုပ်ပြောရလျှင် ထာဝရတန်ခိုးရှင်များ နှင့် မူလနတ်ဘုရားတစ်ပိုင်းအဆင့်များက

မဟာကာလန်ကြီး ၈ ခု၏

အဓိကအင်အားများပင်။

အကြောင်းမှာ ထာဝရတန်ခိုးရှင် နှင့်

မူလနတ်ဘုရားတစ်ပိုင်းအဆင့်များက

ပျိုးထောင်ပေးရ လွယ်ကူလို့ပါ။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများ

ကတော့

အလှွယ်တကူ

မွေးထုတ်ပေးနိုင်မည်မဟုတ်ပေ။

ထို့အပြင်

ထာသရတန်ခိုးရှင်အများအပြား

ပိုင်ဆိုင်ထားလျှင်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို

သတ်ဖြတ်နိုင်စွမ်းရှိ၏။

ခြွင်းချက်အနေဖြင့် ထာဝရတန်ခိုးရှင်

အချို့ဟာ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကိုပင်
သတ်ပစ်နိုင်ကြသည်။

မှန်သည်၊ ထိုအခြေအနေမျိုးက
အတော်လေးရှားပါး၏။

ဤအခိုက်အတန့်တွင် အဘိုးအိုယန်ရှန်း
အပါအဝင် မူလနတ်ဘုရားအဆင့်
ကျင့်ကြံသူ ၅ ဦးထိပင်
ရောက်နေခဲ့သည်။

ထိုမျှမကဘဲ နတ်စစ်သည်တော် ၇၂ ဦးမှ အသက်ရှင်ကျန်ခဲ့သူများလည်း ရှိနေသေး၏။ သို့သော်လည်း နတ်စစ်သည်တော် ၉ ယောက်သာလျှင် ကျန်တော့၏။ အကယ်၍ နောက်ထပ် ရောက်လာသော အနက်ရောင်အရိပ်များ နှင့် ပူးပေါင်းလျှင်တော့ ထာဝရတန်ခိုးရှင် ၁၉ ဦးထိရှိနေပေသည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၅
ဦးနှင့် ထာဝရတန်ခိုးရှင် ၁၉ ဦး။

ပြောနေစရာပင်မလိုပေ။ အတော်လေးကို
ကြောက်စရာကောင်းသော အစုအဖွဲ့ပါ။

ထိုအချိန်တွင် ချုန်းချီ က
ရုတ်တရက်ပြောလိုက်သည် "ကလေး၊
မင်းမှာ ဝှက်ဖဲတွေ ရှိသေးလား"

ယန်ယဲ့ က ချုန်းချီ ကို စိုက်ကြည့်ရင်း

ခေါင်းခါလိုက်သည်

"ဘာမှမကျန်တော့ဘူးဟ"

ချုန်းချီ က

ခဏတိတ်ဆိတ်သွားပြီးနောက် "ကလေး၊

ဘာပဲဖြစ်ဖြစ် ငါတို့ကို မိတ်ဆွေလို့

သတ်မှတ်လို့ရတယ်။ ဒါကြောင့်

ထွက်ပြေးချင်ပေမယ့်

မတတ်နိုင်တော့ဘူး။

ငါ့အများကြီးမကူညီနိုင်ဘူး။ မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂ ယောက်တော့ ယူမယ်။ ကျန်တာကို မင်း ကိုင်တွယ်လိုက်"

စကားပြောပြီးသည်နှင့် ချူန်းချီ က အဘိုးအိုယန်ရှန်း နှင့် အနက်ရောင်ဝတ်ရုံအဘိုးအိုထံ ခုန်ဝင်သွားသည်။

ယန်ယဲ့က သူ့အကြည့်ကို ဆုတ်လိုက်ပြီး

ဘေးနားရှိ အန်နန်ကျင်းကို

လှည့်ကြည့်လိုက်သည်။ ယန်ယဲ့ က

“ကျင်းအာ၊ ငါ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက် နဲ့ ထာဝရတန်ခိုးရှင်တွေကို

တိုက်ခိုက်မယ်။မင်းက နောက်ဆုံး

ကျန်နေတဲ့

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ကို

တာဝန်ယူလိုက်"

အန်နန်ကျင်းက အနည်းငယ်

ခေါင်းညိတ်ပြပြီးနောက်

မိုးကောင်းကင်ခွဲလုံ ကို မြှောက်ပြီး

အဘိုးအိုယန်လင်းကို ညွှန်ပြကာ

"လာခဲ့စမ်း"

ဟု ပြောပြီး ဘယ်ဖက် ၁၀ ကီလိုမီတာကျော်အကွာသို့ ခုန်ထွက်သွားသည်။

အဘိုးအိုယန်လင်း၏ မျက်နှာက အေးစက်သွားကာ "ငါတစ်ယောက်တည်း လုံလောက်ပြီ"ဟုပြန်ပြောလိုက်သည်။

ယန်ယဲ့ သည်ခဏမျှ ငြိမ်သက်သွားပြီး နောက် ရုတ်တရက် ရှေ့သို့ ခြေတစ်လှမ်း

တိုးလိုက်သည်။ သူသည်

သစ်သားဓားကိုမြှောက်ကာ

အနက်ရောင်ဝတ်ရုံဝတ်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက်ကို ထိုးချိန်ပြီး

"မင်းတို့နှစ်ယောက်လုံးကို

ငါကိုယ်တိုင်တိုက်ခိုက်မယ်။ ကြောက်ရင်

မင်းတို့နောက်က တခြားသူတွေကို

ကူညီဖို့ ပြောနိုင်တယ်"

ရှေ့ဆုံးမှရပ်နေသည့်

အနက်ရောင်ဝတ်ရုံဝတ်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူက

ခေါင်းညိတ်ပြပြီး

"ကောင်းပြီ"ဟုပြန်ပြောသည်။

စကားပြောပြီးသည်နှင့် တပြိုင်နက်

သူ့ဘေးနားရှိ အနက်ရောင်ဝတ်ရုံ

နှင့်အတူ ဖျတ်ခနဲပျောက်သွားကြသည်။

ထို့နောက်တွင် ပုံရိပ်ယောင်များစွာ

ပေါ်လာခဲ့သည်။

ထိုခဏလေးမှာပဲ အနက်ရောင်ဝတ်ရုံ

ထာဝရတန်ခိုးရှင် ၁၀ ဦးလည်း

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယွဲ့ သည် အနည်းငယ်

မျက်နှာပျက်သွားသည်။ အမှန်တော့

သူသည်

အနက်ရောင်ဝတ်ရုံနှစ်ယောက်ထဲမှ
တစ်ယောက်နှင့်သာတိုက်ခိုက်လိုခဲ့သည်။
သို့သော် ထိုလူများက
သူ့စကားကိုအတည်မှတ်ကာ
အုပ်စုဖွဲ့တိုက်ခိုက်လိမ့်မည်ဟု
မမျှော်လင့်ထားပေ။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ ၂
ယောက် နှင့် ထာဝရတန်ခိုးရှင် ၁၉
ယောက်အုပ်စု။

ယန်ယွဲ့ သည် ခဏမျှ

တိတ်ဆိတ်သွားသည်။ ထို့နောက်တွင်

သစ်သားဓားကို အလျားလိုက်

ခုတ်ပိုင်းလိုက်သည်။

အောင်း...

သစ်သားဓားဖျားမှ

မီးတောက်ဓားစွမ်းအင် တစ်စင်း

ပြေးထွက်လာသည်။

ဆူး....ဆူး....ဆူး.... ဆူး....

အာကာသပြင်အနှံ့ ကွဲထွက်သွား၏။

ပုံရိပ်ယောင်များအားလုံး

ပြန့်ကျဲသွားပြီးနောက်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက်လုံး ထပ်ခါတလဲလဲ

နောက်ပြန်ဆုတ်သွားရသည်။

သို့သော်လည်း နှစ်ယောက်စလုံးက

ချက်ချင်းပင် ရှေ့သို့ ခုန်ဝင်လာသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည်

သစ်သားဓားကို ထပ်မံပိုင်းချလိုက်သည်။

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီး ယန်ယဲ့ သည် ၃

ကီလိုမီတာအကွာသို့

လွင့်ပျံထွက်သွားခဲ့သည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် ယန်ယဲ့၏

နောက်ကွယ်မှ

အနက်ရောင်ဝတ်ရုံတစ်ယောက်

ပေါ်လာသည်။ တစ်ချိန်တည်းတွင်

အေးစက်သော အလင်းတန်းတစ်ခုက
သူ့ခေါင်းနောက်သို့
ချက်ချင်းရောက်လာသည်။

သူ့နောက်မှ ဝင်လာသော တိုက်ခိုက်မှုကို
သတိပြုမိသောအခါ
ယန်ယွဲ့၏မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
သူ၏ဒဏ်ရာများကို

ဂရုမစိုက်အားတော့ဘဲ သစ်သားဓားကို

ပိုင်းချလိုက်တော့သည်။

အုန်း...

အနက်ရောင်ဝတ်ရုံ၏ ဓားမြှောင်က

ချက်ချင်းကွဲထွက်သွားသည်။

တန်ပြန်အားကြောင့် အနက်ဝတ်ရုံလည်း

ထပ်ခါထပ်ခါ

နောက်ပြန်ဆုတ်သွားခဲ့သည်။

ယန်ယဲ့သည်လည်း အလားတူ

နောက်ပြန်လွင့်ထွက်လာ၏။

သို့သော်လည်း မီတာ ၃၀

လောက်အကွာသို့ ဆုတ်သွားသည်နှင့်

သူ့နောက်ကွယ်မှ

အနက်ရောင်ဝတ်ရုံတစ်ဦး

ပေါ်လာပြန်သည်။ ထို့နောက်တွင်

သူ့နောက်ကျောမှ

အေးစက်စက်အလင်းတန်းတစ်ခု
တိုးဝင်လာသည်။ ထို့အပြင်
ရွှေရောင်မြှားအနည်းငယ်က
လေထုကိုဆုတ်ဖြဲကာ သူ့ရှေ့သို့
ရောက်လာသည်။ မြှားတစ်ချောင်းစီက
ယန်ယဲ့၏အရေးကြီးသောနေရာများကို
သာ အဓိကထားပစ်ခတ်လိုက်ခြင်းပင်။

ယန်ယဲ့၏ မျက်လုံးထဲမှ
လူသတ်လိုစိတ်များ ပေါ်လာသည်။

သူ့နှလုံးသားထဲမှ

စိတ်ဆန္ဒတစ်ခုထုတ်လိုက်ရာ

အနက်ရောင်ဒိုင်းလွှာတစ်ခုပေါ်လာသည်။

အနက်ရောင်ဒိုင်းလွှာက

သူ့ရှေ့ရောက်လာသော

ရွှေရောင်မြှားများကို

ချက်ချင်းရိုက်ထုတ်ပစ်လိုက်သည်။

ထိုခဏလေးမှာပဲ

လခြမ်းကွေးပုံသဏ္ဍာန်ဓားစွမ်းအင်လှိုင်း

ကြီးတစ်ခုက

ရှေ့သို့ပြေးထွက်သွားသည်။

အုန်း....ဘမ်း....ဘမ်း

လခြမ်းကွေးပုံစံ ဓားစွမ်းအင်က

ယန်ယဲ့၏ ပတ်ပတ်လည်မှ ဝင်လာသည့်

တိုက်ခိုက်မှုအားလုံးကို

ချေဖျက်ပစ်လိုက်သည်။ သို့သော်လည်း

ယန်ယဲ့ သည် တန်ပြန်အားလျှင်းကြောင့်

ဆက်တိုက်နောက်ပြန်ဆုတ်သွားရသည်။ တစ်ချိန်တည်းမှာပင် သူ့ပါးစပ်ထောင့်မှ သွေးများ အဆက်မပြတ် စီးကျလာသည်။ သူ့တစ်ကိုယ်လုံး ကွဲအက်သွားသည့်အပြင် ခန္ဓာကိုယ်အနှံ့ ဓားဒဏ်ရာများ၊ သွေးရောင်မြှားကျိုးများ စိုက်ဝင်နေခဲ့သည်။

အကယ်၍သာ

မူလခရမ်းရောင်စွမ်းအင်၏

ပြန်လည်ကုသခြင်းစွမ်းရည်
မရှိလျှင်တော့ လက်ရှိယန်ယဲ့ဟာ
လူသေတစ်ယောက်ဖြစ်နေလောက်ပေသ
ည်။

အလျှော့မပေးလိုသော စိတ်ဆန္ဒအပြင်
လက်ရှိအချိန်ထိ
တိုကအခိုက်နိုင်သောအကြောင်းအရင်း
ဟာ သူ၏ခန္ဓာကိုယ်ထဲရှိ
မူလခရမ်းရောင်စွမ်းအင် ကြောင့်ပါ။

မူလခရမ်းရောင်စွမ်းအင်က

သူ၏ဒဏ်ရာများကို

အဆက်မပြတ်ကုသနေခဲ့သည်။မဟုတ်ပါ

က သစ်သားဓား ၁၀ ချောင်း

ရှိနေလျှင်ပင် သူ့ကိုယ်သူ

ရပ်နေနိုင်မှာမဟုတ်ပေ။

ချက်ချင်းအသတ်ခံရပါလိမ့်မည်။

ယန်ယဲ့ ရပ်နေသည့်အခိုက် သူ့အား

ဝိုင်းရံထားသော ထာဝရတန်ခိုးရှင်များ

နှင့် မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက်လုံးပါ နောက်တစ်ကြိမ်

ပျောက်သွားခဲ့သည်။ ထိုခဏလေးမှာပဲ

ပတ်ဝန်းကျင်၌ ပုံရိပ်ယောင်များစွာ

ထွက်ပေါ်လာ၏။ ထို့နောက်တွင်

ယန်ယဲ့ဆီသို့ ကြောက်မက်ဖွယ်ရာ

ဖိအားလှိုင်းများ

ကျဆင်းလာပါတော့သည်။

ယန်ယဲ့ သည် သူ့ပါးစပ်ထောင့်ရှိ

သွေးများကို သုတ်လိုက်ပြီး

စွမ်းအင်ပုလဲနှစ်လုံးကို ထုတ်ယူကာ

မျိုချလိုက်သည်။ ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်နေရင်းဖြင့်

သူ၏ချီစွမ်းအင်က ချက်ချင်းပင်

နဂိုအတိုင်း ပြန်ပြည့်သွားတော့သည်။

ထိုအချိန်တွင်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက် ဦးဆောင်သော

ထာဝရတန်ခိုးရှင်အုပ်က သူ့ရှေ့သို့ပင်

ရောက်နေလေပြီ။

ယန်ယဲ့ သည် ခဏမျှ

တိတ်ဆိတ်သွားသည်။ ထို့နောက်

သူ့မျက်လုံးထဲမှ

ရက်စက်ကြမ်းကြုတ်မှုများ

ပေါ်လာသည်။ ထိုခဏလေးမှာပဲ

သူ့ခန္ဓာကိုယ်ကနေ မီးတောက်မီးလျှံများ

ရုတ်တရက် ထွက်ပေါ်လာသည်။

သူသည် နတ်ဘုရားယင်မီးတောက် ကို

နောက်တစ်ကြိမ် ထုတ်သုံးလိုက်၏။

သို့သော်လည်း ယန်ယွဲ့ သည်

နတ်ယင်မီးတောက် ကို မထိန်းချုပ်ခဲ့ပေ။

သူသည် နတ်ယင်မီးတောက်ကို

၎င်း၏ခွန်အားအပြည့်ဖြင့်သာ

တိုက်ခိုက်စေလိုက်သည်။

ထို့အပြင် လက်ရှိသူ့ခန္ဓာကိုယ်

အခြေအနေ နှင့်ပတ်သက်၍လည်း

ဂရုမစိုက်နိုင်တော့ပေ။

အကြောင်းမှာ ဤနေ့တွင်

သူအသတ်ခံရလျှင်ပင်

တတ်နိုင်မျှဆွဲချသွားဖို့ရည်ရွယ်ထားလို့ပါ။

နတ်ယင်မီးတောက် ထွက်လာသည်နှင့် ပြိမ်သက်ခြင်းမြို့တော်၏ အပူချိန်သည် ချက်ချင်းပင် မြင့်တက်လာသည်။ တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ ပတ်ဝန်းကျင်ရှိ အာကာသပြင် ထွင်းဖောက်၍ပင်မြင်ရမတတ် ကြည်လင်လာသည်။

ဂျုန်း

ခဏအကြာတွင်တော့ သူ့ဘေးနားမှ

အာကာသပြင်သည်

တိုက်ရိုက်ပြိုကျသွားသည်။ ယန်ယွဲ့အား

ဝိုင်းရံထားသော

ထာဝရတန်ခိုးရှင်အုပ်စုဟာ

ရှောင်ချိန်ပင်မရလိုက်ပေ။

နတ်ယင်မီးတောက်က ချက်ချင်း
ဝါးမျိုသွားခဲ့သည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂
ယောက်သာလျှင်
အောင်အောင်မြင်မြင်နှင့်
နောက်ပြန်ဆုတ်သွားနိုင်ကြသည်။

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏မျက်နှာသည် လုံးဝကို

ခက်ထန်ကြမ်းတမ်းနေခဲ့သည်။

ထို့နောက်  ကောင်းကင်ကို မော့ကြည့်ရင်း

“တစ်မြို့လုံးကို ပြာချပစ်မယ်။

ငြိမ်သက်ခြင်းမြို့ ကို

မီးလောင်တိုက်သွင်းမယ်”

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
နတ်ယင်မီးတောက်က ရုတ်တရက်
ပေါက်ကွဲထွက်သွားသည်။
ထိုခဏလေးမှာပဲ မရေမတွက်နိုင်သော
မီးတောက်ငယ်များ ခွဲထွက်ကာ
ငြိမ်သက်ခြင်းမြို့အထက်
ကောင်းကင်ယံသို့ လွင့်မျောသွားခဲ့သည်။

မျက်စိတစ်မှိတ်အတွင်းမှာပင်
အားလုံးပျောက်ကွယ်သွားသည်။

အာကာသပြင်သည်ပင်

မတည်ရှိတော့ပါ။ နတ်ယင်မီးတောက်က

အားလုံးကို ဝါးမျိုသွားသည်။

May Be:

၂၀၃၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၀၃၂ - အစ်ကိုကြီး မရှိတော့ မေ့သွားကြပြီလား

နတ်ယင်မီးတောက် ဟာ ငြိမ်သက်ခြင်းမြို့တော်အနှံ့သို့ လျင်မြန်စွာပင် ပြန့်နှံ့သွားသည်။ ယန်ကလန်၏ တပ်ဖွဲ့များက ကမန်းကတန်း တားဆီးလိုက်ကြသည်။ သို့သော်လည်း နတ်ယင်မီးတောက် ကို မတားနိုင်ခဲ့ပေ။

တားဆီးဖို့ကြိုးစားသူတိုင်း

မီးလောင်ပြီးသေသွားကြရသည်။

ထို့နောက်တွင် မည်သူမျှ

တားဖို့မကြိုးစားတော့ပေ။

ထိုခဏလေးမှာပဲ

ငြိမ်သက်ခြင်းမြို့တော်အထက်

ကောင်းကင်ယံသို့

မီးတောက်တိုင်လုံးကြီးများထိုးတက်လာ

သည်။ တစ်ဆက်တည်း

မြို့တော်တစ်ခုလုံး မီးတောက်မီးလျှံများ

လောင်ကျွမ်းလာခဲ့လေသည်။

နတ်စစ်သည် ၇၂ ဦးထဲမှ

အသက်ရှင်နေသူများ၊

ယန်ယွဲ့၏ပတ်ပတ်လည်မှ

အနက်ရောင်အရိပ် ၁၀ ဦးကတော့

ခုခံချိန်ပင်မရလိုက်ပေ။

နတ်ယင်မီးတောက်က

ဝါးမျိုသွားခဲ့သည်။ ခဏလေးအတွင်း
ပြာပုံသာကျန်ခဲ့သည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂
ယောက် ကတော့
ကမန်းကတန်းထွက်ပြေးသွား၍သာ
လွတ်မြောက်ခဲ့ကြသည်။

ထိုအချိန်တွင်
ငြိမ်သက်ခြင်းမြို့တော်တစ်ခုလုံးမှ

အော်ဟစ်သံများ၊ ငြီးငြူသံများ ပျံ့လွင့်လာသည်။

အုန်း…

ထိုအချိန်တွင် ပေါက်ကွဲသံ ရုတ်တရက် ထွက်ပေါ်လာ၏။ ထို့နောက်တွင် ယန်ယွဲ့သည် ၁၀ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားသည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် ပါးစပ်ထောင့်မှ
သွေးများ စီးကျလာသည်။

ထို့နောက်တွင် ယန်ယွဲ့၏
ရှေ့ခပ်လှမ်းလှမ်း အာကာသပြင်ထဲမှ
အဘိုးအိုတစ်ဦးထွက်လာခဲ့သည်။

အဘိုးအိုကို မြင်သောအခါ ယန်ယွဲ့လည်း
မျက်နှာပျက်သွား၏။ အကြောင်းမှာ
အဘိုးအိုက

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ဒုတိယခန်းမသခင်နှစ်ယောက်ထဲမှ

တစ်ယောက်ဖြစ်နေလို့ပါ။ ။

ဒုတိယမြောက်ခန်းမသခင် ယန်ကု ။

သူသည် ယန်ကလန်၏

အာဏာပိုင်များကြား၌ တတိယအဆင့်ရှိ

အာဏာပိုင်တစ်ယောက်ပါ။

အဘိုးအိုယန်ကု က ယန်ယဲ့ ကို

အချိန်အကြာကြီး စိုက်ကြည့်နေသည်။

သူက "နတ်စစ်သည်တော် ၇၂ ယောက်၊

အရိပ်အစောင့်တပ်နဲ့

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၃

ယောက်က မင်းကို သတ်ဖို့

လုံလောက်မယ်လို့ ငါတို့ ထင်ခဲ့တာ။

ဒါပေမဲ့ နတ်စစ်သည် ၇၂ ယောက်လုံး

အသတ်ခံရတဲ့အပြင်ကိုမှ

အရိပ်အစောင့်တပ်ပါ

ထပ်ပြီးဆုံးရှုံးသွားရပြန်ပြီ။ ပြီးတော့

ငြိမ်သက်ခြင်းမြို့တော်ကိုပါ

ဖျက်ဆီးပစ်လုနီးပါးလို့ ဘယ်တုန်းကမှ

မမျှော်လင့်ထားခဲ့ပါဘူး။

ဒါတွေအားလုံးက တကယ်ကို

မထင်မှတ်ထားတာပဲ”

စကားပြောပြီးနောက် အဘိုးအိုယန်ကူ၊

ယန်ရှန်း နှင့် အခြားသော

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများ၏

မျက်နှာထက်

အလွန်ဆိုးရွားသောအမူအရာများ

ရှိနေကြသည်။

နောက်ဆုံးတွင် နတ်စစ်သည် ၇၂ ဦးနှင့်

အရိပ်အစောင့်တပ်သား ၁၀ ဦးစလုံး

အသတ်ခံလိုက်ရသည်။

ယန်ကလန် အတွက်တော့ ကြီးမားသော ထိုးနှက်ချက်ပင်။ အနည်းဆုံးတော့ နတ်စစ်သည် ၇၂ ဦးကို အချိန်တိုအတွင်း မွေးထုတ်ပေးဖို့ မဖြစ်နိုင်တော့ပေ။

ထိုအချိန်တွင် အဘိုးအိုယန်ကုန်က ယန်ယဲ့ကိုကြည့်ကာ "အခုမှတော့ မထူးပါဘူး။မင်းကို ဘယ်လိုမှလွတ်မြောက်ခွင့်ပေးလို့မရဘူး ။မဟုတ်ရင် ငါ့ယန်ကလန်က

သေချာပေါက်ကို

ကပ်ဘေးနဲ့ရင်ဆိုင်ရတော့မယ်"

ထိုစကားပြောပြီးနောက်

ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော်လည်း ....

ထိုအချိန်တွင် “မင်းတို့အားလုံး

နည်းနည်းလွန်သွားပြီ” ဟူသော

အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။ ထိုအခါ
တိုက်ခိုက်ရန်ပြင်နေသည့်
အဘိုးအိုယန်ကု လည်း ခဏမျှ
ရပ်တန့်သွားသည်။

စကားသံ ထွက်ပေါ်လာပြီး
သိပ်မကြာလိုက်ပါ၊ ယန်ယဲ့၏နံဘေး၌
သတ်လတ်ပိုင်းအမျိုးသားတစ်ယောက်
ပေါ်လာသည်။

သတ်လတ်ပိုင်းအမျိုးသား

ရောက်လာသည့်နောက်

ပတ်ဝန်းကျင်သည်

ချက်ချင်းပင်တိတ်ဆိတ်သွား၏။

အကြောင်းမှာ ယန်ယဲ့၏နံဘေးမှ

ရပ်နေသူဟာ နတ်စစ်သည်တော် ၇၂

ဦး၏ ခေါင်းဆောင် တပ်မှူးချုပ်

ယန်ကျန်း ဖြစ်နေလို့ပါ။

ယန်ကလန်၏ တပ်မှူးချုပ် ယန်ကျန်း။

သူရောက်လာသည်နှင့် တိုက်ပွဲဟာ ချက်ချင်းရပ်သွားသည်။

အဘိုးအိုယန်ကု က တပ်မှူးချုပ်ယန်ကျန်း ကို အချိန်အကြာကြီး စိုက်ကြည့်ပြီး "ဘာလို့ ငါတို့ယန်ကလန်က သူ့အတွက်နဲ့

အတွင်းရေးပဋိပက္ခတွေ ဖြစ်ရမှာလဲ"ဟု ရုတ်တရက် ပြောလိုက်သည်။

ယန်ကျန်း က ယန်ယဲ့ကို ရုတ်တရက် ညွှန်ပြပြီး အဘိုးအိုယန်ကု အား မျက်လုံးချင်းတည့်တည့်ကြည့်ကာ "သူက ယန်ကလန်ရဲ့  အဖွဲ့ဝင် မဟုတ်ဘူးလား။ သူ့အထဲမှာရှိတဲ့သွေးက ယန်မျိုးနွယ် မဟုတ်ဘူးလား"

အဘိုးအိုယန်ကု က
တိတ်ဆိတ်သွားသည်။

ထိုအချိန်တွင် ယန်ကျန်း က
ဆက်ပြောလိုက်သည်။ “မင်းတို့အားလုံး
သူ့ကို ဘာကြောင့် သေစေချင်တာလဲ
ငါသိပါတယ်။ သူက မင်းတို့ကို
လက်စားချေမှာ ကြောက်လို့ကလွဲလို့
တခြားမဟုတ်ဘူး။ တကယ်တော့
နားလည်ပေးလို့ရပါတယ်။ ဘာပဲဖြစ်ဖြစ်

ပေါင်းပင်၊မြက်ပင်တွေကို အမြစ်ကနေ
ဆွဲထုတ်သင့်တယ်မဟုတ်လား”

တစ်ချိန်တည်းမှာပဲ သူက
ရယ်မောလိုက်ပြီး “ဒါပေမဲ့ မင်းတို့
မရှက်ဘူးလား။
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူကို သတ်ဖို့အတွက်နဲ့
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၇
ယောက်စလုံးကို ပို့လိုက်တယ်။

ဒီသတင်းတွေ ပြန့်သွားရင် အားလုံးက ငါတို့ မျိုးနွယ်ကို ရယ်ကြလိမ့်မယ်”

အဘိုးအိုယန်ကု က စကားပြောနေသော ယန်ကျန်း ကို ကြည့်ကာ "သူ့ကိုသေစေချင်တာဘယ်သူလဲဆိုတာ မင်းကောင်းကောင်းသိသင့်တယ်"

"ဟုတ်ပါတယ်၊ ငါသိတယ်" ယန်ကျန်းက ခေါင်းညိတ်ပြီး "အဲဒီလူက

ခွင့်မပြုဘူးဆိုရင် မင်းတို့အားလုံး ဒီလို ရှုန်းရင်းဆန်ခတ်ဖြစ်နိုင်ပါ့မလား"

အဘိုးအိုယန်ဂု က "ဒါဆို မင်း ငါတို့ကို တားဖို့ စိတ်ကူးရှိသေးလား"

ယန်ကျန်း က စကားထပ်မပြောတော့ပေ။ ယန်ယဲ့ ကို လှည့်ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က "အကြီးအကဲကျန်း၊ မင်းက ဟိုနေ့တုန်းက

ငါတို့ကိုကယ်ခဲ့တဲ့သူမဟုတ်လား"ဟုမေး

လိုက်သည်။

သို့သော်လည်း ယန်ကျန်း က

ပြန်မဖြေပါ။

သူသည် ယန်ယွဲ့ကိုသာ အချိန်အကြာကြီး

စိုက်ကြည့်ပြီး “မင်းအဖေနဲ့

အရမ်းတူတယ်။ ရုပ်ရည်တင်မကဘူး။

မင်းရဲ့အကျင့်တွေကအစ

တော်တော်ဆင်တူတယ်။

တစ်ခုပဲကွာတယ်၊ သူက

မင်းလောက်မရှုးဘူး”

ယန်ယဲ့ သည် စကားပြန်မပြောဘဲ

နှုတ်ဆိတ်နေခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ကျန်း က

ထပ်ပြောပါသည်။ “ငါက မင်းအဖေရဲ့

လက်အောက်ငယ်သားပါ။ ဟုတ်ပါတယ်၊

သူက ငါ့ကို ငယ်သားတစ်ယောက်လို မဆက်ဆံဖူးဘူး။ သူက ယန်ကလန်ကို အလယ်စကြာဝဠာရဲ့ နံပါတ်တစ်မျိုးနွယ်ကြီး ဖြစ်အောင် လုပ်ချင်တယ်လို့ တစ်ချိန်က ပြောခဲ့ဖူးတယ်။ ဒါ့အပြင် ကလန်တစ်ခုလုံးကို အထက်လောကဆီ ပို့ပေးချင်နေတယ်။ ဒါပေမဲ့…”

သူက စကားပြောနေရင်းဖြင့်
ခေါင်းယမ်းပြီး "ကံမကောင်းစွာပဲ၊
ရုတ်တရက် တစ်ခုခု ဖြစ်သွားတယ်။
ကျန်တာကို မင်းသိမှာ သေချာတယ်" ဟု
ပြောပါသည်။

ယန်ယဲ့ က
စကားပြောရန်ပြင်လိုက်သော်လည်း
ယန်ကျန်း က ဂရုမစိုက်တော့ဘဲ
ကောင်းကင်ကို ရုတ်တရက်

မော့ကြည့်လိုက်သည်။ထို့နောက်

"သူ့အဖေက ယန်ကလန်ကို

အပြစ်ကျူးလွန်ခဲ့သလား။ သူက

ယန်ကလန် ကို ပစ်မှားခဲ့တာလား။

မျိုးနွယ်စုက ဘာလို့ သူတို့နှစ်ယောက်ကို

ဒီလိုဆက်ဆံရတာလဲ"

ကောင်းကင်ယံအထက်မှ

ပြန်ဖြေသံထွက်မလာခဲ့ပေ။

ထိုအတောအတွင်း ယန်ကျန်းက

ရုတ်တရက် အော်ဟစ်လိုက်သည်။

“ယန်လင်း၊ ယန်ကဲဝူ၊ အစ်ကိုကြီးက

မင်းတို့နှစ်ယောက်စလုံးကို ကြင်နာတယ်။

ဘာလဲ။မင်းတို့နှစ်ယောက်က တကယ်ပဲ

ခေါင်းရှောင်နေတာလား။

ငါတို့အစ်ကိုကြီးရဲ့သား

သေတာကို ဒီအတိုင်းကြည့်နေတာလား"

အချိန်တော်တော်ကြာပြီးနောက်

ယန်ကျန်း နှင့် မလှမ်းကမ်း၌

အဘိုးအိုတစ်ယောက် နှင့်

သက်လတ်ပိုင်းအမျိုးသား တစ်ဦးတို့

ပေါ်လာသည်။ ထိုနှစ်ယောက်က

အကြီးအကဲကောင်စီ၏ ခေါင်းဆောင်၊

ယန်ကလန်၏ ပထမမျိုးဆက်အုပ်ထိန်း

သူပါ။

အကြီးအကဲကောင်စီ၏ ခေါင်းဆောင်က

သူ့ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "ယန်ကျန်း၊ ဘာလို့ဒီလိုလုပ်ရတာလဲ"ဟုမေးလိုက်သည်။

ယန်ကျန်း က သူ့ကို ကြည့်ရင်း "လွန်ခဲ့တဲ့နှစ်တွေတုန်းက ဖြစ်ခဲ့တဲ့ အရာအားလုံးကို မင်းတကယ်မေ့သွားပြီလား"

အကြီးအကဲကောင်စီ၏ ခေါင်းဆောင်က ငြိမ်သွားသည်။

ယန်ကျန်း က ပထမမျိုးဆက် အုပ်ထိန်းသူတစ်ဖြစ်လည်း ယန်ကဲဝူ ကို စိုက်ကြည့်ပြီးနောက် "ယန်ကဲဝူ၊ မျိုးနွယ်စုအပြင်မှာ မင်းအသတ်ခံခါနီးနေတဲ့အချိန် မင်းကို ဘယ်သူကယ်ခဲ့တာလဲ"

ယန်ကဲဂူ လည်း တိတ်ဆိတ်သွားသည် ။

ထိုအချိန်တွင် ယန်ကျန်း က ရုတ်တရက်

ရယ်မောလိုက်သည်။

“နားလည်ပါတယ်။တကယ်ပြောတာပါ။

ခေါင်းဆောင်အပြောင်းအလဲက

စိတ်အပြောင်းအလဲကို ဖြစ်စေတယ်။

ဒါ့အပြင် မင်းတို့နှစ်ယောက်လုံးက

ယန်ကလန်ရဲ့ အဆင့်မြင့်အာဏာပိုင်တွေ

ဖြစ်နေကြပြီကိုး။ အရင်တုန်းကလိုမျိုး

အစ်ကိုကြီးရဲ့ လက်အောက်က

နတ်စစ်သည်တော်တွေ

မဟုတ်ကြတော့ဘူးလေ"

သူ့စကားကို ခဏလောက်ရပ်ပြီး

"မင်းတို့နှစ်ယောက်စလုံး

ဒီမှာရှိသေးတယ်။ ဒါပေမဲ့  အစ်ကိုကြီး

မရှိတော့ဘူး၊ ငါတို့ ဆက်ဆံရေးလည်း

ပျက်သွားပြီ”

တစ်ချိန်တည်းမှာပင် အဘိုးအိုယန်လင်းက "သူ့ကို ငါတို့ တိုက်ခိုက်မှာ မဟုတ်ဘူး။ ဒါပေမယ့် သူ့ကို ကူညီဖို့တော့ တောင်းပန်ပါတယ်။ ငါတို့က သူ့ကိုကူညီရင် မျိုးနွယ်စုဟာ အတွင်းရေးတိုက်ပွဲတွေပဲရင်ဆိုင်ရလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့်
နှစ်ယောက်စလုံး ဖျတ်ခနဲ
ပျောက်သွားခဲ့သည်။

ယန်ကျန်း က ခဏမျှတိတ်ဆိတ်သွားပြီး
ယန်ယဲ့ ကို စိုက်ကြည့်ရင်း
“ထွက်သွားတော့။ ယန်ကလန်က မင်းကို
ရှာမတွေ့ပါစေနဲ့"ဟု ပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းခါရင်း

လေးနက်စွာပြောလိုက်သည်။

"ငါမလုပ်နိုင်ဘူး"

ယန်ကျန်း က ဂရုမစိုက်ဘဲ

ပြန်ပြောသည်။ "ကျန်တာအကုန်

ငါ့အတွက် ထားလိုက်ပါ။

မင်းပဲထွက်သွားတော့"

ယန်ယဲ့ သည် ယန်ကျန်း ကို

တစ်ချက်ကြည့်လိုက်ပြီး

"ကျေးဇူးတင်ပါတယ်"ဟုပြောရင်း

ဦးညွှတ်လိုက်သည်။

ထို့နောက် အန်နန်ကျင်း ကို အချက်ပြကာ

နှစ်ယောက်သား ချုန်းချီး

နောက်ကျောပေါ်သို့ ခုန်တက်လိုက်သည်။

ချုန်းချီ၏

အနက်ရောင်အတောင်ပံကြီးများ

ချက်ချင်း ပြန့်ကားထွက်လာသည်။ ထို့နောက်တွင် တဖြုန်းဖြုန်းခတ်ကာ အနက်ရောင်အလင်းတန်းသဖွယ် ကောင်းကင်ထက်သို့ ပျောက်ကွယ်သွားသည်။

အဘိုးအိုယန်လု နှင့် အခြားသော တပ်ဖွဲ့များအားလုံး အမူအရာများအနည်းငယ်ပြောင်းသွား ကြသည်။ ထို့နောက် ချက်ချင်းပင်

ယန်ယဲ့၏နောက်ကို

ပြေးလိုက်သွားဖို့ပြင်ကြသည်။

သို့သော်လည်း ယန်ကျန်းက သူတို့အဖွဲ့

ရှေ့ကနေ ပေါ်လာပြီး

ပိတ်ရပ်ထားလိုက်သည်။

အဘိုးအိုယန်လု က "ယန်ကျန်း၊

ဘေးဖယ်စမ်း"

ယန်ကျန်း၏ ပါးစပ်ထောင့်မှ

အပြုံးတစ်ခု ပေါ်လာသည်။

သို့သော်လည်း

သူ့အပြုံးကချက်ချင်းအေးခဲသွားသည်။

တစ်ချိန်တည်းမှာပဲ သူ၏ ဝမ်းဗိုက်က

တဖြည်းဖြည်း ဖောင်းကားလာ သည်။

အဘိုးအိုယန်လု၏ အမူအရာသည်

သိသိသာသာပြောင်းလဲသွားသည်။သူက

ဒေါသတကြီးအော်ငေါက်လိုက်သည်။

“ကိုယ့်ကိုယ်ကို ဖောက်ခွဲလိုက်တာပဲ။

ယန်ကျန်း၊ဒီလိုလုပ်တာက

ထိုက်တန်လား"

ခလွပ်....

May Be:

၂၀၃၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၃ - ထွက်ပြေးခြင်း

ကိုယ့်ကိုယ်ကို ဖောက်ခဲ့တာလား ။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူက

သူ့ကိုယ်သူ ဖောက်ခွံဖို့ တကယ်ပဲ

ရွေးချယ်လိုက်တာလား။

လူတိုင်းက ယန်ကျန်း သူ့ကိုယ်သူ

ဖောက်ခွဲလိမ့်မည်ဟု

မမျှော်လင့်ထားကြပေ။

မူလနတ်ဘုရားအဆင့် သို့တက်လှမ်းဖို့က

ဘယ်လောက်ခက်ခဲသနည်း။

လက်ရှိအချိန်တွင် ယန်ကျန်းက ယန်ယွဲ့

အား ကယ်တင်ရန်အတွက်နှင့် သူ့ကိုယ်သူ

ဖောက်ခွဲခဲ့သည်။

ထိုအချိန်တွင် ယန်ကျန်း ထံမှ

ဆူနာမီလှိုင်းလုံးများကဲ့သို့

ကြောက်မက်ဖွယ်ကောင်းသော

အရှိန်အဝါတစ်ခု ထွက်ပေါ်လာသည်။

အဘိုးအိုယန်ကု နှင့် အခြားသော

တပ်ဖွဲ့များအားလုံး ထိပ်တိုက်မတိုက်ဝံ့ဘဲ

တပြိုင်နက်တည်း

ပြန်ဆုတ်သွားကြတယ်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ၏

ကိုယ့်ကိုယ်ကို ဖောက်ခွဲမှုဟာ

သူတို့ကိုမသတ်နိုင်ပေ။ သူတို့သာ

ဒဏ်ရာအပြင်းအထန်ရသွားလျှင်
ယန်ယဲ့နောက်ကို
လိုက်ဖမ်းဝံ့မည်မဟုတ်ပေ။

အမှန်တွင် ယန်ယဲ့ သည် သာမန်
ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ
မဟုတ်ပါ။

ယန်ကျန်းက ယန်ယဲ့
ပျောက်ကွယ်သွားသော အသွင်အပြင်

မော့ကြည့်လိုက်ပြီး

"အစ်ကိုတစ်ယောက်အနေနဲ့ တစ်နေ့၊

အစ်ကိုတစ်ယောက်လို တစ်သက်လုံး..."

ဟုပြောလိုက်ပါသည်။

ဘောင်း...

ခဏအကြာတွင်တော့

ငြိမ်သက်ခြင်းမြို့အား

ဖုံးလွှမ်းသွားစေသော

ရောမပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။ ယန်ကျန်း၏

အနီးတဝိုက်ရှိ အာကာသပြင်သည်

ချက်ချင်း ပြိုကျသွား၏။ ထို့အပြင်

ပတ်ဝန်းကျင်အနှံ့ပါ ပြိုကျလာသည်။

ထိုခဏလေးမှာပဲ ကီလိုမီတာ ၅၀,၀၀၀

ကျော် ရေိယာက ပြိုကျသွား၏။

ထို့နောက် ရောမ

တွင်းနက်ကြီးတစ်ခု ဖြစ်ပေါ်လာသည်။

အာကာသတွင်းနက်က ရပ်တန့်မနေဘဲ

တဖြည်းဖြည်းပင် ကျယ်ပြန့်နေဆဲပါ။

သို့သော် အထက်မှ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်ကြိုးတစ်ချောင်း ရုတ်တရက်

ပေါ်လာပြီး အာကာသပြင်ကို

ပုံမှန်အတိုင်း ပြန်ဖြစ်သွားစေသည်။

အသက်ရှူ လောက်အကြာတွင်တော့

အရာအားလုံး ငြိမ်သက်သွားသည် ။

ဤအခိုက်အတန့်တွင် ယန်ယွဲ၊ ချူန်းချီ

နှင့် အန်နန်ကျင်း တို့ဟာ

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးမှ

ထွက်လာခဲ့လေပြီ။ လက်ရှိအချိန်တွင်

သူတို့သုံးယောက်က

အဆုံးအစမဲ့သော

ကြယ်တာယာကောင်းကင်ပြင်ထဲ၌

ရှိနေကြသည်။

ယန်ယဲ့ သည်

ချုန်းချီ၏နောက်ကျောပေါ်၌

စီးနင်းလာရင်း စဉ်းစားခန်းဝင်နေခဲ့သည်။

သို့မဟုတ် အမှန်တိုင်းပြောရလျှင်

သူ၏စိတ်ထဲ၌

အတော်လေးကိုရှုပ်ထွေးနေခဲ့သည်။

သူလည်း ယန်ကျန်းက သူ့ကိုယ်သူ
ဖောက်ခွဲခဲ့ကြောင်း သိနေပေသည်။
သို့သော်လည်း သူ့အား
ကယ်တင်ဖို့အတွက်နှင့် ယန်ကျန်းက
တွန့်ဆုတ်မနေဘဲ သူ့ကိုယ်သူ စတေးဖို့
မမျှော်လင့်ထားခဲ့ပေ။ အဓိကကတော့
သူ၏အဖေ ယန်ဝုဒီ ကြောင့်ပါ။

ထိုအချိန်တွင် ချုန်းချီ၏ ခန္ဓာကိုယ်က

တစ်ချက်တုန်ခါသွားပြီး "ကလေး၊ ငါတို့

ဆက်မသွားနိုင်တော့ဘူး"ဟူ၍

ရုတ်တရက်ပြောခဲ့သည်။

ထိုစကားပြောပြီး သူတို့ရှေ့မှ

အာကာသပြင်ကို

စူးစိုက်ကြည့်နေလေသည်။

ယန်ယဲ့ သည်

ထိုစကားကိုကြားသောအခါ

သူ့အတွေးစများကို

ပြန်ထိန်းလိုက်သည်။ထို့နောက်

အဝေးဆီသို့ ရုတ်တရက်

လှမ်းကြည့်လိုက်မိသည်။ ထိုအချိန်တွင်

သူတို့ရှေ့ ခပ်လှမ်းလှမ်းရှိ

အာကာသပြင်က တုန်ခါသွားသည်။

ထိုခဏလေးမှာပဲ အာကာသပြင်ထဲမှ

အနက်ရောင်လက်ကြီးတစ်ဖက်

ရုတ်တရက် ထွက်ပေါ်လာပြီး

ယန်ယဲ့တို့သုံးယောက်အပေါ်

ရိုက်ချလိုက်သည်။

ဂျုန်း....

အနက်ရောင်လက်ကြီး

ဆင်းသက်လာချိန်တွင် ယန်ယဲ့

တစ်ယောက်တည်းသာမကပေ။ ချုန်းချီ

နှင့် အန်နန်ကျင်း

တို့၏မျက်နှာထက်၌လည်း

လေးနက်သောအမူအရာများရှိနေကြသ
ည်။

ချုန်းချီ က
"အတူတူတိုက်ခိုက်ကြရအောင်"ဟု
ရုတ်တရက်ပြောခဲ့သည်။

အန်နန်ကျင်း နှင့် ယန်ယဲ့လည်း
အနည်းငယ် ခေါင်းညိတ်ပြသည်။
အန်နန်ကျင်း က မိုးကောင်းကင်ခွဲလုံကို

မြှောက်ကာ အနက်ရောင်လက်ကြီးကို ပစ်ထိုးထိုးလိုက်သည်။

ဆူး...

မိုးကောင်းကင်ခွဲလှံ က အာကာသပြင်ကိုညဆုတ်ဖြဲ၍ အနက်ရောင်လက်ကြီးဆီသို့ တည့်တည့်ပြေးဝင်သွားသည်။

အနက်ရောင်လက်ကြီးနှင့် ၃

ကီလိုမီတာအကွာသို့ ရောက်သည်နှင့်

မိုးကောင်းကင်ခွဲလှံ က

မရေမတွက်နိုင်သော

လှံပုံရိပ်များဖြာထွက်လာသည်။

အားလုံးပေါင်း လှံပုံရိပ် ၁၀၀၀

ထက်မနည်းရှိကာ မိုးကောင်းကင်ခွဲလှံ

နှင့်အတူ အနက်ရောင်လက်ကြီးကို

ထိုးသွင်းခဲ့သည်။

အုန်း....

ထိုအချိန်တွင် လှံပုံရိပ်များအားလုံး ပေါက်ကွဲသွားသည် ။ တစ်ချိန်တည်းမှာပဲ မိုးကောင်းကင်ခွဲလှံ က နောက်ပြန်ကန်ထွက်လာပြီး အန်နန်ကျင်း၏ လက်ထဲကို ပြန်ရောက်လာသည်။ ထို့နောက် တန်ပြန်အားကြောင့် အန်နန်ကျင်း သည်

၃ ကီလိုမီတာအကွာသို့
လွင့်ထွက်သွားခဲ့သည်။

သို့သော်လည်း အနက်ရောင်လက်ကြီးက
အနည်းငယ်တုန်ခါသွားရုံလောက်သာ။

ထိုအချိန်တွင် အလင်းတန်းတစ်ခု
လင်းလက်လာသည်။ ဓားစွမ်းအင်များ
ဖြတ်သွားတိုင်း အာကာသပြင်ဟာ
ချက်ချင်းဆိုသလို အပိုင်းပိုင်း

ပြုတ်တောက်သွားခဲ့သည်။
သို့သော်လည်း အနက်ရောင်လက်ကြီးကို ထိမှန်လိုက်သည့်အခါတွင်တော့ ဓားစွမ်းအင်ဟာ ချက်ချင်းပင် ပေါက်ကွဲထွက်သွားသည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့နှင့် အန်နန်ကျင်းလည်း မျက်နှာပျက်သွားသည် ။

ထိုအချိန်တွင် ချုန်းချီ က ရှေ့သို့ ခုန်တက်ကာ အနက်ရောင်လက်ကြီးကို ပြေးဆောင့်လိုက်သည်။

အုန်း...အနက်ရောင်လက်ကြီးက ပြင်းထန်စွာ တုန်ခါကာ ကွဲအက်သွားသည်။ ချုန်းချီ ကိုယ်တိုင်လည်း ၁၀ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။

ထိုအချိန်တွင် အဘိုးအိုယန်ကု နှင့်
ယန်ကလန်၏ တပ်ဖွဲ့များက သူတို့ရှေ့
ခပ်လှမ်းလှမ်းမှ ပေါ်လာခဲ့သည်။

ထွက်ပြေးနိုင်မှာတဲ့လား ။

အဘိုးအိုယန်ကု က ယန်ယွဲ့ ကို
အေးစက်စွာ ကြည့်ပြီး "ငါ့ယန်ကလန်က
မင်းကိုသတ်ချင်နေတယ်ဆိုရင်
မင်းဘယ်လိုလွတ်မြောက်နိုင်မလဲ။

ကျွားတစ်ကောင်ကို မသတ်ရင် မင်းဟာ

အခွင့်အရေးရတာနဲ့ ငါ့ယန်ကလန် ကို

တိုက်ခိုက်ဖို့ အမြဲတမ်း

ကြိုးစားနေလိမ့်မယ်။ ဒါကို ငါတို့

ကောင်းကောင်းသိပါတယ်”

ယန်ကလန် သည် ယန်ယဲ့ အား

သတ်ရန်အတွက်

တန်ကြေးကြီးကြီးမားမားပေးဆပ်ထားရ

၏။ အကယ်၍သာ

ယန်ယဲ့လွတ်မြောက်သွားလျှင်တော့ သူ၏ပင်ကိုယ်စွမ်းရည်အရ ယန်ကလန်ဟာ နှစ်အနည်းငယ်အတွင်းမှာပဲ ကပ်ဘေးကျမည်မှာသေချာသလောက်ပင်။

သူသည် ယန်ကလန် အတွက် ကြောက်စရာအကောင်းဆုံးသောရန်သူဖြစ်လာမည်မှာ သေချာပါသည်။

ယန်ယဲ့ သည် သစ်သားဓားကို

ဖြည်းညှင်းစွာ ဆုပ်ကိုင်လိုက်ပြီး

တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော်လည်း သူ့စိတ်ထဲ၌ ချုန်းချီ၏

သတိပေးသံ ထွက်လာသည်။

"ကလေး၊ သတိထားပါ။ ဒီနေရာမှာ

လျှို့ဝှက်ထားတတ်တဲ့

ပညာရှင်တစ်ယောက်ရှိနေတယ်။

အဲဒီလူက သူတို့ထက် သန်မာတယ်။
ဒါကြောင့် သတိမလွတ်ပါနဲ့”

ယန်ယဲ့ သည် အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ ထို့နောက်
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
အဘိုးအိုယန်ကု ကို စိုက်ကြည့်ကာ
"ငါထင်တာမမှားရင်
မင်းတို့အားလုံးလည်း ဒဏ်ရာတွေ

ရနေကြပြီမဟုတ်လား"ဟုပြောလိုက်သ
ည်။

အဘိုးအိုယန်ကု က "မင်းလည်း
ဘာထူးလဲ။
ဒဏ်ရာရနေတာမဟုတ်ဘူးလား"ဟုပြန်
ပြောသည်။

ယန်ယွဲ့ သည် ခဏမျှ
တိတ်ဆိတ်သွားပြီးနောက် ချုန်းချီ ကို

ရုတ်တရက် စိုက်ကြည့်လိုက်သည်။

ချုန်းချီ၏ လက်သည်းများက

ရုတ်ချည်းဆန့်ထွက်လာကာ သူ့ရှေ့မှ

အာကာသပြင်ကို ဆုတ်ဖြဲလိုက်သည်။

အုန်း....

ချုန်းချီ၏ လက်သည်းကုတ်ချက်ကြောင့်

မီတာထောင်ချီကျယ်သော

အာကာသပြင်သည် ချက်ချင်း

ပြိုကျသွားသည်။ ထိုခဏလေးမှာပဲ

ယန်ယဲ့ သည်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ထိုအချိန်တွင် အဘိုးအိုယန်ကု နှင့်

ယန်ကလန်၏ တပ်ဖွဲ့များအားလုံး

အမူအရာများ သိသိသာသာ

ပြောင်းလဲသွားသည်။

ယန်ယဲ့ သည် သာမန်

အာကာသပြင်ထဲ၌သာဆိုလျှင်

သိပ်ပြီးကြောက်စရာကောင်းသည်မဟု

တ်ပေ။ သို့သော်လည်း

အာကာသတွင်းထဲ၌ ရှိနေလျှင်တော့

လုံးဝကိုကြောက်စရာပင်။ သူ့လက်ထဲမှ

သစ်သားဓား၊ အမှောင်တာအိုဥပဒေသကို

ပေါင်းစပ်လိုက်သော် ယန်ယဲ့၏

တိုက်ခိုက်ရေးစွမ်းအားက

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ နှင့်
အဆင့်တူဟုဆိုနိုင်ပါသည်။

ထို့ကြောင့်
အာကာသပြိုကျလာသည့်အခိုက်
အဘိုးအိုယန်ကု နှင့်
ယန်ကလန်၏တပ်ဖွဲ့များဟာ
ယန်ယဲ့ကိုဂရုမစိုက်ဘဲ
အလျင်အမြန်ပြုပြင်လိုက်ကြသည်။
သိပ်မကြာပေ၊

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၇
ယောက်ပေါင်းစွမ်းအားဖြင့်
အာကာသပြင်ဟာ မူလအခြေအနေသို့
ချက်ချင်း ပြန်ရောက်သွားပါတော့သည်။

သို့သော်လည်း သူတို့၏
မျက်နှာများသည် ပို၍ပင်
ဆိုးရွားလာခဲ့သည်။

အကြောင်းမှာ သူတို့ထဲမှ
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ
တစ်ယောက် အသတ်ခံလိုက်ရလို့ပါ။
ထိုလူက အရိပ်အစောင့်တပ်ဖွဲ့၏
ခေါင်းဆောင်နှစ်ယောက်ထဲမှတစ်ယော
က်ပါ။

တစ်ဖက်ရှိ ယန်ယဲ့ ကတော့ သူ့ရင်ဘတ်၌
အနက်ရောင်ဓားမြှောင်တစ်ချောင်း
စိုက်ဝင်နေခဲ့လေသည်။

ထိုအနက်ရောင်စားမြှောင်က

အရိုပ်အစောင့်ခေါင်းဆောင်၏

သေခါနီးတန်ပြန်တိုက်ခိုက်မှုပါ။

တစ်နည်းအားဖြင့်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို

သတ်ရန် ယန်ယွဲ့ ပေးဆပ်လိုက်သည့်

တန်ကြေးပင်။

အကြောင်းမှာ သူ့ကိုယ်သူ

ခုခံကာကွယ်ရန် မရွေးချယ်ခဲ့ဘဲ

အသက်ကိုစတေးကာ ပြိုင်ဖက်အား

အဆုံးသတ်ပေးလိုက်ဖို့

ရည်ရွယ်ထားလို့ပါ။

ခဏကြာ ငြိမ်နေပြီးနောက် ယန်ယွဲ့ သည်

သူ့ရင်ဘတ်ရှိ ဓားမြှောင်ကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။ သူက

ဓားမြှောင် ဖမ်းဆုပ်လိုက်ပြီး

ဖြည်းညှင်းစွာ ဆွဲထုတ်လိုက်သည်။

ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်နှင့်

သူ့ရင်ဘတ်ရှိဒဏ်ရာမှ သွေးများ ပန်းထွက်လာသည်။ သို့သော်လည်း ခဏအကြာမှာပဲ သူ၏ဒဏ်ရာက မြင်သာသောအရှိန်ဖြင့် ပျောက်ကွယ်လာတော့သည်။

ထိုမြင်ကွင်းအား မြင်လိုက်သော် အဘိုးအိုယန်ကု နှင့် ယန်ကလန်မှ တပ်ဖွဲ့များ၏ အမူအရာများသည် ပိုလို့တောင် ဆိုးရွားလာခဲ့လေသည်။

ယန်ယဲ့၏

ပြန်လည်ကုသခြင်းစွမ်းရည်ဟာ

အမှောင်တာအိုဥပဒေသ ထက်ပင်

ပိုပြီးကြောက်စရာကောင်းလေသည်။

အကယ်၍ အခြားသာမန်

လူတစ်ဦးသာဆိုလျှင်တော့

လက်ရှိတိုက်ပွဲက ၎င်းကို

အားကုန်သွားသေမည်မှာ သေချာ၏။

သို့သော်လည်း ယန်ယဲ့ သည်

ဤအချိန်အထိ ပင်ပန်းနွမ်းနယ်နေသည့်
အရိပ်အယောင် မပြခဲ့ပေ။
ဒဏ်ရာအပြင်းအထန်
ရသွားရှိလောက်သာ။

ထိုအချိန်တွင် ချုန်းချီ က လက်သည်းကို
ထပ်မြှောက်ပြီး သူ့ရှေ့မှ
အာကာသပြင်ကို
ကုတ်ဆွဲလိုက်ပြန်သည်။
လက်သည်းကုတအချက်ကြောင့်

အာကာသပြင်သည် ချက်ချင်း

ပွင့်ထွက်သွားခဲ့သည်။

ထိုမြင်ကွင်းကြောင့် အညိုးအိုယန်ကု နှင့်

ယန်ကလန်၏တပ်ဖွဲ့အားလုံးလည်း

အမူအရာများ ချက်ချင်း

ပြောင်းလဲသွားခဲ့သည်။ဤနေရာသည်

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး၏

အာကာသပြင် ကဲ့သို့ ခိုင်မာခြင်းမရှိခဲ့ပေ။

ထို့ကြောင့် ချုန်းချီ၏

သာမန်လက်သည်းချက်ကပင်
အာကာသပြင်ကို အပိုင်းပိုင်းခွဲကာ
ဖြိုချနိုင်ပါသည်။

အာကာသပြင် ပြိုကျလာသည်နှင့်
ယန်ယဲ့၏ ခွန်အားကလည်း
ကြောက်မက်ဖွယ်ရာကောင်းလာပါတော့
သည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ချက်ချင်းပင် ပျောက်သွားခဲ့သည်။ ယန်ယဲ့ သာ လှုပ်ရှားလိုက်ခြင်းမဟုတ်ပါ၊ အန်နန်ကျင်းလည်း ရှေ့တက်လာပြီး မိုးကောင်းကင်ခွဲလှံကို ရှေ့သို့ ပစ်လွှတ်လိုက်သည်။

ဆူး...

မိုးကောင်းကင်ခွဲလုံ က

ကြားကွက်လပ်အလွှာကို

တိုက်ရိုက်ထိုးခွဲသွားသည်။ လုံ

ဖြတ်သန်းသွားသည့်

နေရာတစ်လျှောက်မှ အာကာသပြင်သည်

ပြင်းထန်စွာတုန်လှုပ်လာကာ

အက်ရာများဖြင့် အာကာသတွင်းနက်များ

ဖြစ်ပေါ်လာသည်။

အန်နန်ကျင်းက မိုးကောင်းကင်ခွဲလုံ့ကို
ပစ်လွှတ်လိုက်သည့်အခိုက်
အလင်းတန်းတစ်ခု
လင်းလက်သွားသည်။

တစ်ချိန်တည်းမှာပင်
အာကာသတွင်းနက်ကြီးထဲမှ
ကြောက်မက်ဖွယ်ကောင်းလှသော
အော်ရာများ ထွက်လာသည်။

ဘမ်း....... ဘမ်း.....

အာကာသတွင်းနက်ကြီးသည် မြေလျင်လျှပ်ခတ်သွားသကဲ့သို့ပင် ပြင်းထန်စွာတုန်ခါလာသည်။

သို့သော်လည်း အသက်ရှူ ၃ ရှိုက်စာလောက်အကြာ၌ ပတ်ဝန်းကျင်သည် ပုံမှန်ပြန်ဖြစ်သွားသည်။

လက်ရှိအချိန်တွင်တော့
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၅
ယောက်သာ ကျန်တော့လေသည်။

နောက်တစ်ယောက်
ထပ်ပြီးအသတ်ခံလိုက်ရ၏။ ၎င်းသည်
အရိပ်အစောင့်တပ်ဖွဲ့၏ ကျန်နေသော
ခေါင်းဆောင်တစ်ယောက်ပါ။

အဘိုးအိုယန်ကု နှင့် အခြားသော

အဖွဲ့ဝင်များ၏ အမူအရာများက

ပို၍ပင်ဆိုးရွားလာပါသည်။ ထို့အပြင်

သူတို့၏ မျက်နှာများကလည်း

ကြောက်ရွံ့မှုများ အပြည့်

ဖုံးလွှမ်းသွားခဲ့သည်။ သူတို့ရှေ့မှ

မြင်ကွင်းဝါ လုံးဝကို

ကြောက်စရာဖြစ်နေသည်မဟုတ်ပါလား။

လက်ရှိအချိန်တွင် သူတို့အဖွဲ့က

ယန်ကလန်၏ ပိုင်နက်ထဲ၌ မရှိတော့ပေ။

ဤနေရာရှိ အာကာသပြင်သည်

အသာအယာပင်ချိုးဖျက်နိုင်၏။

အဓိကကတော့ ဤနေရာ၏

အာကာသပြင်ကို

ခိုင်ခံ့အောင်လုပ်နိုင်စွမ်းမရှိကြပေ။

ထို့ကြောင့် ယန်ယွဲ့၊ ချူန်းချီ နှင့်

အန်နန်ကျင်း တို့သုံးယောက်ပေါင်း

တိုက်ခိုက်မှုဟာ သူတို့အတွက်

သေမင်းခေါ်သံများအလားပင်။.

May Be:

၂၀၃၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၄ - ယန်ကလန်၏ ဘိုးဘေး

ယန်ယဲ့ သည် သူ့ရှေ့မှ

ယန်ကလန်၏တပ်ဖွဲ့များကို

ခဏအကြာစိုက်ကြည့်နေသည်။

ထို့နောက် သူ၏ပါးစပ်ထောင့်၌

အေးစက်သော အပြုံးတစ်ခု

ပေါ်လာခဲ့သည်။

ခဏအကြာတွင် ချုန်းချီ က

ရှေ့သို့တိုးလာပြီး

လက်သည်းကိုမြှောက်၍

အာကာသပြင်ကို ရိုက်ချလိုက်သည်။ လက်သည်းမှထွက်ပေါ်လာသောစွမ်းအား က အာကာသပြင်ကို အပိုင်းပိုင်းဆုတ်ဖြဲသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ နှင့် အန်နန်ကျင်း တို့နှစ်ယောက်လုံးလည်း တိုက်ခိုက်လိုက်ကြသည်။ သို့သော်လည်း အာကာသတွင်းနက်ထဲသို့ ဝင်လိုက်သည်နှင့် တွင်းနက်ကြီးသည်

ရုတ်တရက် ငြိမ်သက်သွားသည်။
အာကာသတွင်းနက်ကြီးတင်မဟုတ်ပဲ
ပတ်ဝန်းကျင်ရှိ အရာအားလုံး
အေးခဲသွားပုံရသည်။

ခဏအကြာတွင်
အာကာသတွင်းနက်ကြီးထဲသို့
ရောမလက်ဝါးကြီးတစ်ဖက်
ထိုးဆင်းလာသည်။

အုန်း...

ခဏအကြာတွင် ကျယ်လောင်သော
ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး
အာကာသပြင်သည် ပုံမှန်အတိုင်း
ပြန်ဖြစ်သွားသည်။ ထိုအချိန်တွင် ယန်ယဲ့၊
ချုန်းချီ နှင့် အန်နန်ကျင်း
တို့သုံးယောက်စလုံး ၁၀
ကီလိုမီတာကျော်အကွာသို့
လွင့်ထွက်လာကြသည်။ ထို့အပြင်

ရောမလက်ကြီးက သူတို့၏အထက်၌

လွင့်မျောနေသည်။

ယန်ယွဲ့ နှင့် အန်နန်ကျင်း၏

ပါးစပ်ထောင့်မှ

သွေးများစီးကျလာသည်။ ချုန်းချီ၏

လင်းယုန်ခေါင်း ကတော့

ချိုင့်ဝင်နေခဲ့လေသည်။ သေချာသည်မှာ

ရောမလက်ကြီးက သုံးယောက်စလုံးကို

ဖိနှိပ်ထားလေသည်။

ယန်ယဲ့ သည် သူ့ပါးစပ်ထောင့်မှ

စီးကျလာသည့် သွေးများကို

သုတ်လိုက်ပြီး အဝေးတစ်နေရာသို့

လှမ်းကြည့်လိုက်တယ်။ သူသည်

ပြင်းပြင်းထန်ထန် ရယ်မောလိုက်ပြီး

“ငါထင်တာမမှားရင် မင်းက

ယန်ကလန်ရဲ့ ဘိုးဘေးပဲ၊ ဟုတ်ရဲ့လား”

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

ထိုနေရာမှ အသံတစ်သံ ထွက်လာသည်

"မင်းဟာ ငါမျှော်လင့်ထားတာထက်ကို

ကျော်သွားပြီ။ မင်း...”

ယန်ယဲ့ သည် သစ်သားဓားကို

အသံလာရာဆီသို့ ထိုးချိန်ရင်း

"အပိုစကားတွေရပ်လိုက်။

တည့်တည့်ပဲပြောမယ်။

တိုက်ခိုက်ကြရအောင်"

ငါတို့တိုက်ခိုက်မှာလား ။

တိုက်ခိုက်ကြရအောင်......

ယန်ယဲ့၏ အသံသည် နေရာအနှံ့
မိုးချိန်းသံကဲ့သို့ ပဲ့တင်ထပ်နေသည်။

ထိုခဏအတွင်း တိတ်ဆိတ်မှုက
ပတ်ဝန်းကျင်ကို လွှမ်းခြုံသွားသည်။

အသက်ရှူ ၅ ရှိုက်စာခန့်ကြာပြီးနောက်

ထိုနေရာသည် ရုတ်တရက်

အနည်းငယ်တုန်ခါသွားပြီး

သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး

ထွက်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက

တော်ဝင်ဆန်သောဝတ်ရုံကို

ဝတ်ဆင်ထားသည်။

ခေါင်းထက်မှဆံပင်ရှည်များဟာ

ပခုံးပေါ်ကျလျက် ညာဖက်လက်ကို

နောက်ပစ်ထားသည်။

သူ၏ဘယ်ဖက်လက်ထဲ၌

စာလိပ်တစ်လိပ်ကိုင်ထားလေသည်။

မသိရင်တော့

သက်လတ်ပိုင်းအမျိုးသားဟာ

စာပေပညာရှင်တစ်ယောက်ဟုထင်ရလေ

သည်။

သို့သော် သူသည်

စာပေပညာရှင်မဟုတ်ပေ။ ယန်ကလန်၏

ဘိုးဘေး ယန်ရှောင် ပင်တည်း။ သူသည်

အလယ်စကြာဝဠာ၏

အစွမ်းထက်ဆုံးတည်ရှိမှုများ အနက်မှ

တစ်ဦးပါ။

ယန်ရှောင် ကို မြင်သောအခါ

အဘိုးအိုယန်ကု နှင့်

ယန်ကလန်၏တပ်ဖွဲ့အားလုံးလည်း

ရှိသေစွာ ဦးညွှတ်ကြပြီး

တညီတညွတ်တည်း ပြောကြသည်။

ယန်ရှောင်က သူတို့ကို အနည်းငယ်

ခေါင်းညိတ်ပြသည်။ ထို့နောက် ယန်ယဲ့

ကို စိုက်ကြည့်ရင်း "မင်းဟာ မင်းအဖေနဲ့

အရမ်းတူတယ်။ ဒါပေမဲ့ မင်းရဲ့အဖေက

ဒီလောက်

ရက်စက်ကြမ်းကြုတ်တဲ့စိတ်တော့

မဟုတ်ဘူး၊ ဒီလိုမျိုး

အစွန်းမရောက်ဘူး”ဟုပြောလိုက်သည်။

ယန်ယဲ့က "ပြီးတော့…"

ယန်ရှောင် က "တကယ်တော့

မင်းကိုသတ်ဖို့ ငါဘယ်တုန်းကမှ

မရည်ရွယ်ခဲ့ဘူး။ဂျူနီယာမျိုးဆက်

တစ်ယောက်အတွက်နဲ့ ငါ့ကိုယ်ငါ

သိက္ခာအကျမခံနိုင်ဘူးလေ”

ယန်ယဲ့က "ဒါပေမဲ့ ငါမြင်တာတော့ လုံးဝမဟုတ်ဘူး"

ယန်ရှောင် က ခေါင်းညိတ်ပြီး "မင်းကိုသတ်ဖို့ ငါဘယ်တုန်းကမှ မရည်ရွယ်ပေမယ့် မျိုးနွယ်စုထဲက လူတော်တော်များများက မင်းကို သတ်ချင်နေကြတာ။ သူတို့က ငါ့နောက်မှာ ရပ်နေကြတယ်။ ငါ မင်းကို

ကာကွယ်ရင် ငါ့အပေါ်

အငြိုးထားလိမ့်မယ်။ ဒါကြောင့် သူတို့

နှစ်သက်သလို လုပ်ခွင့်ပေးဖို့

ရွေးချယ်ခဲ့တာပါ”

ဒီအချိန်မှာ သူ့စကားကို ခဏရပ်လိုက်ပြီး

“ဒါပေမဲ့ ဒီအစုအဖွဲ့က မင်းကို သတ်ဖို့

မလုံလောက်ဘူးလို့ ငါ

မမျှော်လင့်ထားဘူး”

ယန်ယဲ့ က ပြုံးပြီး "ဒါဆို မင်းကိုယ်တိုင်ပဲ ရောက်လာရတယ်မဟုတ်ဘူးလား"

ယန်ရှောင် က ယန်ယဲ့ ကိုကြည့်ကာ "ဒီအချိန်မှာ မင်းသေရမှာပဲ။ ငါမင်းကိုမကြောက်ပေမယ့် ယန်ကလန်အတွက် အနာဂတ်မှာ အလားအလာရှိတဲ့ ရန်သူရှိမနေစေချင်ဘူး။ ဟုတ်ပါတယ်၊ ငါမင်းကိုအခွင့်အရေးပေးနိုင်ပါတယ်။

မင်းရဲ့ ဝိညာဉ်ကြိုးကို လွှဲပြောင်းပေးဖို့ ဆန္ဒရှိတယ်ဆိုရင် မင်းရဲ့အသက်ကို ငါ နှမြောနိုင်တယ်"

"ငါ့ဝိညာဉ်ကြိုးမျှင်ကို လွှဲပေးရမှာလား" ယန်ယဲ့က တစ်ချက်ရယ်လိုက်ပြီး "မင်းဘယ်လိုထင်လဲ"ဟုပြန်မေးလိုက်၏ ။

ယန်ရှောင် က "မင်းငြင်းမယ်ထင်တယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“ငါတို့က အဖြစ်အပျက်တွေရဲ့ အလယ်မှာရောက်နေပြီ။ ဒီတော့...”

ယန်ယဲ့က ယန်ရှောင်ကို ရုတ်တရက် မော့ကြည့်လိုက်ပြီး

“အလယ်စကြာဝဠာရဲ့ အထွတ်အမြတ်ပုဂ္ဂိုလ်တစ်ယောက်က ဘယ်လောက်သန်မာလဲ၊

ငါကြည့်ချင်မိတယ်”ဟူ၍
ပြောလိုက်လေသည်။

ယန်ရှောင်က ယန်ယွဲ့အား
အချိန်တော်တော်ကြာသည်ထိ
စိုက်ကြည့်နေပြီး "မင်းဆန္ဒအတိုင်းပဲ"

ယန်ယွဲ့ သည် အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် နေရာတွင်ပင်
ပျောက်သွားခဲ့သည်။ထိုခဏလေးမှာပဲ

အလင်းတန်းတစ်ခုက အာကာသပြင်ကို ဖြတ်သွားခဲ့လေသည်။

ယန်ယဲ့သည် ယန်ရှောင်၏ ရှေ့တွင် ချက်ချင်းပေါ်လာသည်။ သူ့လက်ထဲမှ သစ်သားဓားကို ဝှေ့ယမ်းလိုက်သည်နှင့် ယန်ရှောင်၏ ပတ်ပတ်လည် အာကာသပြင်ဟာ အက်ကွဲသွားလေတော့သည်။ သို့သော်လည်း ခဏအကြာမှာပဲ

အာငါသပြင်ဟာ

ပုံမှန်အတိုင်းပြန်ဖြစ်သွားလေ၏။

သစ်သားဓားက ယန်ရှောင်၏ ရှေ့သို့ပင်

ဆက်မတိုးနိုင်တော့ပေ။

ထိုအချိန်တွင် ယန်ရှောင် က

သူ့လက်ချောင်းကို ရှေ့သို့

ပုတ်လိုက်သည်။

လက်ချောင်းက သူ့ရှေ့မှာ
ရပ်တန့်နေသော ယန်ယွဲ့၏
သစ်သားဓားဖျားကို ပုတ်ချလိုက်သည် ။

ဖန်း…

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက်
အာကာသပြင်သည် ချက်ချင်း
ကွဲအက်သွားခဲ့သည်။ ထို့နောက်တွင်တော့

ယန်ယဲ့ သည် ၁၅ ကီလိုမီတာအကွာသို့ပင်
လွင့်ပျံသွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
ယန်ယဲ့၏ ပါးစပ်ထောင့်မှ သွေးများ
အဆက်မပြတ် စီးကျလာသည်။
တစ်ချိန်တည်းမှာပင် သူ၏
ညာလက်မောင်းက ကွဲအက်သွားသည်။
လက်မောင်းဒဏ်ရာမှ သွေးများ
အဆက်မပြတ် စိမ့်ထွက်နေကာ

လက်တစ်ဖက်လုံး

သွေးများနီရဲလာတော့သည်။

ထိုအချိန်တွင် ယန်ရှောင် က

သူ့လက်ချောင်းကို

တစ်ချက်ကြည့်လိုက်သည်။

သူ့လက်ချောင်းကလည်း

ကွဲအက်သွား၏။ သူသည် ခဏမျှ

ငြိမ်သက်သွားပြီး ယန်ယဲ့၏လက်ထဲမှ

သစ်သားဓားကို စိုက်ကြည့်ရင်း "ဒီဓားက

မျှော်လင့်ထားသလိုပဲ။ ဘာမဆို

ထိခိုက်နိုင်တယ်”ဟုပြောပါသည်။

ယန်ယွဲ့ သည် သစ်သားဓားကို

ငုံ့ကြည့်ပြီးနောက် ခေါင်းပြန်မော့ကာ

ယန်ရှောင် ကို မော့ကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ရှောင် က

"မင်းဆန္ဒအတိုင်း

ဆက်ပြီးတိုက်ခိုက်ရမလား"

ယန်ယဲ့ က "ငါ ဒီထက်ပိုပြီး

ခံစားချင်သေးတယ်"

စကားပြောပြီးသည်နှင့် ညာခြေကို

တစ်ချက်ဆောင့်၍

အလင်းတန်းတစ်ခုသဖွယ်ပြောင်းကာ

ရှေ့သို့ပြေးထွက်လာခဲ့သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

တစ်ချိန်တည်းမှာပဲ ယန်ရှောင် က သူ့လက်ညှိုးကို ရှေ့ကို ထပ်ပြီး ပုတ်လိုက်ပါသည်။ ထို့နောက် အာကာသပြင်ဟာ ပြင်းထန်စွာ တုန်ခါသွားပြီး ရောမစွမ်းအင်လှိုင်းကြီးတစ်ခု ထွက်ပေါ်လာသည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး ယန်ယဲ့
သည် ၁၀ ကီလိုမီတာအကွာသို့
ထပ်မံလွင့်ထွက်သွားခဲ့သည်။

ယန်ရှောင် က ရုတ်တရက် ပြောခဲ့သည်။

"မင်းဟာ
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူတွေကို
သတ်နိုင်တယ်။ ဒါပေမဲ့ အပြင်ပန်းမှာ
သန်မာတယ်လို့ထင်ရတယ်ဆိုရင်တောင်

တကယ့်တကယ်တော့

အားနည်းနေတယ်။ ဘာလို့လဲဆိုတော့

မင်းရဲ့လက်ရှိခွန်အားတွေက

အပြင်ခွန်အားတွေကိုယူထားလို့ပဲ။

ရိုးရိုးရှင်းရှင်းပြောရရင် မင်းရဲ့ဓားက

သန်မာတယ်၊ မင်းမဟုတ်ဘူး"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သူသည် ယန်ရှောင်

ပြောနေသည့်စကားကို

သဘာဝကျကျ သိပေသည်။

သို့သော်လည်း သူသည်

အခြားနည်းလမ်းမရှိခဲ့ပေ။

ရွေးချယ်စရာတစ်ခုပင် မရှိတော့ပေ။

လက်ရှိအချိန်တွင် သူ၏ရန်သူတိုင်းက

သူ့ထက်

အဆင့်ကြီးနှစ်ဆင့်မြင့်မားနေခဲ့သည်။

ပြင်ပအရင်းအမြစ်ကို မယူလျှင်

မည်သို့တိုက်ခိုက်ရမည်နည်း။ သူသည်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများကို
သတ်ပစ်နိုင်သည့်တိုင်
သူ၏အစစ်အမှန်ခွန်အားမဟုတ်ကြောင်း
အမြဲတမ်းသိနေခဲ့သည်။

ယန်ရှောင် ပြောခဲ့သည့်အတိုင်းပင်
သူ့လက်ထဲမှ သစ်သားဓား ကြောင့်သာ
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများကို
သတ်နိုင်တာပါ။ ရိုးရိုးရှင်းရှင်းပြောရရင်

သူ၏ကျင့်ကြံမှုအဆင့်က
လုံးဝကိုနိမ့်ကျလွန်းခဲ့သည်။

ထိုအချိန်တွင် ယန်ရှောင် က ရုတ်တရက်
ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး
"အတိတ်က ရန်ငြိုးကို အဆုံးသတ်ဖို့
မင်းရဲ့သေဆုံးခြင်းကို ငါသုံးမယ်"
ဟုပြောလိုက်ပါသည်။
စကားပြောပြီးသည်နှင့်

သူ၏လက်ညှိုးဖြင့် ယန်ယဲ့ဆီသို့
ထိုးလိုက်သည်။

ဘမ်း....

မုန်တိုင်းကြီးတစ်ခုအလား ပြင်းထန်သော
စွမ်းအင်လှိုင်းကြီးတစ်ခုဟာ
ယန်ယဲ့ဆီသို့တိုက်ရိုက်တိုးဝင်သွားသည်။
စွမ်းအင်လှိုင်း ဖြတ်သန်းသွားတိုင်း
အာကာသဟာ ချက်ချင်းဆိုသလို

ကွဲထွက်သွားသည်။
အထက်အာကာသပြင်သည်ပင်
ထူးဆန်းသော အနေအထားတစ်ခု
ဖြစ်သွားရလေသည်။

ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သူ၏မျက်လုံးထဲမှ
ရက်စက်ကြမ်းကြုတ်သော
အရိပ်အယောင်များ တောက်ပလာသည်။

ခဏအကြာတွင် သူ့ထံမှ ထာဝရအဆင့် ဓားစိတ်ဆန္ဒ ရှုံးသွပ်စွာ ပေါက်ကွဲထွက်လာသည်။ သစ်သားဓားက ထာဝရအဆင့် ဓားစိတ်ဆန္ဒ ကို ချက်ချင်းစုပ်ယူသွားခဲ့သည်။ထို့နောက် သစ်သားဓားက ပြင်းထန်စွာ တုန်လှုပ်သွားတော့သည်။

စွမ်းအင်လှိုင်းက ယန်ယဲ့ နှင့် ၁၀ မီတာအကွာသို့ပင် ရောက်လာလေပြီ။

ထိုအချိန်တွင် ယန်ယဲ့သည်

သစ်သားဓားကို မြှောက်၍

အမြန်ခုတ်ပိုင်းလိုက်သည်။

အောင်း...

ဓားအူသံတစ်သံ ပဲ့တင်ထပ်လာသည်။

ဘမ်း...

ခဏအကြာတွင်

တိုက်ခိုက်မှုနှစ်ခုစလုံးသည် ယန်ယဲ့

ရှေ့မှာပင် ကွဲထွက်သွားသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့၏ရှေ့မှ

အာကာသပြင်ဟာ ပြိုကျလာပြီး

အာကာသတွင်းနက်ကြီး

ဖြစ်ပေါ်လာသည်။

ထိုအခိုက်အတန့်တွင် ယန်ရှောင် က

ရုတ်တရက် မျက်မှောင်ကြုတ်ကာ

ညာလက်သီးကို ဆုပ်လိုက်ပြီး ရှေ့ကို ဆောင့်ထိုးလိုက်သည်။

ဘုန်း...

သူ့ရှေ့မှ အာကာသတွင်းနက်ကြီးက ပြင်းထန်စွာ တုန်ခါသွားပြီးနောက် ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပင် သူသည် မီတာ ၃၀၀ ခန့်အကွာသို့ ဆုတ်သွားခဲ့သည်။ ထို့နောက်

အလင်းတန်းတစ်ခု ရုတ်တရက်

ပေါ်လာသည်။ယန်ရှောင်၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သူ၏ညာဖက်လက်သီးကို

ဖြည်လျော့လိုက်ကာ ပြင်းထန်သော

အရှိန်အဝါလှိုင်းတစ်ခု ထွက်လာသည်။

အုန်း....

သူ့ထံ ပြေးဝင်လာသော အလင်းတန်းက

လွင့်စင်သွားပြီးနောက် ပုံရိပ်တစ်ခုပါ

လွင့်ထွက်သွားသည်။

May Be:

၂၀၃၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၂၀၃၅ - စစ်နတ်ဘုရား၏ လက်မောင်းတော်

ယန်ရှောင်က နောက်ထပ်တိုက်ခိုက်မှုကို မလုပ်ဆောင်ဘဲ ညာလက်ကို အနည်းငယ်မြှောက်ကာ ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ ပြို့ကျနေသည့် အာကာသပြင်သည် ချင်ချင်းပင် ပုံမှန်ပြန်ဖြစ်သွား၏။

ထို့နောက် ယန်ယဲ့ကို လှည့်ကြည့်ကာ "အမှောင်တာအိုဥပဒေသ က မဆိုးပါဘူး။ ကံမကောင်းစွာပဲ၊ ဒါဟာ ငါနဲ့ တိုက်ပွဲမှာ လုံလောက်ဖို့ ဝေးနေပါသေးတယ်"

ယန်ယဲ့ သည် သူ့ပါးစပ်ထောင့်က သွေးများကို သုတ်လိုက်သည်။ ထိုအခိုက် သူ၏ခန္ဓာကိုယ်ထဲမှ ဝိညာဉ်ကိုယ်ပွား ထွက်လာသည်။ သစ်သားဓားက

ဝိညာဉ်ကိုယ်ပွား၏ လက်ထဲ၌

ရှိနေသည်။ သစ်သားဓားက

တဆတ်ဆတ် တုန်လှုပ်နေသည်။

မရေမတွက်နိုင်သော ဓားစိတ်ဆန္ဒဟာ

သစ်သားဓားရိုးထဲသို့ ပြင်းထန်စွာ

ခုန်ဝင်လာကာ ဓားအူသံများ

အဆက်မပြတ် ထွက်ပေါ်လာသည်။

ခဏအကြာတွင် ယန်ယဲ့၏

ဝိညာဉ်ကိုယ်ပွားနှင့် သစ်သားဓားက

နေရာ၌ ပျောက်ကွယ်သွားသည်။

စိတ်ဝိညာဉ်

ပြန်လည်မွေးဖွားခြင်း၏ဓား။

ယန်ယဲ့၏ပုံရိပ်

ပျောက်ကွယ်သွားသောအခါ

ယန်ရှောင်က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

နောက်ပြန်ဆုတ်သွားခဲ့သည်။

ထိုခဏလေးမှာပဲ သစ်သားဓားက

သူ၏နဖူးရှေ့ ၃ လက်မအကွာသို့

ရောက်ရှိလာသည်။ သို့သော်

လက်နှစ်ချောင်းက ဖိထားသောကြောင့်

ရှေ့သို့ တစ်လက်မပင် မတိုးတော့ပေ။

ထိုအချိန်တွင် ယန်ယဲ့ သည်

သစ်သားဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်ပြီး လိမ်လိုက်သည်။

အောင်း...

ဓားအူသံတစ်သံ ထွက်ပေါ်လာပြီး

ယန်ရှောင် သည် မီတာ ၁၀၀

ကျော်အကွာသို့ လွင့်ထွက်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့၏

ဝိညာဉ်ကိုယ်ပွားဟာ သူ့ခန္ဓာကိုယ်ထဲသို့

ပြန်ဝင်လာသည်။သဘာဝအားဖြင့်

သူ၏ဝိညာဉ်ကိုယ်ပွားကို

မူလခန္ဓာကိုယ်နှင့်

အကြာကြီးဝေးဝေးမထားလိုပေ။

အဘိုးအိုယန်ကု နှင့် ယန်ကလန်၏

တပ်ဖွဲ့များက အဆင်သင့်စောင့်နေလေရာ

သူ့ခန္ဓာကိုယ်ကို တိုက်ခိုက်လျှင်
ပြီးဆုံးသွားပေမည်။

ယန်ရှောင် က သူ့လက်ဝါးကို တစ်ချက်ငုံ့
ကြည့်လိုက်သည်။ သူ့လက်ဝါးအလယ်မှ
သွေးများ အဆက်မပြတ်
စိမ့်ထွက်နေသည်။ လက်ဝါးတစ်ပြင်လုံး
သွေးများနီရဲနေခဲ့သည်။ ခဏမျှ
တိတ်ဆိတ်သွားပြီးနောက် သူက ယန်ယဲ့

ကို မော့ကြည့်ကာ "ဒါက မဆိုးပါဘူး။ ကံမကောင်းစွာပဲ၊ အဲဒါက မလုံလောက်သေးဘူး”

ထိုစကားပြောပြီးသည်နှင့် ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ သူ့ရှေ့မှ အာကာသပြင်ဟာ ရောမလှိုင်းလုံးကြီးသဖွယ် ပြောင်းလဲကာ ယန်ယွဲ့၏ ဦးတည်ရာသို့ ရွေ့လျားသွားသည်။

ထိုမြင်ကွင်းကို မြင်သောအခါ ယန်ယဲ့၏

အမူအရာသည် ပြောင်းလဲသွားသည်။

သူသည် သစ်သားဓားကို

လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ကာ

ရှေ့သို့ ခုတ်ချလိုက်သည်။

ဂျုန်း...

သူ့ရှေ့မှ အာကာသပြင်ဟာ

တောက်လျှောက်ပွင့်ထွက်သွားသည်။သို့

သော်လည်း အာကာသပြင်မှ

ပေါက်ကွဲလာသော စွမ်းအားလှိုင်းကြောင့်

ယန်ယွဲ့ သည် ၁၀

ကီလိုမီတာကျော်အကွာသို့

လွင့်ထွက်သွားခဲ့သည်။ သူ

ရပ်တန့်လိုက်သည်နှင့် ပါးစပ်ထဲမှ

သွေးများ

အဆက်မပြတ်အန်ထုတ်လိုက်သည်။

ထိုအချိန်တွင် ယန်ရှောင်က ယန်ယွဲ့ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာကာ "ဒီစကြာဝဠာက ထိပ်သီးကျင့်ကြံသူတွေရဲ့ ခွန်အားကို မခံစားချင်ဘူးလား။ အခု မင်းမှာ မင်းဘယ်လိုထင်လဲ"

ယန်ယွဲ့ သည် သူ့ပါးစပ်ထောင့်က

သွေးများကို သုတ်လိုက်ပြီး ယန်ရှောင် ကို

စိုက်ကြည့်ရင်း "ဘာမှမဟုတ်ပါလား"

ယန်ရှောင် က စကားထပ်မပြောတော့ပေ။

အချိန်တော်တော်ကြာမှ ယန်ယွဲ့ အား

စိုက်ကြည့်ပြီး "မင်းရဲ့

ကိုယ်တွင်းအင်္ဂါတွေ ကွဲအက်သွားပြီ။

မင်းမှာ ဆန်းကြယ်ချီစွမ်းအင်တွေ

အများကြီး မကျန်တော့ဘူး။

မင်းရဲ့ခန္ဓာကိုယ်တောင်

အက်ကွဲသွားတယ်။

ငါ့ကိုပြောစရာမလိုဘူး၊ ဒီအချိန်မှာ

မင်းကို ဘယ်သူမဆို အလွယ်တကူ

သတ်နိုင်တယ်”

ယန်ယဲ့ က "မင်းဘာလို့မစမ်းတာလဲ"

ယန်ရှောင်က ခေါင်းညိတ်လိုက်ပြီး

သူ့နောက် ခပ်လှမ်းလှမ်းမှ

အဘိုးအိုယန်ကုနှင့်တပ်ဖွဲ့များကို
စိုက်ကြည့်နေသည်။ သိပ်မကြာလိုက်ပေ၊
လူအုပ်ထဲမှ အဘိုးအိုတစ်ယောက်
ရုတ်တရက်ထွက်လာသည်။ အဘိုးအိုက
အပိုစကားပင်ပြောမနေဘဲ ယန်ယွဲ့ဆီကို
ခုန်ဝင်လိုက်သည်။

အန်နန်ကျင်း က ရှေ့တက်လာကာ
ယန်ယွဲ့ကို ကူညီရန် ပြင်လိုက်သည်။
သို့သော် ချန်းချီ က အန်နန်ကျင်း ကို

ရှတ်တရက် တားလိုက်သည်။

အန်နန်ကျင်း က အနည်းငယ်

အံ့သြသွားပြီး ချန်းချီ ကို

စိုက်ကြည့်လိုက်သည်။ ချန်းချီ က

ခေါင်းကို အနည်းငယ်ခါယမ်းကာ

“နောက်ပြန်ဆုတ်လိုက်ပါ”ဟုသာပြောပါ

သည်။

အန်နန်ကျင်းက အနည်းငယ်
မျက်မှောင်ကြုတ်သွားကာ ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်
သူ၏ညာဖက်လက်မောင်းပေါ်ရှိ ဝတ်ရုံကို
ချက်ချင်းဆွဲဖြဲလိုက်သည်။ ထိုအခါ
သူ၏ ညာဖက်လက်မောင်းပေါ်မှ
ရွှေရောင်တလက်လက်တောက်ပနေ
သော စာလုံးလေးတစ်လုံးပေါ်လာသည်။

ထို့နောက် ယန်ယဲ့၏ဘယ်ဖက်လက်က
ရွှေရောင်တံဆိပ်ကို ဖမ်းအုပ်လိုက်သည်။
ခဏအကြာတွင်
သူ၏ညာဖက်လက်မောင်းကို
ဖြည်းညှင်းစွာ မြှောက်လိုက်လေသည်။

အားလုံးကို
ဖယ်ရှားလိုက်သည့်အခိုက်တွင် ယန်ယဲ့၏
မျက်နှာသည် ချက်ချင်းပင်
ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်၏
ညာဖက်ခြမ်းသည် ရုတ်တရက်
ပြင်းထန်စွာ တုန်ခါလာသည်။

ထိုအချိန်တွင်
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ က
ယန်ယဲ့ နှင့် မီတာ ၃၀ အကွာသို့ပင်
ရောက်လာခဲ့သည်။"အား့"
ထိုခဏလေးမှာပဲ အော်ဟစ်ငြီးငြူးသံ
ရုတ်တရက် ထွက်ပေါ်လာသည်။

ဤနေရာရှိ လူတိုင်း၏

အမူအရာများသည် ချက်ချင်း

ပြောင်းလဲသွားသည်။

ယန်ယွဲ့၏ ညာဖက်လက်ထဲ၌ကား

ခေါင်းပြတ်တစ်လုံး

ဆုပ်ကိုင်ထားလေသည်။

ထိုခေါင်းပြတ်က

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ၏ခေါ

င်းပါ။

ထိုအချိန်တွင်

ယန်ယဲ့၏ညာဖက်လက်မောင်း၌

ရွှေရောင်တံဆိပ်တစ်ခုရှိနေသည်။

ရွှေတံဆိပ်ပေါ်တွင်တော့

အရောင်တလက်လက်တောက်ပနေသော

'邢' စာလုံးလေးရှိနေသည်။

သို့သော်လည်း

ယန်ယဲ့၏ညာဖက်လက်က

တုန်ရီနေပြီး ပြင်းထန်စွာ

တုန်ခါနေခဲ့သည်။

ထို့အပြင် ယန်ယဲ့၏မျက်နှာသည်

ကျောက်သားကဲ့သို့ တင်းမာလာပြီး

ကွဲအက်သွားသည်။ သူသည်

ပြင်းထန်သော ဝေဒနာတစ်မျိုးမျိုး

ခံစားနေသလိုပင်။

"အဲဒါဘာလဲ"အန်နန်ကျင်းက

မေးလိုက်ရင်း ယန်ယွဲ့၏ညာဖက်လက်ကို

စိုက်ကြည့်နေသည်။

ချုန်းချီ က ခဏမျှ တိတ်ဆိတ်သွားပြီး

“တစ်ချိန်တုန်းက

အထက်လောကတစ်ခုလုံးကို

မွေ့နှောက်နိုင်ခဲ့တဲ့ စစ်နတ်ဘုရားရဲ့ ညာဖက်လက်မောင်းတော်” ဟု ပြန်ပြောခဲ့သည်။

အန်နန်ကျင်း က "စစ်နတ်ဘုရားလား။ သူ သန်မာခဲ့သလား"

ချုန်းချီ က ခေါင်းညိတ်ပြီး "အရမ်း သန်မာတယ်"

အန်နန်ကျင်း က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့ သည် ယန်ရှောင် နှင့်
ယန်ကလန်၏တပ်ဖွဲ့များ ဆီသို့
စတင်လျှောက်လာရင်း ခေါင်းပြတ်ကို
လက်ထဲတွင် ကိုင်ထားသည်။ သူတို့ထံမှ
မီတာ ၃၀ အကွာသို့ ရောက်လာမှသာ
ရပ်သွားသည်။ ထို့နောက် သူ၏ခေါင်းကို

အနည်းငယ် ခါယမ်းလိုက်ပြီး "ဒီတော့ မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ က အားနည်းတယ်"ဟုပြောပါသည်။

ယန်ရှောင် က ယန်ယွဲ့ ကို ခဏကြာ စိုက်ကြည့်လိုက်သည်။ ထို့နောက် ရွှေရောင်တောက်ပနေသော ယန်ယွဲ့၏ ညာဖက်လက်မောင်း ကို စိုက်ကြည့်နေသည်။ ယန်ရှောင် တစ်ယောက်တည်းတော့မဟုတ်ပါ၊

အဘိုးအိုယန်ကု နှင့်

သူ့နောက်ကွယ်မှတပ်ဖွဲ့များလည်း

ထိတ်လန့်တကြားစိုက်ကြည့်နေခဲ့သည်။

သေချာသည်မှာ

ယန်ယွဲ့၏ညာဖက်လက်မောင်းခွန်အားက

ထိုမျှကြောက်စရာကောင်းနေမည်ဟု

မမျှော်လင့်ထားခဲ့ကြပေ။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

ယန်ရှောင် က "မင်းဒီလို ဝှက်ဖဲကို

ပိုင်ဆိုင်ဖို့ ငါ ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ ကံမကောင်းစွာပဲ၊

ဒါဟာ

ပြင်ပခွန်အားတစ်ခုပဲဖြစ်နေသေးတယ်။

မင်းနဲ့ဘယ်လိုမှမသက်ဆိုင်ဘူး။

ငါထင်တာမမှားရင် မင်းသူ့ရဲ့ခွန်အားကို

ခံနိုင်ရည်ရှိမှာမဟုတ်သလို တကယ်ကို

ပြင်းထန်တဲ့ဝေဒနာတစ်ခုတောင်

ခံစားရလိမ့်မယ်။ အများဆုံးမှ

တစ်နာရီလောက်ပဲ ကြာမယ်။

အဲဒီ့နောက်မှာ မင်းက

ညာဖက်လက်မောင်းရဲ့ စွမ်းအင်နဲ့တင်

တန်ပြန်ရိုက်ခတ်ခံရပြီ။ သါနောင်

မင်းကိုသတ်စရာမလိုလောက်ဘူး"

ယန်ယဲ့က ပြင်းပြင်းထန်ထန်

ရယ်မောလိုက်ပြီး "ဒါမျိုး မဖြစ်ခင်

မင်းတို့အားလုံး

သေရလိမ့်မယ်ကောမထင်ဘူးလား"

ဟု ပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်သွားခဲ့သည်။ ထို့နောက်
ယန်ရှောင်၏ ရှေ့မှာ ပြန်ပေါ်လာပြီး
ညာဖက်လက်ဝါးကိုဆန့်ကာ
ရိုက်ချလိုက်သည်။

ယန်ရှောင်၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သူက ရှေ့သို့ ခြေတစ်လှမ်းတိုးကာ

လက်နှစ်ချောင်းဆန့်ထုတ်ပြီး

ယန်ယွဲ့ဆီသို့ ပုတ်လိုက်သည်။

ထိုအချိန်တွင် လူတိုင်းက

ယန်ယွဲ့၏ညာဖက်လက်ဝါးနှင့်

ယန်ရှောင်၏လက်ချောင်းနှစ်ချောင်း

ထိပ်တိုက်တွေ့သည်ကို

စောင့်ကြည့်နေခဲ့သည်။

ဂျုန်း...

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။

ယန်ရှောင်၏လက်နှစ်ချောင်းလုံး

ပြုတ်ထွက်သွားသည့်အပြင်

လူကိုယ်တိုင်ပါ ၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။

ထိုမြင်ကွင်းကြောင့် အဘိုးအိုယန်ကု

နှင့်ယန်ကလန်၏တပ်ဖွဲ့များလည်း

အံ့သြသွားကြသည်။ ယန်ယဲ့၏

ညာဖက်လက်က ထိုမျှအဆင့်ထိပင်

ကြောက်စရာကောင်းနေမည်ဟု သူတို့

မမျှော်လင့်ထားခဲ့ကြပေ။

ယန်ရှောင် ကိုယ်တိုင်ပင် တော်တော်လေး

အံ့သြသွားသည်။ ယန်ယဲ့ သည်

သူ့အားဒဏ်ရာရစေနိုင်သည်အထိ

သန်မာနေမည်ဟု မထင်ထားလို့ပါ။

နောက်ဆုံးတွင် သူနှင့် ယန်ယဲ့ ကြားမှ

ကွာဟချက်က

ကြီးမားသည်မဟုတ်လား။

သို့သော်လည်း သူသည် ယန်ယဲ့၏လက်ရှိ

ခွန်အားကိုပင် မခုခံနိုင်ခဲ့ပေ။

ယန်ရှောင်၏ အကြည့်သည်

ယန်ယဲ့၏ညာဖက်လက်ဆီသို့

ကျဆင်းသွားပြန်သည်၊ "အဲ့လက်က

ဘာလဲ"

"မင်းအသက်ကို နှုတ်ယူမယ့် လက်တစ်ဖက်" ယန်ယဲ့၏ ပြင်းထန်သော အသံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် သူဟူနေရာမှာပင် ဖျတ်ခနဲ ပျောက်သွားပြန်သည်။

တစ်ချိန်တည်းမှာပဲ ယန်ရှောင်က နောက်ခြေတစ်လှမ်းဆုတ်ပြီး သူ၏ညာဖက်လက်ဝါးကို ရှေ့သို့ ပုတ်လိုက်တယ်။

May Be:

၂၀၃၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၆ - ငါပြန်လာမယ်

ယန်ရှောင်၏ လက်ဝါးမှ

ပြင်းထန်သောစွမ်းအင်လှိုင်းများ

ထွက်ပေါ်လာပြီး အာကာသပြင် သည်

ပင်လယ်ရေလှိုင်းလုံးများ ကဲ့သို့
တဝုန်းဝုန်းလှိုင်းထလာသည်။

သို့သော်လည်း ယန်ယဲ့၏
ညာဖက်လက်ဝါးကြီး
ကျဆင်းလာသည်နှင့် တပြိုင်နက်
ထိုနေရာသည် ချက်ချင်း
ကွဲအက်သွားသည်။ တစ်ချိန်တည်းမှာပင်
ယန်ရှောင် သည်

အာကာသတွင်းနက်ထဲထိ

အကြိမ်ကြိမ်ဆုတ်သွားရသည်။

ထိုအချိန်တွင် အာကာသတွင်းနက်ကြီး

သည့် ရုတ်တရက်

စတင်လည်ပတ်လာသည်။

ထိုခဏလေးမှာပဲ

အာကာသတွင်းနက်ဟာ

အနက်ရောင်ဝဲကတော့ကြီးသဖွယ်ပြော

င်းကာ ယန်ရှောင်ကို

အထဲသို့စုပ်ယူသွားသည်။

ထိုမြင်ကွင်းကြောင့် အဘိုးအိုယန်ကု နှင့်

အခြားတပ်ဖွဲ့များ၏ အမူအရာများက

ပြောင်းလဲသွားပြီး

တိုက်ခိုက်ရန်ပြင်ကြသည်။

အုန်း....

အနက်ရောင်ဝဲကတော့ကြီးအတွင်းမှ

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ပဲ့တင်ထပ်လာသည်။ ထို့နောက်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်ကြိုးတစ်ချောင်း

ထွက်ပေါ်လာပြီး အာကာသပြင်ကို

ပြုပြင်သွားခဲ့သည်။

အဘိုးအိုယန်ကု နှင့်

ယန်ကလန်၏တပ်ဖွဲ့များ အားလုံး

ယန်ရှောင် ကို စိုက်ကြည့်ကြရင်း

မျက်နှာပျက်သွားခဲ့သည်။အကြောင်းက

တော့ ယန်ရှောင်၏ ပါးစပ်ထောင့်မှ

သွေးတစ်စက်စက်

စီးကျနေလို့ပါ။သူ၏ရင်ဘတ်ပေါ်၌

စင်တီမီတာ အနည်းငယ်နက်သော

ဓားဒဏ်ရာတစ်ခုပါရှိနေခဲ့သည်။

ဘိုးဘေး တကယ်ပဲ ဒဏ်ရာရခဲ့တာလား။

ယန်ကလန်၏ တပ်ဖွဲ့အားလုံး

တုန်လှုပ်ချောက်ချားကုန်သည်။

ယန်ရှောင် ။

တစ်နည်း ယန်ကလန်၏ ဘိုးဘေး သည်

အလယ်စကြာဝဠာ၏

အစွမ်းထက်ဆုံးကျင့်ကြံသူများထဲမှ

တစ်ယောက်ပင်။ သို့သော် ယန်ယွဲ့

ကတော့၊ သူသည်

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ

တစ်ယောက်သာ။

ပြန်လည်မွေးဖွားခြင်းအဆင့် ။

ထိုသူက ယန်လလန်၏ ဘိုးဘေးကို

ဒဏ်ရာရစေနိုင်မည်ဟု

ထင်ရက်စရာပင်မရှိပေ။

လူတိုင်း ကိုယ့်မျက်စိဖြင့်ကိုယ်

မမြင်ပါက ယုံနိုင်မှာမဟုတ်ပါ။ သို့သော်

သူတို့ရှေ့မှ မြင်ကွင်းဟာ

အမှန်ဖြစ်နေ၏။

လက်မခံချင်သော်လည်း

လက်ခံရပေမည်။

အဘိုးအိုယန်ကု နှင့်

ယန်ကလန်၏တပ်ဖွဲ့အားလုံး ယန်ယဲ့ကို

စိုက်ကြည့်နေကြသည်။သူတို့၏

မျက်လုံးထဲ၌လည်း ဖုံးကွယ်မထားသော
သတ်ဖြတ်လိုစိတ်များရှိနေပါသည်။

ဤတစ်ကြိမ်တွင်တော့ လူတိုင်းဟာ
ယန်ယဲ့ကို လုံးဝကြောက်ရွံ့သွားခဲ့လေပြီ။

ယန်ယဲ့ သည်
ပြန်လည်မွေးဖွားခြင်းအဆင့် သာ
ဖြစ်၏။ သို့သော်လည်း
မူလနတ်ဘုရားအဆင့် ခွန်အားကို

ပိုင်ဆိုင်ထားသည်။ ပြင်ပအင်အားကို
ယူထားသော်လည်း ယန်ယွဲ့သာ
ထာဝရတန်ခိုးရှင်အဆင့်
သို့တက်လှမ်းသည်နှင့်
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူတိုင်း
ဟင်းရွက်ကန်စွန်းများကဲ့သို့
အသတ်ခံရပေမည်။

ယန်ကလန်သည် ယန်ယွဲ့ နှင့်
မပြေနိုင်တော့သော

ရန်ငြိုးများရှိနေခဲ့ပြီဖြစ်သည်။ တစ်နည်းအားဖြင့် အနာဂတ်၌ ကပ်ဘေးနှင့် မကြုံတွေ့လိုလျှင် ယန်ယဲ့အားသေချာပေါက်ဖယ်ရှားပစ်ရပါမည်။ မဟုတ်လျှင် ယန်ယဲ့ မသေပါက ယန်ကလန်ရင်ဆိုင်ရမည့် အခြေအနေကို တွေးကြည့်နိုင်သည်။

ယန်ကလန် အနေဖြင့် ယန်ယဲ့ကို အပြီးတိုင်ဖယ်ရှားပစ်မှသာ။

အဘိုးအိုယန်ကု နှင့်

တပ်ဖွဲ့များသာမဟုတ်ဘဲ ယန်ရှောင်

ပင်လျှင် ထိုအတွေးမျိုးရှိနေခဲ့သည်။

ယခင်က ယန်ယွဲ့အား မည်သူမျှ

အလေးအနက်မထားခဲ့ကြပေ။

နောက်ဆုံးတွင်တော့ သူတို့ဟာ

ယန်ယွဲ့၏သဘာဝစွမ်းရည်ကို

မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရပေပြီ။

အကယ်၍သာ ယန်ယွဲ့ကို

ဆက်ပြီးအင်အားကြီးလာခွင့်ပြုလိုက်လျှ
င် ယန်ကလန်ဟာ
ကြောက်မက်ဖွယ်ရာကပ်ဘေးတစ်ခုနှင့်
ရင်ဆိုင်ရမှာပါ။

အတိုချုပ်ဆိုရလျှင် ယန်ကလန်
မပျက်စီးချင်ပါက ယန်ယဲ့
သေဆုံးရပေမည်။

ထိုအချက်ကို စဉ်းစားမိသည်နှင့်

ယန်ရှောင်က သူ၏လက်သီးများကို

ဖြည်းညှင်းစွာ ဆုပ်ထားလိုက်ပါသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် နေရာတွင်

ရုတ်တရက်ပျောက်သွား၏။

ထိုခဏလေးမှာပဲ

ယန်ယွဲ့သည်ယန်ရှောင်၏ရှေ့၌

ပေါ်လာသည်။ယန်ရှောင်က

များများစားစားတွေးမနေတော့ဘဲ

သူ၏ညာဖက်လက်သီးကိုသာထိုးချလိုက်သည်။

အုန်း…

လက်သီးချက်မှ
ကြောက်မက်ဖွယ်အားလှိုင်းများ
ပေါက်ကွဲထွက်လာသည်။
အာကာသပြင်သည်
ချက်ချင်းကွဲအက်သွားကာ

ပတ်ဝန်းကျင်တစ်ခုလုံး

အမှောင်အတိကျသွားလေတော့သည်။

"ပျက်စီးခြင်းမန္တာန်" ထိုအချိန်တွင်

အာကာသတွင်းနက်ထဲမှ

ယန်ရှောင်၏အသံ ရုတ်တရက်

ပဲ့တင်ထပ်လာသည်။ ခဏအကြာတွင်

အာကာသတွင်းနက်ထဲမှ အားပြင်းသော

စွမ်းအင်လှိုင်းလုံးကြီး ထွက်လာသည်။

ထို့နောက်တွင်

အာကာသတွင်းနက်ကြီးသည် အပိုင်းပိုင်း

ကွဲသွားလေသည်။

ဂျုန်း...

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာ၏။ အသက်ရှူချိန်

တစ်ဒါဇင်ကျော်

ကြာသွားပြီးနောက်မှသာ

အာကာသပြင်သည်

ပုံမှန်ပြန်ဖြစ်သွားသည်။

ထိုအချိန်တွင် အန်နန်ကျင်း က အဝေးမှ

အာကာသပြင်ကျယ်ကြီးအား

စိုက်ကြည့်နေကာ လက်သီးများကို

ဖြည်းညှင်းစွာ ဆုပ်ထားသည်။ သူမ၏

မျက်လုံးထဲမှာတော့ စိုးရိမ်ပူပန်မှုများ

ရှိနေခဲ့သည်။

အချိန်တော်တော်ကြာမှသာ ထိုနေရာမှ
အာကာသပြင်သည် ပုံမှန်ပြန်ဖြစ်လာ၏။
ထို့နောက်တွင် ယန်ယဲ့နှင့် ယန်ရှောင်တို့
နှစ်ဦးစလုံး လူတိုင်းရှေ့တွင်
ပေါ်လာသည်။

တစ်ယောက် နှင့်တစ်ယောက် ၃
ကီလိုမီတာအကွာ၌ ရှိနေကြသည်။
အပြင်ပန်းအခြေအနေကတော့

နှစ်ယောက်စလုံး

အဆင်ပြေနေကြ၏။အသက်ရှူ ၁၀

ရှိုက်စာလောက် တိတ်ဆိတ်သွားသည်။

ယန်ရှောင်က အသက်ပြင်းပြင်းရှူကာ

ယန်ယဲ့၏ ညာဖက်လက်မောင်းကို ထပ်မံ

စိုက်ကြည့်ပြီး "အဲဒါ ဘာလက်ရုံးလဲ"

သူသည် အစောပိုင်းကလို

အလားတူမေးခွန်းသာ

ထပ်မေးလိုက်သည်။ အမှန်တော့

သူသည်

ယန်ယဲ့၏ညာဖက်လက်မောင်းကို

အတော်လေးစူးစမ်းချင်မိသည်။

အကြောင်းမှာ ယန်ယဲ့၏

ရှေ့ရောင်တောက်ပနေသော

ညာဖက်လက်မောင်းက သူ့အား

ဖိနှိပ်ထားလို့ပါ။

သို့သော်လည်း ယန်ယဲ့ သည်

ပြန်မဖြေပါ။

ညာခြေကိုတစ်ချက်ဆောင့်၍
ယန်ရှောင်၏ ရှေ့သို့ ခုန်ဝင်လာသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
ရုတ်တရက် လမ်းကြောင်းပြောင်းကာ
အဘိုးအိုယန်ကု နှင့်
ယန်ကလန်၏တပ်ဖွဲ့များထံ
ခုန်ဝင်သွား၏။

ထိုမြင်ကွင်းကြောင့် အဘိုးအိုယန်ကု

အပါအဝင် လူတိုင်း၏

အမူအရာများသည်

ချက်ချင်း ပြောင်းလဲသွားကြသည်။

ယန်ရှောင် လို ကလန်၏ဘိုးဘေးပင်

ယန်ယဲ့အား မယှဉ်နိုင်ပါ။ ထိုသို့ဆိုလျှင်

သူတို့က ရင်ဆိုင်နိုင်မည်လား။

လူတိုင်းက

အလွန်ကြောက်လန့်နေသောလည်း

မည်သူမျှ နောက်ဆုတ်သွားခြင်း မရှိပေ။

အားလုံးက

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများ

ဖြစ်လေရာ

အဆင့်မြင့်စိတ်ဝိညာဉ်အခြေအနေများ

ပိုင်ဆိုင်ထားကြသည်။

အဘိုးအိုယန်ကု က

သူ၏လက်ကိုဝှေ့ယမ်းလိုက်ရာ

သူ၏အနက်ရောင်တုတ်ကောက်တစ်

ချောင်းပေါ်လာပြီး ရှေ့သို့

ဆောင့်ထိုးလိုက်သည်။

အဘိုးအိုယန်လင်း နှင့်

အဘိုးအိုယန်ကု၏

နောက်ကွယ်မှ

အခြားနှစ်ယောက်ကလည်း တပြိုင်နက်

တိုက်ခိုက်ခဲ့ကြသည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၄ ယောက်ပေါင်းတိုက်ခိုက်မှုပါ။

မီတာထောင်ချီကျယ်သော အာကာသပြင်သည် ပြင်းထန်စွာ တုန်လှုပ်လာခဲ့လေသည်။ အလွန်ပင် ကြောက်စရာကောင်းလှသော မြင်ကွင်းတစ်ခုပါ။

ယန်ယဲ့ သည် လုံး၀

အရှိန်မလျှော့ပါ။သူ့မျက်လုံးထဲ၌

ရက်စက်ကြမ်းကြုတ်မှုများ

တောက်ပလာသည်။

သူ၏ညာဖက်လက်သီးကို ဆုပ်ပြီး ရှေ့ကို

လှမ်းထိုးလိုက်သည်။

ယန်ယဲ့၏ ညာဖက်လက်သီးမှ

ပြင်းထန်သော စွမ်းအားလှိုင်းကြီးတစ်ခု

ပေါက်ကွဲလာကာ ရှေ့သို့

တောက်လျှောက်ပြေးထွက်လာသည်။

ထိုခဏလေးမှာပဲ

အာကာသပြင်ကျယ်ဟာ

ပြို့ကျသွားသဖြင့် အဘိုးအိုယန်ကု

တို့တစ်သိုက်၏ အမှုအရာများက

သိသိသာသာပြောင်းလဲသွားပါတော့သ

ည်။အကြောင်းကတော့

အာကာသတွင်းနက်ထဲ၌ဆိုလျှင်

ယန်ယဲ့၏ခွန်အားက

လုံးဝကိုကြောက်စရာအတိဖြစ်နေလို့ပါ။

ကံကောင်းထောက်မစွာ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားတစ်ခုက

ပြိုကျလာသော အာကာသပြင်ကို

ချက်ချင်းပြုပြင်ခဲ့သည်။

အာကာသပြင်ကို ပြူပြင်လိုက်သူကတော့
အခြားသူမဟုတ်ဘဲ
ယန်ကလန်၏ဘိုးဘေး ယန်ရှောင် ပါ။

သူသည် လက်အောက်ငယ်သားများကို
သဘာသအတိုင်း ကူညီလိုက်သည်။
အကြောင်းမှာ ယန်ယဲ့သာ
အာကာသတွင်းနက်ထဲ၌ ရှိနေလျှင်
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများပါ
သူ့ပြိုင်ဖက်မဖြစ်နိုင်လို့ပါ။ ယန်ယဲ့

အတွက် သူတို့အား အသာ

လေးသတ်သွားနိုင်၏။ ယန်ကလန် သည်

မဟာကလန်ကြီး ၈ ခုအနက်မှ

တစ်ခုဖြစ်သည်။ သို့သော်လည်း

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများကို

ဆုံးရှုံးရန် မတတ်နိုင်ပါ။

သို့တည်းမဟုတ် ယန်ကလန် သည်

ဤအဖြစ်အပျက်၌

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အများအပြားဆုံးရှုံးလိုက်ရပေပြီ။

အဘိုးအိုယန်ကု နှင့် အခြားသုံးယောက်ပါ

ထပ်ပြီးအသတ်ခံရလျှင် ယန်ကလန်

သည် မဟာကလန်ကြီး ၈ ခုမှ

အောက်ဆုံးသို့ ထိုးကျသွားပေမည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ၃

ကီလိုမီတာအကွာတွင် ပေါ်လာသည်။

သူ့မျက်နှာသည် လုံးလုံး နီရဲနေသည်။

သူ၏ညာလက်က တုန်ရီနေဆဲပါ။

အမှန်တော့ သေချာအာရုံစိုက်ကြည့်လျှင်

သူ၏ညာဖက်လက်မောင်းတင်မဟုတ်ဘဲ

တစ်ကိုယ်လုံးညတုန်ယီနေကြောင်း

သတိထားမိမှာပါ။

၎င်းသည်

လက်တစ်ချောင်းမျှသာဖြစ်သော်လည်း

လက်၏မူလပိုင်ရှင်က

အစွမ်းထက်ဆုံးတည်ရှိမှုဖြစ်ခဲ့သည်။
ယန်ယဲ့၏ လက်ရှိခွန်အားက
လက်မောင်းပိုင်ရှင်ထက်
နိမ့်ကျလွန်းသည်။ ထို့ကြောင့် သူသည်
လက်မောင်း၏ ခွန်အားကို လုံးဝ
မခံနိုင်ပေ။

အလျှော့မပေးလိုသောဆန္ဒ ကြောင့်သာ
ယာယီတောက်ခံနိုင်တာပါ။

သို့သော်လည်း လက်ရှိအချိန်တွင် သူ၏

အကန့်အသတ်ကို ရောက်နေပါပြီ။

ထိုအချိန်တွင် ယန်ရှောင် က လေထဲသို့

ရုတ်တရက် ခုန်တက်သွားသည်။

ထိုခဏလေးမှာပဲ ယန်ယွဲ့၏အထက်သို့

ရောက်လာကာ သူ့လက်ဝါးကို

အောက်ဖိချလိုက်သည်။

ဂျုန်း...

ကောင်းကင်ယံမှ

အနက်ရောင်လက်ဝါးကြီးတစ်ဖက်

ဆင်းသက်လာ၏။ ၎င်းမှ

ကြောက်မက်ဖွယ်ရာ စွမ်းအားများ

ဖြာထွက်နေကာ ယန်ယွဲ့ကို

အစိတ်စိတ်အမြွှာမြွှာ

ဖြစ်ချေတော့မည့်ပုံရသည်။

ယန်ယဲ့ သည် သူ့အပေါ်မှ အနက်ရောင်

လက်ဝါးကြီးကို

မော့ကြည့်လိုက်ပြီးနောက်

ညာခြေကိုဆောင့်ကာ လေထဲသို့

ခုန်တက်သွားသည်။ ထို့နောက်

သူ၏ညာဖက်လက်ကိုမြှောက်ကာ

အနက်ရောင်လက်ဝါးကြီးကို

အသာပုတ်လိုက်သည်။

အုန်း...

ယန်ရှောင်၏ တိုက်ခိုက်မှုက ချက်ချင်းပင်ကွဲကြေသွားသည်။

သို့သော်လည်း ယန်ယဲ့ သည် ထပ်ပြီးမတိုက်ခိုက်တော့ပေ။ သူ့ပုံရိပ်က ချုန်းချီ၏ နောက်ကျောပေါ် ခုန်တက်သွားသည်။တစ်ဆက်တည်း "အစ်ကိုချုန်းချီ၊ သွားရအောင်"ဟုပြောလိုက်သည်။

ယန်ယဲ့၏အသံသည်
အနည်းငယ်အက်ကွဲနေခဲ့သည်။

ချုန်းချီ သည် ခဏမျှ
ထိတ်လန့်သွားပြီးနောက် ယန်ယဲ့ နှင့်
အန်နန်ကျင်း ကို ကျောပေါ်တင်ကာ
ကြယ်တာရာကောင်းကင်ပြင် သို့
ခုန်တက်သွားလေတော့သည်။"သူတို့ကို
တားလိုက်စမ်း" ယန်ရှောင်က
ဒေါသတကြီး အော်ဟစ်လိုက်သည်။

ထို့နောက် သူသည်

အလင်းတန်းတစ်ခုအဖြစ်ပြောင်း၍

ယန်ယဲ့ ထွက်ပြေးသွားသည့်နောက်သို့

တဟုန်ထိုးပြေးလိုက်သွားသည်။

ယန်ရှောင်၏ နောက်ကွယ်မှ

အဘိုးအိုယန်ကု နှင့်

ယန်ကလန်၏တပ်ဖွဲ့များ

လိုက်လာကြသည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

သူ၏ညာဖက်လက်ဝါးကို အောက်သို့

ပုတ်လိုက်သည်။

ဂျိန်း...

အထက်မှ ပြင်းထန်သော

စွမ်းအင်လှိုင်းလုံးကြီး

ဆင်းသက်လာသည်။ ၎င်းက ယန်ရှောင်

ဆီသို့ တည့်တည့်တိုးဝင်သွား၏။

ယန်ရှောင် က ချက်ချင်းပင်

လွင့်ပျံထွက်သွားလေသည်။

သူတစ်ယောက်တည်းမဟုတ်ပါ၊

အဘိုးအိုယန်ကု နှင့်

ယန်ကလန်၏တပ်ဖွဲ့များလည်း

အကြိမ်ကြိမ်နောက်ပြန်ဆုတ်သွားရသည်

။

ကီလိုမီတာ ရာနှင့်ချီ

လွင့်ပျံထွက်သွားကြသည်။

ထိုအချိန်တွင် ချုန်းချီ၏ပုံရိပ်က ကြယ်တာရာကောင်းကင်ပြင်ထဲသို့ ပျောက်ကွယ်သွားခဲ့လေသည်။

တစ်ချိန်တည်းမှာပင် အဝေးဆီမှ ယန်ယဲ့၏ ပြင်းထန်သော အသံ ပဲ့တင်ထပ်လာခဲ့လေသည်။ “ယန်မျိုးနွယ်။ ငါယန်ယဲ့ ပြန်လာခဲ့မယ်။

ယန်ကလန်တစ်ခုလုံးကို

သွေးနဲ့ဆေးကြောပစ်မယ်"

May Be:

၂၀၃၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၇ - တန်ပြန်ရိုက်ခတ်မှု

ယန်ယဲ့၏ အသံသည်

ကြယ်တာရာကောင်းကင်မှ

မိုးချိန်းသံကဲ့သို့

တဟုန်ထိုးမြည်ဟီးနေခဲ့သည်။

ယန်ရှောင် နှင့်

ယန်ကလန်၏တပ်ဖွဲ့များအားလုံး

မျက်စိမျက်နှာပျက်နေကြသည်။

ယန်ယဲ့

ထွက်ပြေးသွားခဲ့ပြီမဟုတ်ပါလား။

ယန်ကလန်၏ ဘိုးဘေး အပါအဝင်

အဆင့်မြင့်အာဏာပိုင်များ

ဝိုင်းထားသည့်ကြားမှပင်

ထွက်ပြေးသွား၏။

လွန်ခဲ့သော ရက်အနည်းငယ်ကတော့

ယန်ကလန် အတွက် ယန်ယဲ့အား

သတ်ဖြတ်ဖို့ကိစ္စဟာ အတော်လေးကို

လွယ်ကူပါသည်။ အကြောင်းမှာ ယန်ယွဲ့

သည်

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ

တစ်ယောက်သာဖြစ်နေလို့ပါ။

ယန်ကလန် အနေဖြင့်

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ

ကို သတ်ဖို့က

လုံးဝရိုးရှင်းသည်မဟုတ်ပါလား။

သို့သော် လက်တွေ့မှုကား

အရာရာတိုင်းသည်

သူတို့၏မျှော်လင့်ချက်များထက်

ကျော်လွန်သွားခဲ့သည်။

ယန်ယဲ့၏ ခွန်အားသာမကဘဲ

ဝှက်ဖဲများပင် သူတို့ထင်ထားသည်ထက်

များစွာကျော်လွန်နေ၏။

ယန်ယဲ့အတွက် တစ်ခုတည်းသော

အားနည်းချက်ကတော့

ပြန်လည်မွေးဖွားခြင်းအဆင့်

မှာသာရှိနေခြင်းပင်။အကယ်၍ သာ

ထာဝရအဆင့် သို့မဟုတ်

မူလနတ်ဘုရားအဆင့်

သို့တက်လှမ်းသွားလျှင်တော့

ယန်ကလန်တစ်ခုလုံး

ပေါင်းထားသည့်တိုင်
ရင်ဆိုင်နိုင်မည်မဟုတ်တော့ပေ။

ယန်ယဲ့၏ ဒေါသစရိုက်ကိုအခြေခံသော
ယန်ကလန် သို့ပြန်လာမည်ဖြစ်ကြောင်း
ပြောနေစရာတောင်မလိုပါ။
ထိုအချိန်တွင် သူသည် ယန်ကလန်ကို
သွေးဖြင့် ဆေးကြောမည်မှာ
သေချာသလောက်ပင်။

ဤနေရာမှ လူတိုင်း အကုန်လုံး
တိတ်ဆိတ်သွား၏။ တစ်ချိန်တည်းတွင်
လေထုသည်လည်း အတော်လေး
တင်းမာနေခဲ့ပါသည်။

အချိန်တော်တော်ကြာပြီးနောက်မှ
ယန်ရှောင် က ရုတ်တရက်
စကားစလိုက်သည်။

"ငါ့ယန်ကလန်မှာ ရနိုင်တဲ့ အရင်းအမြစ်တွေအကုန်သုံးပြီးတော့ သူ့ကိုလိုက်ရှာဖို့ဖမ်းဝရမ်းထုတ်ပါ။ အပြစ်ကြေညာချက်နဲ့ပတ်သက်ရင်တော့ "ယန်ယဲ့က အပြင်လူနဲ့ပေါင်းပြီး ယန်ကလန်ရဲ့ အဖိုးတန်ရတနာကိုခိုးယူဖို့ကြိုးစားခဲ့တယ်"။ ငါ့ယန်ကလန်က သူ့ကို သတ်နိုင်တဲ့ ဘယ်သူမဆို

ကလန်ရဲ့နည်းစနစ်ခန်းမကိုဝင်ခွင့်ပြုမယ်

။ ပြီးတော့

ဘယ်မူလအဆင့်နည်းစနစ်မဆို

နှစ်ခုရွေးချယ်ခွင့်ပါပေးမယ်"

ယန်ရှောင်က စကားဆက်မပြောခင်

ခဏလောက်ရပ်ပြီး

“တစ်ယောက်ယောက်က သူ့ကို

မသတ်နိုင်ရင်တောင် ငါ့ယန်ကလန်က

ယန်ယဲ့နဲ့ပတ်သက်တဲ့ သတင်းရနေသရွေ့

မူလအဆင့်နည်းစနစ်တစ်ခုပေးဦးမှာပါ။
ဒါ့အပြင် ယန်ယဲ့ ဟာ ငါတို့ယန်ကလန်ရဲ့
နံပါတ်တစ်ရန်သူဆိုတာ
ကလန်အဖွဲ့သားတွေကို
အကြောင်းကြားလိုက်တော့”

အဘိုးအိုယန်ကု နှင့် အခြားသူများ၏
အမူအရာများသည်
အတော်လေးကိုဆိုးရွားလှသည်။

အားလုံးက စကားမပြောဘဲ
နှုတ်ဆိတ်နေခဲ့သည်။

ယန်ရှောင် က စကားပြောပြီးနောက်
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။ သူသည်
မျက်လုံးပြန်ဖွင့်လိုက်ပြီး အဝေးကို
ရုတ်တရက် လှည့်ကြည့်လိုက်သည်။
ထိုနေရာ၌
အမျိုးသမီးတစ်ယောက်ရပ်နေခဲ့သည်။

ဤအခိုက်အတန့်တွင် လူတိုင်း သတိထားမိသွားကာ အမျိုးသမီး ကို စိုက်ကြည့်နေကြသည်။

ယန်ရှောင် က အမျိုးသမီး ကို အချိန်အကြာကြီး စိုက်ကြည့်ကာ "ဘာလို့ မကူညီတာလဲ။ မင်းကူညီခဲ့မယ်ဆိုရင် ငါတို့ သူ့ကိုသတ်ဖို့ ၉၀ ရာခိုင်နှုန်းလောက်

အခွင့်အလမ်းရှိလိမ့်မယ်"ဟုပြောလိုက်၏။

အမျိုးသမီးက ယန်ရှောင်၏အဖွဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "ဘာလို့ငါကူညီရမှာလဲ"ဟူ၍သာ ပြန်ပြောသည်။

ယန်ရှောင် က "မင်းက ယန်ကလန် ရဲ့ အဖွဲ့ဝင်ပါ"

အမျိုးသမီးက "ယန်ယဲ့က ယန်ကလန်ရဲ့ အဖွဲ့ဝင်မဟုတ်ဘူးလား"ဟုပြန်မေးလိုက်သည်။

ယန်ရှောင် က သူမကို အချိန်အကြာကြီး စိုက်ကြည့်ပြီး "ဒါက မင်းလိုချင်တာလား"

အမျိုးသမီးက ခေါင်းခါလိုက်သည်

“လုံးဝမဟုတ်ဘူး”

ယန်ရှောင် က "ယန်ကလန်ရဲ့

ဘိုးဘေးဖြစ်ဖို့

စိတ်အားထက်သန်နေတာလား"

အမျိုးသမီး က ယန်ရှောင် ကို

တည့်တည့်ကြည့်ကာ "ဘာဖြစ်လို့လဲ"

ယန်ရှောင်က အမျိုးသမီးကို

အချိန်တော်တော်ကြာထိ

စိုက်ကြည့်နေခဲ့သည်။ ရုတ်တရက် သူက "ငါမင်းကိုသတ်ချင်သလိုခံစားရတယ်!"

အမျိုးသမီးက ပခုံးတွန့်ပြီး ယန်ရှောင် ကို လက်ဟန်ပြကာ “ဘာလို့ မစမ်းကြည့်တာလဲ”ဟုပြောပါသည်။

ယန်ရှောင်က အမျိုးသမီးကို စိုက်ကြည့်ရင်း ညာဖက်လက်သီးကို ဖြည်းညှင်းစွာ ဆုပ်လိုက်သည်။

ခဏအကြာတွင် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

ဆုပ်ထားသော လက်သီးကို

ဖြေလျှော့လိုက်သည်။

လက်ရှိအချိန်တွင် ယန်ကလန် သည်

နောက်ထပ် အတွင်းရေးတိုက်ပွဲ

ဖြစ်လို့မရတော့ပေ။

ခဏကြာ တိတ်ဆိတ်သွားပြီးနောက်

ယန်ရှောင် က မျက်လုံးများကိုဖွင့်ကာ

အမျိုးသမီးကို စူးစိုက်ကြည့်ရင်း

"အမျိုးသမီးတွေက ဘိုးဘေးရာထူးကို

အမွေဆက်ခံလို့ မရဘူး။ ဒါဟာ ငါတို့

ဘိုးဘေးတွေ ချမှတ်ထားတဲ့ စည်းမျဉ်းပဲ”

သူမက ယန်ရှောင် ကို စိုက်ကြည့်ရင်း

"ငါတို့ မျိုးနွယ်ရဲ့

ဘိုးဘေးအဆက်ဆက်က

အရူထနေတာပဲ။ နင်တို့အားလုံး ဒီလိုပဲ ဖြစ်မှာလား”

"မင်းဘယ်လိုရှိုင်းစိုင်းရဲတာလဲ"

ယန်ရှောင်က

ဒေါသတကြီးအော်လိုက်ပြီးနောက်

ညာဖက်လက်ဝါးကို ရှေ့သို့

ပုတ်လိုက်သည်။

သူ့ရှေ့ရှိ အာကာသထဲမှ အနက်ရောင်

လက်ဝါးကြီးတစ်ဖက် ချက်ချင်း

ထွက်လာပြီး အမျိုးသမီး ရပ်နေသည့်

နေရာဆီသို့

ရိုက်ချလိုက်သည်။အမျိုးသမီးက

ဘာမှထူးခြားဟန်မပြပေ။

သူမ၏လက်ကို

ရုတ်တရက်မြှောက်လိုက်ပြီး

လက်ညိုးတစ်ချောင်းဖြင့် ရှေ့သို့

ပုတ်လိုက်သည်။

ဆူး....

လျှပ်စီးကြောင်းတစ်ခုက

အာကာသပြင်ကို ဆုတ်ဖြဲသွားပြီး

ယန်ရှောင်၏

အနက်ရောင်လက်ဝါးကြီးကို

ဖောက်ခွဲပစ်လိုက်သည်။ သို့သော်လည်း

လျှပ်စီးကြောင်းက ပျောက်မသွားဘဲ

ယန်ရှောင်၏ ရှေ့သို့

ချက်ချင်းရောက်လာခဲ့သည်။

ယန်ရှောင်၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူသည် တုံ့ဆိုင်းမနေဘဲ

ညာဖက်လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။

ခွမ်း...

လျှပ်စီးကြောင်းက ချက်ချင်း

ပေါက်ကွဲသွားသည်။ သို့သော်

ပျောက်မသွားပါ။ပေါက်ကွဲမှုမှ

ဖြာထွက်လာသော

လျှပ်စီးချီကြိုးများအားလုံးက

အမျိုးသမီးထံသို့ ပြန်ရောက်သွားသည်။

ထို့နောက် လျှပ်စီးကြောင်းတစ်ခုအဖြစ်

ပေါင်းစပ်သွားပြန်သည်။

ယန်ရှောင်က ထပ်မတိုက်ခိုက်တော့ဘဲ

သူ၏ညာဖက်လက်သီးကို

တစ်ချက်ကြည့်လိုက်သည်။

သူ၏လက်သီးက

မည်းနက်နေသည့်အပြင်

ဘာမှကိုမခံစားနိုင်တော့ပေ။

သူသည် အနည်းငယ်

တိတ်ဆိတ်သွားပြီးနောက် အမျိုးသမီး

ကို မော့ကြည့်ကာ

“ကနဦးမူလနတ်ဘုရားအဆင့် ။

မင်းဒီလောက် ယုံကြည်မှုရှိတယ်ဆိုတာ

မအံ့သြပါဘူး" ဟုပြောလိုက်လေသည်။

အမျိုးသမီးက ဂရုမစိုက်ဘဲ ယန်ရှောင်

နှင့် အခြားလူများကို

တစ်ချက်ကြည့်လိုက်ပြီး "ငါက

ယန်ကလန်ရဲ့ အနာဂတ် ဘိုးဘေးပါ။

ဘိုးဘေးအဆက်ဆက် ချမှတ်ထားတဲ့

စည်းမျဉ်းစည်းကမ်းတွေက ငါ့ကို

တားမြစ်ရင် သူတို့ရဲ့စည်းမျဉ်းတွေကို ငါ

ဖျက်ပစ်မယ်။ နင်တို့အားလုံး ငါ့ကို

ဘိုးဘေးဖြစ်ခွင့်မပေးဘူးဆိုရင်

နင်တို့အားလုံးပါ ငါဖျက်ဆီးပစ်မယ်"

ဟု ပြောပြီးသည်နှင့်

လှည့်ထွက်သွားသည်။

ယန်ရှောင် က အမျိုးသမီး ပျောက်ကွယ်သွားသည့်နေရာဆီသို့ အကြာကြီး စိုက်ကြည့်ပြီးနောက် အသက်ပြင်းပြင်းရှူကာ "သူမ အတောင်တွေ ကြီးထွားလာပြီ။ အခု တစ်ကိုယ်တော် ပျံသန်းနိုင်ပြီ"

အဘိုးအိုယန်ကု က "ငါတို့ သူ့ကို လွှန်ခဲ့တဲ့ နှစ်တွေကတည်းက သတ်သင့်တယ်"ဟုပြောပါသည်။

အဘိုးအိုယန်လင်း က

ခေါင်းခါလိုက်သည် "အဲဒီတုန်းက သူက

အရမ်းနိမ့်ကျတဲ့ အဆင့်အတန်းကို

ပြသထားခဲ့တယ်"

ယန်ရှောင် က လက်နှစ်ဖက်ကို

နောက်ပစ်လျက် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

သူ့မျက်လုံးထဲ၌လည်း တစ်စုံတစ်ခု

ပျောက်ဆုံးသွားသော အမှုအရာတစ်ခု ပေါ်လာသည်။ သူ့ပါးစပ်မှ "ငါ့ရဲ့ ယန်ကလန် မှာ ညဏ်ရည်ထက်မြက်တဲ့ ပါရမီရှင် နှစ်ယောက် ပေါ်လာပေမယ့် ကံကောင်းခြင်းတော့ မဟုတ်ပါဘူး... ဘိုးဘေး၊ ငါ့ရဲ့ ယန်ကလန်က ကျဆင်းသွားတော့မှာလား"

သို့သော်လည်း သူ၏မျက်လုံးထဲ၌ ရက်စက်ကြမ်းကြုတ်မှုတစ်ခု

ရုတ်တရက် တောက်ပလာကာ

"မဟုတ်ဘူး။ ငါ့လက်ထဲမှာရှိနေတဲ့

ယန်ကလန် ကို ကျဆင်းသွားအောင် လုံးဝ

ခွင့်မပြုနိုင်ဘူး။ ဒီနေ့ကစလို့ ငါက

တံခါးပိတ်ကျင့်ကြံတော့မယ်။ ငါ့ကို

ဘယ်သူမှ မနှောင့်ယှက်ကြနဲ့"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

ဤ]နေရာသည့် အချိန်အတော်ကြာ

တိတ်ဆိတ်ငြိမ်သက်သွား၏။

ခဏအကြာမှသာ အဘိုးအိုယန်ကု က

"သူ ဒီပစ္စည်းကို

အမွေဆက်ခံမှာလား"ဟုရုတ်တရက်ပြော

ခဲ့သည်။

အဘိုးအိုယန်လင်း က အနည်းငယ်

ခေါင်းညိတ်လိုက်သည်

"သူဖြစ်သင့်တယ်"

အဘိုးအိုယန်ကု က တိုးတိုးလေး

သက်ပြင်းချလိုက်ရှုံသာ။

စကားမပြောတော့ပေ။

ထို့နောက် သိပ်မကြာလိုက်ပါ၊ လူူတိုင်း

အသီးသီးပျောက်ကွယ်သွားကြသည်။

များမကြာမီတွင် ။

ယန်ကလန် ယန်ယဲ့ နှင့် မျိုးနွယ်စုကြားမှ
အဖြစ်အပျက်များကို
ပိတ်ဆို့ထားသောကြောင့် ပြင်ပကမ္ဘာသို့
မပြန့်နှံ့ခဲ့ပေ။သို့သော်လည်း ယန်ကလန်
သည် ဖမ်းဝရမ်းထုတ်ခဲ့သည်။ ထို့ကြောင့်
မရေမတွက်နိုင်သောလူများက ယန်ယဲ့ကို
လိုက်ရှာကြသည်။

ယန်ကလန်

မှပေးအပ်သောဆုလာဘ်များသည်

အလွန်ဆွဲဆောင်မှုရှိခဲ့သည်။ ထို့အပြင်

ယန်ယဲ့ သည်

ပြန်လည်မွေးဖွားခြင်းအဆင့် ၅သော

ရှိနေ၏။ လူအတော်များများ၏

အမြင်အရ ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူကို သတ်ဖို့က မခက်ခဲပေ။

ထို့နောက်တွင် အများအပြားက

ဆုလာဘ်ကို မက်မောပြီး ယန်ယဲ့အား

စတင်ရှာဖွေခဲ့ကြသည်။

...

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးမှ

ထွက်ပြေးလာပြီးနောက်တွင် ချုန်းချီ၏

ပုံရိပ်သည်

အကန့်အသတ်မဲ့ကြယ်တာရာကောင်းက

င်ပြင်ထဲသို့ ပြေးသွားခဲ့သည်။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့
သည် ရုတ်တရက် အော်ပြောလိုက်သည်
"ငါ... ကြာကြာမထိန်းနိုင်တော့ဘူး"

ချုန်းချီ သည် ယန်ယဲ့၏ညာဖက်လက်ကို
လှည့်ကြည့်ရင်း စကားပြောရန်ပြင်သည်။
သို့သော်လည်း
ယန်ယဲ့၏ညာဖက်လက်ကမြောက်တက်
လာကာ ချုန်းချီ၏ကျောပြင်ကို
ရိုက်ချလိုက်သည်။

အုန်း...

ချုန်းချီ သည် မြေပြင်ပေါ်သို့ ရိုက်ချခံလိုက်ရသည်။ ထို့နောက် သိပ်မကြာလိုက်ဘဲ အောက်မှ ကျိန်ဆဲသံများထွက်ပေါ်လာ၏။

"သောက်ရူးကောင်၊ ဘာဖြစ်နေတာလဲ"ဟူ၍ပင်။

ယန်ယွဲ့ သည် သူ၏ ဘယ်လက်ကို

ဆန့်ကာ

ညာဖက်လက်ကိုတင်းတင်းဆုပ်ကိုင်ထား

ရင်း မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေခဲ့သည်။

ထိုအခြေအနေကို သတိထားမိသောအခါ

အန်နန်ကျင်း၏ အမူအရာသည်

အနည်းငယ် ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့ သည်

ရုတ်တရက်အော်ပြောခဲ့သည်

"ကျင်းအာ၊ မလုပ်နဲ့။ အနားကိုမလာနဲ့။

ဒီလက်ကို ငါမထိန်းနိုင်ဘူး။ ဟာ...

ပိုအားကောင်းလာပြီး သန်မာလာတယ်။

ငါ...”သို့သော်လည်း အန်နန်ကျင်း သည်

ဂရုမစိုက်ဘဲ ယန်ယွဲ့ ဆီသို့

လျှောက်လာခဲ့သည်။ ယန်ယွဲ့ သည်

ရုတ်တရက် ဒေါသတကြီးအော်ငေါက်ကို

သူ၏ညာဖက်လက်ကို

ရိုက်ချလိုက်သည်။

အန်နန်ကျင်း သည် မျက်ခွံများ

လှုပ်ယမ်းကာ မိုးကောင်းကင်ခွဲလုံ ကို

မြော်ကြပြီး ရှေ့လှမ်းထိုးလိုက်သည်။

ဘုန်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

အန်နန်ကျင်း သည် မိုးကောင်းကင်ခွဲလုံ

နှင့်အတူ ၁၀ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။ သူမ

ရပ်လိုက်သည့်အခိုက်

ပါးစပ်ထောင့်နှစ်ဖက်စလုံးမှ

သွေးများစီးကျလာသည်။

ထိုအချိန်တွင် ယန်ယွဲ့၏ညာဖက်လက်က

မြောက်တက်လာကာ အန်နန်ကျင်း ဆီသို့

ထပ်မံပုတ်လိုက်သည်။

သူ့ညာဖက်လက်ဝါးမှ

ကြောက်မက်ဖွယ်ရာ

အားလှိုင်းများပေါက်ကွဲထွက်လာခဲ့လေ

သည်။

အန်နန်ကျင်း၏ အမူအရာသည်

သိသိသာသာပင် ပြောင်းသွားသည်။ သူမ

တိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာပဲ ချူန်းချီ

က ရုတ်တရက်ပေါ်လာပြီး

ခြသေ့်လက်သည်းများကိုမြှောက်ကာ

ရှေ့သို့ ရိုက်ထုတ်လိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

ချုန်းချီ၏ပုံရိပ်သည် ၃

ကီလိုမီတာအကွာထိ

လွင့်ထွက်သွားခဲ့သည်။

အန်နန်ကျင်း သည် ချုန်းချီ ကို

တစ်ချက်လှည့်ကြည့်လိုက်ပြီး

မျက်နှာပျက်သွားသည်။

ချုန်းချီ၏ခန္ဓာကိုယ်ပေါ်ရှိ အကြေးခွံများ

ကွဲအက်သွားလို့ပါ။

ယန်ယဲ့၏ ညာဖက်လက်က

ထပ်မံပြောက်တက်လာချိန်တွင်

ချုန်းချီက ရုတ်တရက်

ကမန်းကတန်းအော်ပြောလိုက်သည်

"မြန်မြန်။ တံဆိပ်ကို
မင်းရဲ့ညာလက်မောင်းပေါ် ကပ်လိုက်။
မြန်မြန်လုပ်"

ချုန်းချီ အော်ပြောလိုက်သည့်
စကားကိုကြားသောအခါ ယန်ယွဲ့သည်
အံ့သြသွားပြီး
သူ၏ဘယ်ဖက်လက်ဝါးကို
လှန်လိုက်သည်။ သူ့လက်ထဲ၌
ရွှေရောင်ခြယ်သော့တံဆိပ်လေးတစ်ခုပေါ်

လာသည်။ ထို့နောက်
သူ၏ညာဖက်လက်မောင်းကို ရွှေရောင်
ခြသေ့်တံဆိပ်ဖြင့် ရိုက်ချလိုက်သည်။

တံဆိပ်က သူ့လက်မောင်းကို
ကပ်သွားသည်နှင့် တပြိုင်နက် ယန်ယဲ့၏
ညာဖက်လက်မောင်းက
တဖြည်းဖြည်းသာ တုန်ခါလာသည်။
၎င်းက တုန်ခါနေသေးသော်လည်း
ယခင်လောက်တော့မပြင်းထန်လှပေ။

ထို့အပြင် သူ၏ညာဖက်လက်မောင်းက

တဖြည်းဖြည်း ငြိမ်သက်သွားခဲ့သည်။

အသက်ရှူ ၃

ရှိုက်စာလောက်အကြာတွင်တော့

ပုံမှန်ပြန်ဖြစ်သွား၏။

May Be:

၂၀၃၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၈ - လက်ဝဲခြားသမား

ထိုအချိန်တွင် ယန်ယဲ့ သည် ချူန်းချီ နှင့် အန်နန်ကျင်း တို့ရှေ့ကို ပြန်ရောက်လာပြီး သူ့ညာဖက်လက်ကို မြှောက်လိုက်သည်။ အန်နန်ကျင်း၏ အမူအရာသည်ချက်ချင်းပြောင်းသွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့ သည်
သူ၏ညာဖက်လက်မောင်းကို
ငုံ့ကြည့်နေသည်။ ထို့နောက်
သူ့မျက်နှာက အံ့အားသင့်သွားခဲ့သည်။
သူ၏ညာဖက်လက်မောင်းက
ရွှေရောင်ခြသေ့်တံဆိပ်ဖြင့်
ချိတ်ပိတ်ထားသောကြောင့်
မလှုပ်ရှားတော့ပေ။ ယန်ယဲ့ သည်
ခဏမျှတိတ်ဆိတ်သွားပြီးနောက်

သူ၏ညာဖက်လက်မောင်းကို
ထပ်မြှောက်ကြည့်လိုက်သည်။ သို့သော်
လုံးဝမလှုပ်တော့သည်ကို
သတိပြုမိသဖြင့် အံ့သြသွားမိသည်။

တစ်နည်းအားဖြင့်
သူ၏ညာဖက်လက်မောင်းကို
ရှိလို့ရှိမှန်းပင် မခံစားနိုင်တော့ပေ။

ယန်ယွဲ့ သည် ချန်းချီ နှင့် အန်နန်ကျင်း
ကို ကြည့်ပြီး
"ဘာဖြစ်နေတာလဲ"ဟုမေးလိုက်သည်။

အန်နန်ကျင်းက အနည်းငယ်
မျက်မှောင်ကြုတ်ကာ
“ဘာလဲ”ဟုပြန်မေးသည်။

ယန်ယွဲ့ က "ငါ့လက်မောင်းကို
မခံစားနိုင်ဘူး" ဟူ၍ ပြန်ဖြေသည်။

သူပြောသည့်အတိုင်း

ဘယ်ဖက်လက်ကိုမြှောက်ကာ

သူ၏ညာဖက်လက်မောင်းပေါ်ရိုက်ချလို

က်သည်။ သို့သော် သူ့ညာလက်က

ဘာမှကို မခံစားရတော့ပေ။ လက်မောင်း

ရှိနေမှန်းပင် မသိနိုင်တော့သလိုပါ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

အနည်းငယ် ထိတ်လန့်သွားသည်။

ထိုအချိန်တွင် ချုန်းချီ က "စစ်နတ်ဘုရားရဲ့လက်မောင်းတော်ပမင်းရဲ့မူလညာလက်မောင်းကို ဖျက်ဆီးပစ်လိုက်တယ်"ဟုပြောခဲ့သည်။

ယန်ယဲ့ သည် ချုန်းချီ ကို မော့ကြည့်ပြီး "ငါ့လက်ကို ဖျက်ဆီးပစ်လိုက်တာလား။ ဘာကိုဆိုလိုတာလဲ"

ချုန်းချီ က

"မင်းရဲ့ညာဖက်လက်မောင်းက

ယုတ်ညံ့တဲ့အတွက် မင်းလက်ကို

အစားထိုးလိုက်တယ်။ ဒီတော့ အခု

မင်းက ရွှေခြသေ့်တံဆိပ်နဲ့

ချိတ်ပိတ်ထားလိုက်ပြီ။

သူ့ရဲ့ခွန်အားအပြင် အားလုံးကို

တံဆိပ်ခတ်လိုက်တာပဲ။ ဒါကြောင့်

မင်းခံစားလို့မရဘူး"

ယန်ယဲ့ သည် အံ့အားသင့်သွားပြီး "ဒါဆို ငါဘာလုပ်ရမလဲ"ဟုထပ်မေးလိုက်၏။

ချုန်းချီ က
"မင်းဘာတွေစိတ်ပူနေတာလဲ။မင်းမှာ ညာလက်မောင်းမရှိသေးရုံပဲလေ။ ဒါ့အပြင် အတိတ်ကထက် ပိုပြီးအားကောင်းလာတယ်။ အဲဒါကို မင်းတကယ်မထိန်းချုပ်နိုင်သေးလို့ပါ။

ဒါကြောင့် ပိုဆိုးလာရင်တော့
အခုလောလော ရှောင်သုံးလို့ရတယ်”

"ညာဖက်လက်မောင်းကို
သုံးလို့မရတော့ဘူးလား" ယန်ယဲ့ သည်
မယုံကြည်နိုင်သောလေသံဖြင့် “မင်းက
ငါ့ညာဖက်လက်ကို
မသုံးနဲ့လို့ပြောနေတာလား။ ဒါဆို
အခုချိန်ကစပြီး တိုက်ပွဲမှာ
ငါ့ဘယ်ဖက်လက်ကိုပဲ သုံးရမှာလား”

"တစ်ခြားဘာများရှိသေးလို့တုန်း"

ချုန်းချီ က ဆက်ပြောသည် "မင်းဟာ

စစ်နတ်ဘုရားရဲ့

ညာဖက်လက်မောင်းတော်ကို

အပြည့်အဝမထိန်းချုပ်နိုင်သေးဘူး။

ဒါ့အပြင်

စစ်နတ်ဘုရားရဲ့လက်မောင်းတော်က

ပိုပြီးအားကောင်းလာသလိုပဲ။ တကယ်လို့

တံဆိပ်ကို အခုချက်ချင်း ဖြုတ်လိုက်ရင် မင်းချက်ချင်းသေသွားနိုင်တယ်”

ချုန်းချီ က စကား ခဏရပ်ပြီး "ဂုဏ်ယူပါတယ်။ မင်းဟာ အခုကစလို့ လက်ဝဲဓားသမား ဖြစ်သွားပြီ။ မင်းဘယ်လိုခံစားရလဲ ငါ့ကိုပြောပြပါ"

"ဒီငါ.....၊ သောက်ကျိုးနည်းပေါ့" ယန်ယွဲ့ သည် ချုန်းချီ ပြောလိုက်သည့်

စကားကြောင့်

ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

လက်ဝဲစားသမား ။

ချုန်းချီ ပြောသည့်စကားက မမှားပေ။

လက်ရှိအချိန်တွင် ယန်ယဲ့ သည်

လက်ဝဲစားကျင့်ကြံသူပါ။

အကြောင်းကတော့ သူသည်

ညာဖက်လက်ကို

လုံးဝအသုံးမပြုနိုင်တော့သလို

မသုံးဝံ့တာကြောင့်ပါ။ စစ်နတ်ဘုရား၏

ညာဖက်လက်မောင်းတော်ဟာ

သူ့ကိုယ်ပိုင်ထိန်းချုပ်နိုင်စွမ်းထက်ကျော်

လွန်သွားသည်။ ချိတ်ပိတ်စည်းကို

ဖယ်လိုက်သည်နှင့်

သူ့ပတ်ဝန်းကျင်မှလူများကို အသာထား၊

သူကိုယ်တိုင်ပင်

အနထတရာယ်ရှိပေမည်။

လက်ဝဲ ဓားကျင့်ကြံသူ။

ယန်ယဲ့ သည် သူ၏ဘယ်ဘက်လက်ကို

တစ်ချက်ကြည့်လိုက်သည်။

သူ့မျက်နှာပေါ်တွင်

အတော်လေးဆိုးရွားသော

အမူအရာတစ်ခု ရှိနေ၏။

အချိန်အများစုတွင်

သူ၏ညာဖက်လက်ကိုသာ

အသုံးများသည်မဟုတ်ပါလား။

သူ၏ဘယ်ဖက်လက်ကို

သုံးလို့ရသည့်တိုင်

သုံးနေကျမဟုတ်လေရာ

ကျင့်သားရနေတော့မှာ မဟုတ်ပေ။

အရေးကြီးဆုံး အပိုင်းကတော့

သူ၏ခွန်အားက သိသိသာသာ

ကျဆင်းသွားပေမည်။

ယန်ယဲ့ သည် အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။ ထို့နောက်
သူတို့ရပ်နေသည့်နေရာနှင့် ဘယ်ဖက်သို့
ရုတ်တရက် မျှော်ကြည့်သောအခါ
“မင်းကိုယ်မင်း ပြပါ” ဟု
ပြောလိုက်လေသည်။

ယန်ယဲ့ ပြောပြီးသည်နှင့် ထိုနေရာသည်
တုန်လှုပ်သွားပြီး အဘိုးအိုတစ်ယောက်
ဖြည်းညှင်းစွာ ထွက်လာခဲ့သည်။

ယန်ယဲ့ သည် အဘိုးအိုကို မြင်သည်နှင့် ချက်ချင်းမှတ်မိလိုက်၏။ ၎င်းသည် ဝူကလန်၏ မဟာအကြီးအကဲ ပင်။

ယန်ယဲ့ သည် အန်နန်ကျင်း ကို စိုက်ကြည့်နေလိုက်သည်။ ဝူကလန်၏ မဟာအကြီးအကဲ သည် အန်နန်ကျင်း အတွက် ရောက်လာကြောင်း သိနေလို့ပါ။

အန်နန်ကျင်း က ခဏမျှ

လေးလေးနက်နက် စဉ်းစားပြီး

စကားပြောရန်ပြင်လိုက်၏။

သို့သော်လည်း ဝူကလန်၏

မဟာအကြီးအကဲ က “မိန်းမပျိုအန်း၊

မင်းက

ပိုသန်မာမလာချင်ဘူးလား”ဟုမေးပါသ

ည်။

အန်နန်ကျင်း က မဟာအကြီးအကဲ အား စိုက်ကြည့်ကာ “ဘာပြောဖို့ ကြိုးစားနေတာလဲ”

မဟာအကြီးအကဲ က "မိန်းမပျိုအန်၊ ငါ့ဝူကလန် က မင်း ယန်ယဲ့အနားမှာ နေချင်နေတာ သိပါတယ်။ ဒါပေမဲ့ မင်းသူ့အနားမှာရှိနေရင် မြန်မြန်အင်အားကြီးလာနိုင်မှာ မဟုတ်ဘူး"အန်နန်ကျင်း က

မဟာအကြီးအကဲ ကိုကြည့်ရင်း "ဒါဆို ဝူကလန် မှာ အဲ့ဒါကို ငါလုပ်နိုင်မလား"

မဟာအကြီးကဲ က မဆိုင်းမတွဘဲ ပြန်ဖြေသည် “ဒါအမှန်ပဲ”

"ဘာက မင်းတို့ဝူကလန် ကို ဒီလောက် ယုံကြည်မှုရှိစေတာလဲ"
ဤတစ်ကြိမ်မေးလိုက်သူက ယန်ယဲ့ ပါ။

မဟာအကြီးအကဲ က

သူတို့နှစ်ယောက်လုံးကို စိုက်ကြည့်ကာ

“ငါ့ဘိုးဘေးရဲ့ ဝိညာဉ်ကိုယ်ပွားယ

ရောက်လာတယ်။ အထူးသဖြင့်

မိန်းမပျိုအြန် အတွက်

လာတာပါ”ဟုပြောပါသည်။

"သိုင်းပညာဘိုးဘေးဝူမု" ယန်ယဲ့ က

မျက်မှောင်ကြုတ်ကာ “သူက သူ့အတွက်

လာတာလား။ ဘာကိုဆိုလိုတာလဲ"

မဟာအကြီးကဲ က ခေါင်းညိတ်ပြီး
“ငါ့ဘိုးဘေးက သူ့အမွေ အားလုံးကို
ပေးခဲ့ချင်တာ” စကားပြောနေစဉ်
သူ၏မျက်နှာက အနည်းငယ်
စိတ်မသက်မသာ ဖြစ်သွားသည်။

သိုင်းပညာဘိုးဘေးဝူမု
၏အမွေအနှစ်သည် ဝူကလန်မှ လူတိုင်း
ဆက်ခံဖို့အိပ်မက်မက်သောအရာဖြစ်သ

ည်။ လက်ရှိအချိန်တွင်တော့ ဂူမှုက

အပြင်လူတစ်ယောက်ကို လွှဲပေးနေ၏။

ထိုအခြေအနေက မဟာအကြီးအကဲ

သာမကဘဲ ဂူကလန်၏

အဖွဲ့ဝင်တိုင်းကိုပင် စိတ်မချမ်းသာသလို

ခံစားရစေသည်။ သို့ရာတွင် မည်သူမျှ

မကန့်ကွက်ဝံ့ပေ။

ယန်ယဲ့ သည် မဟာအကြီးအကဲ အား

တည့်တည့်ကြည့်ကာ "

သိုင်းပညာဘိုးဘေးဝူမု က

မင်းတို့ဝူကလန် က မဟုတ်ဘူးလား။

ဘာလို့ သူ့အမွေကို ပေးရတာလဲ"

မဟာအကြီးကဲ က အကူအညီမဲ့စွာ

ရယ်မောရင်း “သူ ဘာမှ မပြောပေမယ့်

ဝူကလန် မှာ ဘယ်သူမှ

မသင့်တော်ဘူးဆိုတာ ငါတို့သိတယ်။

ဒါမှမဟုတ် ဘယ်သူကမှ

အရည်အချင်းမရှိဘူးလို့ ပြောရမယ်။

ငါ့ဘိုးဘေးက သူ့အပေါ် မကောင်းတဲ့

ရည်ရွယ်ချက်မရှိသလို

ငါ့ဝူမျိုးနွယ်ကလည်း အတူတူပါပဲ။

ငါ့ဘိုးဘေးက သူမရဲ့

ပင်ကိုယ်စွမ်းရည်ကို

အရမ်းကိုမျှော်လင့်ထားလို့ သူ့အမွေကို

ပေးချင်ခဲ့တာ”

သူက ခဏလောက်ရပ်ပြီး “ဟုတ်ပါတယ်၊

မိန်းမပျိုအန် က လက်ခံမလား

လက်မခံဘူးလားဆိုတာ
ဆုံးဖြတ်နိုင်တယ်လို့ ငါ့ဘိုးဘေးက
ပြောခဲ့တယ်။ သူမ ဆန္ဒမရှိရင်
အတင်းအကြပ်လုပ်မှာမဟုတ်ဘူး။
ဒါပေမဲ့ ငါ့ဝူကလန် က မိန်းမပျိုအန်
အတွက် အမြဲတမ်းတံခါးဖွင့်ထားတယ်"

"ဒါဆို မင်းငါ့ကိုတံခါးဖွင့်ပေးလို့ရမလား"
ယန်ယဲ့ သည် အရှက်မဲ့စွာဖြင့် ရုတ်တရက်
ပြောလိုက်သည် “မဟာအကြီးအကဲ၊

ငါ့ရဲ့ ပင်ကိုယ်စွမ်းရည်က မဆိုးဘူးလေ။
ဝူကလန် ထဲဝင်ပြီး သိုင်းပညာဘိုးဘေးရဲ့
သင်ပြမှုတွေကို သင်ယူဖို့
တကယ်ဆန္ဒရှိနေတယ်”

မဟာအကြီးအကဲ သည်
မျက်လုံးထောင့်များ
လှုပ်ယမ်းသွားသည်။ သူသည် ယန်ယဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီး
ခါးခါးသီးသီးရယ်မောကာ

“အရင်ကဆိုရင် ဒါက သဘာဝအတိုင်း
ပြဿနာဖြစ်မှာမဟုတ်ဘူး။ အခုတော့…”
သူသည် ဤအထိ
စကားဆက်ပြောပြီးသည်နှင့်
စကားဆက်မပြောတော့ပေ။

ယန်ယဲ့ သည် ယန်ကလန် နှင့်
မပြေနိုင်တော့သော
ရန်သူများဖြစ်နေခဲ့၏။

ဝူကလန် သာ ယန်ယွဲ့အား

ခေါ်ယူလိုက်သည်နှင့် ယန်ကလန်ကို

စစ်ကြေညာလိုက်သလိုပင်။ ဝူကလန်

သည် ယန်ကလန်ကို

မကြောက်သော်လည်း

ယန်ယွဲ့အတွက်နှင့်စစ်ပွဲစရသည်ကား

မထိုက်တန်ပါ။

ယန်ယွဲ့က ပြုံးပြီး

"ငါနောက်နေတာပဲ"ဟုပြောကာ

အန်နန်ကျင်း ကို စိုက်ကြည့်လိုက်သည်။

အန်နန်ကျင်း က အချိန်တော်တော်ကြာ

ငြိမ်သက်နေပြီးမှ ယန်ယွဲ့ကို

စိုက်ကြည့်လာသည် "ငါ ဝူကာလန်ဆီ

သွားချင်တယ်"

ယန်ယွဲ့သည်  ခေါင်းညိတ်လိုက်ပြီး
"မင်းရဲ့ဆုံးဖြတ်ချက်ကို
ငါထောက်ခံတယ်"

အမှန်တော့ အန်နန်ကျင်း ကို
သူ့အနားမှာသာရှိစေချင်သည်။
သို့သော်လည်း သူမ၏ အနာဂတ်ကို
အကန့်အသတ်မဖြစ်စေလိုပေ။

အန်နန်ကျင်းက ယန်ယွဲ့ကို စိုက်ကြည့်ကာ

"နင် ယန်ကလန် ကို ပြန်သွားတော့မယ်

မဟုတ်လား" ဟု မေးလိုက်သည်။

.

ယန်မျိုးနွယ် ။

ယန်ယွဲ့၏မျက်လုံးထဲ၌

အုံ့မှိုင်းနေသောအမူအရာတစ်ခု

တောက်ပလာသည်။ "မှန်တယ်။

ငါပြန်သွားမှာပါ"

ယန်ကလန် က သူ့အပေါ်
လုပ်ခဲ့သမျှအရာတိုင်းကို
မေ့ထားနိုင်မည်မဟုတ်ပေ။

သူသည် ယန်ကလန်အပေါ် အဆတစ်ရာ
ပေးဆပ်ခိုင်းဖို့ ရည်ရွယ်ထားသည်။

အန်နန်ကျင်း က အနည်းငယ်
ခေါင်းညိတ်ပြပြီး “နင်

ပြန်သွားတဲ့အခါကျ ငါ့ကို အသိပေးဖို့

မမေ့နဲ့။ ငါ

နင်နဲ့လိုက်ခဲ့မယ်" ဟုပြောပါသည်။

ယန်ယဲ့ က "ဒါပေါ့"

အန်နန်ကျင်းက

စကားထပ်မပြောတော့ပါ။

ဝူကလန်၏ မဟာအကြီးအကဲ ကိုသာ

စိုက်ကြည့်နေသည်။ မဟာအကြီးအကဲ

က ခေါင်းညိတ်ပြီး အန်နန်ကျင်း နှင့်အတူ ထွက်သွားဖို့ပြင်သည်။ သို့သော်လည်း တစ်ခုခုကိုတွေးမိသည့်အလား ခဏမျှ တုံ့ဆိုင်းသွားပြီး ယန်ယဲ့ကိုကြည့်ကာ "မင်း တစ်နေရာကို သွားသင့်တယ်လို့ ငါထင်တယ်။ မင်းအဲဒီမှာ တစ်ခုခုတော့ ရနိုင်လိမ့်မယ်”ဟုပြောလိုက်ပါသည်။

ယန်ယဲ့ က "ဘယ်မှာလဲ"

ဝူကလန်၏ မဟာအကြီးအကဲ က ခဏတာတိတ်ဆိတ်သွားပြီး "ဖိုးနစ်ငိုကြွေးခြင်းတောင်" ဟုပြောခဲ့သည်။

ယန်ယွဲ့ သည် အနည်းငယ် မျက်မှောင်ကြုတ်ကာ "အဲဒီနေရာက ဘာလဲ"ဟုထပ်မေးလိုက်၏။

မဟာအကြီးအကဲ က

“ဓားကျင့်ကြံသူတစ်ယောက်

ကျဆုံးတဲ့နေရာ” ဟု လေးနက်စွာ

ပြန်ဖြေသည်။

ယန်ယဲ့၏ မျက်လုံးများက အရောင်

တောက်ပလာပြီး "သစ်သားဓားရဲ့ ပိုင်ရှင်

ကျဆုံးတဲ့ နေရာလား"ဟုမေးလိုက်သည်။

မဟာအကြီးကဲ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ဓားတာအို

နဲ့ပတ်သက်ရင်

ဖီးနစ်ငိုကြွေးခြင်းတောင်မှာ

ကျရှုံးသွားတဲ့တည်ရှိမှုက

အဲဒီသစ်သားဓားပိုင်ရှင်ထက် အများကြီး

ပိုသာပါတယ်။ ဘာလို့လဲဆိုတော့ သူက

အဆင့်နိမ့်စကြာဝဠာကနေတက်လာတဲ့

ဓားကျင့်ကြံသူလေ။

အလယ်စကြာဝဠာကို

သူရောက်လာတဲ့အချိန်မှာ

သူ့ရဲ့ဓားနည်းစနစ်နဲ့ ဒီနေရာက

ကျင့်ကြံသူတွေကို အနိုင်ယူခဲ့တယ်။

သူ့ရဲ့ဓားနည်းစနစ်က

သန့်စင်တဲ့သဘောရားနဲ့

ဖြောင့်မတ်တဲ့အသွင်ရှိလို့ သူ့ကို

အင်မော်တယ်ဓားကျင့်ကြံသူ

လို့လည်းခေါ်ကြတယ်" ဟု ပြောခဲ့သည်။

အင်မော်တယ်ဓားသမား ။

ယန်ယဲ့၏ မျက်လုံးများ အနည်းငယ်
မှိတ်သွားပြီး "သူ
သေသွားပြီလား"ဟုထပ်မေးလိုက်၏။

မဟာအကြီးအကဲ က ခေါင်းယမ်းကာ
“မသိဘူး။ သူ ကျရှုံးပြီးတဲ့နောက်မှာ
ဖီးနစ်ငိုကြွေးခြင်းတောင်ကို
သူ့ရဲ့ဓားစွမ်းအင်နဲ့ဖန်တီးထားတဲ့

အစိမ်းရောင်ကြာပန်းဓားအစီအရင်နဲ့

လွှမ်းခြုံထားခဲ့တယ်။ ဒါကြောင့်

အပြင်လူတွေ လုံးဝ ဝင်လို့မရဘူး။

ဘာပဲဖြစ်ဖြစ် အချိန်ကြာလာတော့

ဓားအစီအရင်က အားနည်းလာတယ်။

ဒီတော့ လူတိုင်းက အထူးသဖြင့်

ဓားကျင့်ကြံသူတွေက

ဖီးနစ်ငှက်ကြွေးခြင်းတောင်ကို

ကံစမ်းဖို့သွားကြတယ်။ ဟုတ်တယ်၊

ဓားကျင့်ကြံသူတိုင်းက

သူကျန်ခဲ့တဲ့အမွေအနှစ်ကို ဆက်ခံနိုင်ထို့

မျှော်လင့်နေကြတာချည်းပါပဲ”

မဟာအကြီးအကဲ က စကားခဏရပ်ပြီး

ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ကာ

“မင်းက ဓားသမားတစ်ယောက်ဆိုတော့

သွားကြည့်လို့ရတယ်။ ဒါပေမဲ့

ယန်ကလန်က  မင်းကို နေရာတိုင်း

လိုက်ရှာနေတာဆိုတော့

သတိထားရမယ်"ဟုပြောပါသည်။

ယန်ယဲ့ က ခေါင်းညိတ်ပြသည်

"ငါသတိထားပါ့မယ်"

ဂူကလန်၏ မဟာအကြီးအကဲ က

အနည်းငယ် ခေါင်းညိတ်ကာ

“နှုတ်ဆက်ပါတယ်”

ဟုပြောပြီးသည်နှင့်

လှည့်ထွက်သွားသည်။

May Be:

၂၀၃၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၃၉ -

အင်မော်တယ်ဓားမြို့တော်

အန်နန်ကျင်းက ယန်ယဲ့အား
အချိန်အတော်ကြာ စိုက်ကြည့်ပြီး "ငါ
နင့်ကို စောင့်နေမယ်" ဟုပြောပြီး
နောက်လှည့်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

အန်နန်ကျင်း ထွက်သွားပြီးသည့်နောက်
ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး
ချုန်းချီ ကို စိုက်ကြည့်ရင်း
"အစ်ကိုချုန်းချီ၊ အဆင်ပြေရဲ့လား"

ချုန်းချီ က ဒေါသတကြီးဖြင့် "မင်းဘယ်လိုထင်လဲ"ဟုပြန်အော်လိုက်သည်။

ယန်ယွဲ့ သည် ရှက်ရွံ့စွာ ပြုံးလိုက်ပြီး "ငါတို့နှစ်ယောက်လုံး ပိုသန်မာဖို့လိုတယ်"ဟုပြောပါသည်။

ဤ၂တစ်ကြိမ်တွင် သူသည် ယန်ကလန်မှ လွတ်မြောက်ဖို့အတွက်
ဝှက်ဖဲအားလုံးနီးပါး ထုတ်သုံးလိုက်ရ၏။
ရိုးရှင်းစွာပြောရလျှင် သူနှင့် ယန်ကလန်ကြားမှ အင်အားကွာဟမှုသည် လုံးဝကို ကြီးမားနေခဲ့သည်။ယန်ကလန် ကို
လက်စားချေလိုလျှင် လက်ရှိ
သူ့ခွန်အားဖြင့် ပြီးမြောက်နိုင်မည်ဟု
ထင်နေပါက အိပ်မက်မက်နေခြင်းသာ။

"ဟုတ်တယ်၊ ငါတို့လုပ်ရမယ်" ချုန်းချီ

က ပြင်းပြင်းထန်ထန်ပြောလိုက်သည်

"ကလေး၊ ဒါကို ပြောပြပါရစေ။ မင်းရဲ့

ယန်ကလန် ကို ငါတကယ်

သည်းမခံနိုင်တော့ဘူး။ ဒါကြောင့်

မင်းနဲ့အတူ သူတို့ကို တိုက်ခိုက်ပြီး ဒီနေ့

ငါခံစားရတဲ့ အရှက်တရားတွေကို

ဖယ်ရှားပစ်ဖို့ ဆုံးဖြတ်လိုက်ပြီ”

ယန်ယဲ့ သည် ခေါင်းညိတ်ပြီး "ဒါအမှန်ပဲ။
ငါတို့က ယန်ကလန် ကို
သွေးနဲ့ဆေးပစ်ရမယ်"

ထို့နောက်တွင်တော့ နှစ်ယောက်သား
ကိုယ့်ဒဏ်ရာကို
ပြန်ပြီးကုသလိုက်ကြသည်။
နှစ်ယောက်လုံး တိုက်ပွဲအတွင်း
အားကုန်လုနီးပါးအထိ

မောပန်းနွမ်းနယ်နေခဲ့တာပါ။အထူးသဖြ

င့် ယန်ယဲ့ ပင်။ သူ၏ခွန်အားကို

အကန့်အသတ်ထက်

ကျော်ပြီးအသုံးပြုခဲ့သောကြောင့်

လက်ရှိတွင် သူ့ခန္ဓာကိုယ်ဟာ

လုံးလုံးပင်ပန်းနေပါပြီ။

မူလခရမ်းရောင်စွမ်းအင်၏

ပြန်လည်ကုသခြင်းစွမ်းရည်ကြောင့်မဟု

တ်ရင်တော့ လက်ရှိယန်ယဲ့ဟာ

လူသေကောင်ပင်ဖြစ်နေလောက်ပေသည်

။

မူလစေတီ၏ တတိယမြောက်အထပ် ။

ယန်ယဲ့ သည် မြေပြင်ပေါ်၌

တင်ပျဉ်ခွေထိုင်နေကာ သိပ်သည်းသော

မူလခရမ်းရောင်စွမ်းအင်များက

သူ့ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်ကာ

ပြုပြင်ပေးနေခဲ့သည်။

နှင်းပွင့်၊ ဇီအာ နှင့် ရှောင်ယု ရှီ
တို့သုံးယောက်က ယန်ယွဲ့ထိုင်နေရာနှင့်
မနီးမဝေးမှာရှိနေကြသည်။

ဤအခိုက်အတန့်တွင်
သုံးယောက်သားက မျက်လုံးထဲ၌
စိုးရိမ်စိတ်အပြည့်ဖြင့် ယန်ယွဲ့ကို
ကြည့်နေကြသည်။ အထူးသဖြင့်
နှင်းပွင့်လေး ပါ။ သူမ၏

ချစ်စဖွယ်မျက်လုံးလေးများက
နှင်းဖြူရောက်မြူမှုန်များဖြင့်ပြည့်နှက်
နေခဲ့သည်။ အချိန်မရွေး
ငိုချတော့မည့်အလားပင်
ထင်ရလေသည်။

၄ နာရီခန့်အကြာတွင်တော့ ယန်ယဲ့ သည်
မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်လိုက်သည်။
မျက်လုံးပွင့်လာသည်နှင့်တပြိုင်နက်

နှင်းပွင့်က ယန်ယဲ့အပေါ်ခုန်တက်ကာ

သူမ၏လက်သည်းလေးများဖြင့်

ဖက်တွယ်လိုက်သည်။ တစ်ဖန်

ခေါင်းသေးသေးလေးက

ယန်ယဲ့၏ရင်ဘတ်ကို

အဆက်မပြတ် ပွတ်သပ်လိုက်သည်။

ယန်ယဲ့ သည် မျက်လုံးထဲ၌

နူးညံ့သိမ်မွေ့သော အရိပ်အယောင်များ

ထွက်ပေါ်လာကာ

နှင်းပွင့်၏ခေါင်းလေးကို ညင်သာစွာ

ပွတ်သပ်လိုက်သည်။ ထို့နောက် သူသည်

ဇီအာ နှင့် ရှောင်ယုရှီ ကို စိုက်ကြည့်ကာ

"မင်းတို့အားလုံး စိတ်ပူအောင်လုပ်မိလို့

တောင်းပန်ပါတယ်"ဟုပြောခဲ့သည်။

ရှောင်ယုရှီ က ခေါင်းကို

အနည်းငယ်ခါယမ်းကာ

ငြိမ်သက်နေခဲ့သည်။

ဇီအာ က ယန်ယဲ့ ဆီ လျှောက်လာပြီး
“နောက်တစ်ကြိမ် သတိထား” ဟု
တိုးတိုးလေး ပြောလိုက်သည်။

ယန်ယဲ့ သည် ခေါင်းညိတ်ပြရင်း
ပြုံးလိုက်သည်။ ထို့နောက်
မူလစေတီထဲမှ ချက်ချင်း
ပြန်ထွက်မသွားသေးဘဲ

သူတို့လေးများနှင့်အတူ
အချိန်ဖြုန်းပေးလိုက်ပါသည်။

သူသည် ဝင်ရိုးစွန်းကြယ်စနစ်မှ
နဂါးငွေ့တန်းကြယ်စင်စု သို့
ထွက်ခွာလာကတည်းက ၎င်းတို့နှင့်
အချိန်အကြာကြီး မကုန်ဆုံးခဲ့ပေ။

လက်ရှိအချိန်တွင်တော့ သူသည်
အချိန်အနည်းငယ်ပေးရန်
ဆုံးဖြတ်လိုက်၏။

အပျော်ဆုံး ကတော့ နှင်းပွင့်လေးပါ။

သူမလေးက ယန်ယဲ့ နှင့်အတူ
ကစားရသည်ကို အလွန်နှစ်သက်ခဲ့သည်။
အခြားမည်သည့်အရာမျှ ဂရုမစိုက်ဘဲ

ယန်ယဲ့နှင့်သော

အမြဲတမ်းကစားလိုနေသည်။

သို့သော် နှင်းပွင့်က

သစ်သားဓားကိုင်ထားသဖြင့် ယန်ယဲ့

သည် အတော်လေး

စိတ်ဓာတ်ကျသွားသည်။ အကြောင်းမှာ

သူသည် သစ်သားဓား ကို

စိတ်တိုင်းကျမသုံးနိုင်လို့ပါ။

အဓိကကတော့ သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြောင့်ပင်။

ကံကောင်းထောက်မစွာ နှင်းပွင့်လေးကို

သဘောကျသဖြင့် သစ်သားဓားက

သူ့အား ခါတိုင်းလိုမတိုက်ခိုက်ခဲ့ပေ။

ထို့အပြင် ယန်ယဲ့ ကိုယ်တိုင်လည်း

သစ်သားဓား ကိုချည်း အားမကိုးလိုပေ။

သူသည် သစ်သားဓား ကို

ထပ်ပြီးတောင်းဆိုဖို့မကြိုးစားခဲ့ပေ။

နောက် ၃ ရက်အကြာတွင်တော့ ယန်ယဲ့

သည် မူလစေတီထဲမှ

ထွက်လာလိုက်သည်။ ထို့နောက်တွင်

သူသည် ဖီးနစ်ငိုကြွေးခြင်းတောင် သို့

ခရီးဆက်ခဲ့သည်။

လက်ရှိအခြေအနေအရ

သူ၏ခွန်အားကိုအမြန်ဆုံး

မြှင့်တင်ဖို့လိုအပ်နေပါသည်။

ထို့ကြောင့် သူ ရနိုင်သမျှ

အခွင့်အရေးတိုင်းကို

လက်လွှတ်မခံလိုပေ။ ထို့အပြင် သူသည်

ဒဏ္ဍာရီလာ အင်မော်တယ်များကို

မြင်တွေ့လိုခဲ့သည်။ယန်ယွဲ့ သည်

ပတ်ဝန်းကျင်ကို အဆက်မပြတ်

သတိထားနေရင်းခရီးဆက်လာခဲ့သည်။

သူ့တွင် ယန်ရှမ် ပေးထားသော

အလယ်စကြာဝဠာ၏ မြေပုံရှိနေသဖြင့်

ဖိနပ်ငိုကြွေးခြင်းတောင်၏တည်နေရာ

ကို ချက်ချင်းရှာတွေ့လိုက်သည်။

ထို့နောက် ယန်ယဲ့ သည် မလိုအပ်ဘဲ

ပြဿနာမဖြစ်လိုသောကြောင့်

အနက်ရောင်ဝတ်ရုံအစား

အစိမ်းရောင်ဝတ်ရုံကို

ပြောင်းပြီးဝတ်ဆင်ထားသည်။

၃ ရက်အကြာတွင် ယန်ယဲ့ သည်
အင်မော်တယ်ဓားမြို့တော် သို့
ရောက်ရှိလာသည်။

အင်မော်တယ်ဓားမြို့တော် သည်
ဖီးနစ်ငိုကြွေးခြင်းတောင်၏ အောက်
(တောင်ခြေ) တွင် တည်ရှိရှိခဲ့သည်။
အစပိုင်းတွင်တော့ ၎င်းသည်
အင်မော်တယ်ဓားမြို့တော်
မဟုတ်သေးပေ။ သို့သော်လည်း

ဖီးနစ်ငိုကြွေးခြင်းတောင် နှင့်

ဓားအင်မော်တယ် ကို

ဂုဏ်ပြုသောအားဖြင့် မြို့အား

"အင်မော်တယ်ဓားမြို့တော်" ဟု

အမည်ပေးထားခဲ့သည်။

ယန်ယွဲ့ သည် မြို့ထဲသို့ မပျံသန်းခဲ့ပေ။

မြို့တော်အား အစီအရင်တစ်ခု ဖြင့်

ကာကွယ်ထားလို့ပါ။ ထို့အပြင် မြို့ထဲသို့

ပျံသန်းဝင်သွားခြင်းဟာ ဆန့်ကျင်သည့် အသွင်ဆောင်သောကြောင့် ယန်ယဲ့ သည် မြို့ပြင်မှာသာရပ်တန့်ကာ မြေပြင်ပေါ် ဆင်းလာလိုက်သည်။

အစီအရင်က သူ့အတွက် ပြဿနာမဟုတ်သော်လည်း မလိုအပ်သည့်ပြဿနာများမဖြစ်ချင်ပေ။ နောက်ဆုံးတွင် သူသည်

ပြဿနာရှာဖို့အတွက်
ရောက်လာခဲ့ခြင်းမဟုတ်ပါ။

ယန်ယဲ့ သည် မြို့ထဲသို့ ဝင်ခါနီးတွင်တော့
ရုတ်တရက် ရပ်လိုက်ပြီး သူ့ဘယ်ဖက်ရှိ
မြို့နံရံဆီ
အမှတ်မထင်လှမ်းကြည့်လိုက်မိသည်။
ထိုနေရာတွင် စကားလုံးများ
စီတန်းကာရေးထိုးထား၏။
စာပါအကြောင်းအရာများက

"ငါခြေလှမ်း ဆယ်လှမ်းလှမ်းတိုင်းကို
သတ်ပစ်လိုက်မယ်။ ဘယ်သူမှ ငါ့ကို
တားလို့မရဘူး..." ဟူ၍ပင်

စကားလုံးများကို
ကျောက်သားပြင်ပေါ်ရေးထိုးထားသော်
လည်း ရှင်းလင်းပြေပြစ်ပါသည်။ ထို့အ
ပြင် ထိုစကားလုံးတိုင်းမှ
ခမ်းနားလှသောအရှိန်အဝါတစ်ခု
ထွက်ပေါ်နေသလိုခံစားရစေသည်။

"လီတိုင်ဘော" ထိုအချိန်တွင် ကျောပေါ်

ဓားတစ်လက် သိုင်းလွယ်ထားသော

လူငယ်တစ်ဦး နှင့်

အမျိုးသမီးငယ်တစ်ဦး

ယန်ယွဲ့၏နံဘေးတွင် ရုတ်တရက်

ပေါ်လာသည်။ လူငယ်က

“အင်မော်တယ်ဓားသမား လီတိုင်ဘော”

ဟူသော စာလုံးကို စိုက်ကြည့်နေသည်။

ထို့နောက် သူမ၏နှုတ်ကနေလည်း

"သူက ဓားကို နှစ်သက်ရုံတင်မကဘူး၊ ကဗျာနဲ့ ဝိုင်ကိုလည်း နှစ်သက်တယ်လို့ပြောတယ်။ ဒါကြောင့် သူ့ကို ဝိုင်အင်မော်တယ် နဲ့ ကဗျာအင်မော်တယ် လို့လည်းခေါ်ကြသေးတယ်”ဟုပြောခဲ့သည်။

ဝိုင်အင်မော်တယ်၊ ကဗျာအင်မော်တယ် ။

ယန်ယဲ့ သည် အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး သူတို့ကို

စိုက်ကြည့်လိုက်သည်။ လူငယ်က

အသက် ၂၅ နှစ်ဝန်းကျင်ပါ။

၎င်း၏

ပြတ်သားသောရုပ်ရည်အသွင်အပြင်၊

နောက်ကျောကို သိုင်းလွယ်ထားသည့်

ဓားတစ်လက်နှင့် တွဲလျက်

ထူးခြားသော အရှိန်အဝါများ

ထုတ်လွှတ်နေပုံရသည်။ အမျိုးသမီးငယ်

ကတော့ လူငယ်ထက် အနည်းငယ်

ငယ်ပုံရသည်။ အသက် ၂၀

ဝန်းကျင်လောက်သာ ရှိသေး၏။

အစိမ်းရင့်ရောင်ဝတ်ရုံရှည်ကို

ဝတ်ဆင်ထားပြီး သူမ၏

ရုပ်ရည်ကလည်း

အတော်လေးချောမောပါသည်။

သူမ၏ခါး၌လည်း ဓားတစ်ချောင်း ချိတ်ဆွဲထားသည်။

ထိုလူငယ်က ယန်ယွဲ့ဖက် လှည့်လာကာ ရုတ်တရက် မေးလိုက်သည် “အစ်ကို၊ မင်းက အင်မော်တယ်ဓားသမား ရဲ့ အမွေအနှစ်ကိုဆက်ခံဖို့ ဒီကိုရောက်လာတာလား”

ယန်ယဲ့ သည် ခေါင်းညိတ်ပြီး “ဒီလိုပါပဲ။ ဒါပေမဲ့ အများဆုံးကတော့ အဲဒီ အင်မော်တယ်ဓားသမား နဲ့ တွေ့ချင်တာပါ”

ထိုလူက ပြုံးပြီး “ငါနဲ့ ငါ့ညီမလည်းအတူတူပါပဲ။ ငါတို့က သူနဲ့တွေ့ဖို့ ဒီကိုရောက်လာတာ။ ငါတို့တင် မဟုတ်ဘူး။ ကမ္ဘာပေါ်က

ဓားသမားအားလုံး

ဒီကိုရောက်မယ်လို့ထင်တယ်”

ယန်ယဲ့ သည် အံ့အားသင့်သွားပြီး

"ကမ္ဘာပေါ်ပါ ဓားသမားအားလုံးလား"

ထိုလူက ခေါင်းညိတ်ကာ “လီတိုင်ဘောက

အဆင့်နိမ့်စကြာဝဠာငယ်ကနေ

ထွက်ပေါ်လာတာလေ။ အဲဒါ

ဘယ်လိုနေရာမျိုးလဲသိလား။ ငါတို့

လူသားမျိုးနွယ်ရဲ့ ယဉ်ကျေးမှုနဲ့

ကျင့်ကြံမှုတွေ စတင်ခဲ့တဲ့ နေရာပါ။

လီတိုင်ဘောက

ရှေးဟောင်းမျိုးနွယ်မဟုတ်ပေမယ်လို့

သူက လူသားမျိုးနွယ်ရဲ့

ရှေးခေတ်ဦးကျင့်ကြံသူတစ်ယောက်ပါပဲ

။ ဓားကျင့်ကြံသူ အတော်များများက

ဒီအင်မော်တယ်ဓားသမား

ဘယ်လောက်သန်မာလဲဆိုတာကို

သိချင်ကြမယ်ထင်ပါတယ်”ဟုပြောခဲ့သ
ည်။

ယန်ယဲ့ သည် အနည်းငယ်ခေါင်းညိတ်ပြီး
မြို့ထဲကို လှည့်ကြည့်လိုက်ကာ "ဒါဆို
သွားကြရအောင်"ဟုပြောလိုက်သည်။

သိပ်မကြာလိုက်ပါ၊
သူတို့သုံးယောက်စလုံး မြို့ထဲကို
ဝင်လာလိုက်ကြသည်။

လမ်းတစ်လျှောက်

စကားစမြည်ပြောနေရင်းဖြင့် ယန်ယဲ့

သည် ထိုမောင်နှမနှစ်ယောက်နှင့်

အတော်အတန်ရင်းနှီးခဲ့သည်။

ထိုလူငယ်၏အမည်က ရှောင်ကျန်း

ဖြစ်ကာ အမျိုးသမီးငယ် ကတော့

ရှောင်ယို့ရှီဖြစ်ကြောင်း သိလိုက်ရသည်။

နှစ်ယောက်စလုံးက

ထာဝရတန်ခိုးရှင်များပါ။

ကျင့်ကြံမှုအဆင့် သာမကဘဲ

နှစ်ယောက်စလုံး၏ ဓားစိတ်ဆန္ဒ

ကလည်း ထာဝရအဆင့် ၌ရှိနေကြသည်။

ထိုအရာက ယန်ယွဲ့ကိုပင်

အံ့အားသင့်သွားစေသည်။

အင်မော်တယ်ဓားမြို့တော် ။

၎င်းသည်

သိပ်ပြီးကြီးမားခြင်းမရှိသော်လည်း

အတော်လေး လက်ရာမြောက်လှသည်။
ထို့အပြင် မြို့ထဲက အဆောက်အဦးများ
အလွန်နည်းပါးသောကြောင့်
ကျယ်ပြန့်သယောင်ထင်ရလေသည်။

သူတို့ ရှေ့ဆက်သွားနေရင်း ယန်ယဲ့ သည်
လမ်းတစ်လျှောက်တွင် ဓားကျင့်ကြံသူ
အများအပြား နှင့် တွေ့ရလေသည်။
သူတို့ထဲက အများစုဟာ
အတော်လေးသန်မာကြသည်။

အထူးသဖြင့် တစ်ချို့က သူ့အတွင်ပင်

အန္တရာယ်ရှိကြောင်း

ခံစားရသည်။တောင်တစ်တောင်ထက်

တစ်တောင်ပိုမြင့်သည် ဟူသော

စကားအတိုင်း

ခွန်အားကြီးသူတစ်ယောက်

အမြဲရှိနေ၏။

ယန်ယဲ့ သည် သူ့ကိုယ်သူ လောက၏

နံပါတ်တစ် ဓားသမားဟု

ဘယ်သောအခါမှ မထင်ခဲ့ပေ။

လောကတစ်ခုလုံး မရေမတွက်နိုင်သော

စွမ်းအားရှင်များ ရှိနေလေရာ

နိမ့်ကျသောပုံရိပ်ကိုဖော်ပြထားခြင်းသာ

အကောင်းဆုံးပင်။

လိုအပ်သောအခါမှသာ သူ၏ခွန်အားကို

ထုတ်ဖော်လိုက်ရုံပင်။

ရှောင်ကျန်း က ရုတ်တရက်မေးလိုက်

သည် "အစ်ကိုယွဲ့ရန်၊ မင်းက

ဖီးနှစ်ငိုကြွေးခြင်းတောင် ကို အခုချက်ချင်းသွားနေတာလား"

ယန်ယဲ့ က ရှောင်ကျန်း ကို ကြည့်ပြီး "ဘာလို့လဲ။ မင်း အခုမသွားဘူးလား"

ရှောင်ကျန်း က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "အခုမဟုတ်သေးဘူး။မနက်ဖြန်မှာ ဓားညီလာခံကျင်းပမှာလေ။

ဓားညီလာခံပြီးမှပဲ

ဖီးနစ်ငိုကြွေးခြင်းတောင် ကို ဆက်သွားဖို့

ရည်ရွယ်ထားပါတယ်”ဟုပြန်ဖြေသည်။

ယန်ယဲ့ က "ဓားညီလာခံလား"

ရှောင်ကျန်း က အံ့ဩသောလေသံဖြင့်

"ဒါကို မင်းမသိဘူးလား"

ယန်ယဲ့ သည်

ခေါင်းသာယမ်းပြလိုက်သည်။

May Be:

၂၀၄၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၄၀ - အင်မော်တယ်ခန်းမ

ရှောင်ကျန်းက ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါဟာ လီဖုန်းယု က စီစဉ်ပေးတာပါ" ဟု ရှင်းပြသည်။ သူက ယန်ယဲ့ ကို စိုက်ကြည့်ပြီး "မင်း လီဖုန်းယု ကို သိသင့်တယ်ဟုတ်လား"

ယန်ယဲ့ က ခေါင်းယမ်းပြန်သည်။

ထိုအချိန်တွင် မောင်နှမ

နှစ်ယောက်စလုံး၏ မျက်နှာပေါ်တွင်

အံ့အားသင့်နေသော အမူအရာများ

ပေါ်လာသည်။

ယန်ယဲ့ က "သူက

အရမ်းနာမည်ကြီးလား"

ရှောင်ကျန်း က အကူအညီမဲ့စွာသာ

ရယ်မောရင်း “သူဟာ

နာမည်ကြီးရှိသာမကဘူးလေ။

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

အဆင့် ၄ နေရာမှာ ရပ်တည်နေပါတယ်။

နဂါးငွေ့တန်းကြယ်စင်စုရဲ့

အလယ်စကြာဝဠာမှာ တောင်ပိုင်း

လီဖုန်းယု နဲ့ မြောက်ပိုင်း လင်းကန် ဆိုတဲ့

စကားပုံတစ်ခုရှိတယ်။

သူတို့နှစ်ယောက်လုံးက မူလအဆင့်

ဓားစိတ်ဆန္ဒ ပိုင်ဆိုင်ထားတဲ့

ဓားကျင့်ကြံသူတွေလို့ လူသိများတယ် "

မူလအဆင့် ဓားစိတ်ဆန္ဒ လား။

ဒီတစ်ခါတော့ ယန်ယဲ့ လည်း

သိသိသာသာတုန်လှုပ်သွား၏။

အကြောင်းမှာ မူလအဆင့် ဓားစိတ်ဆန္ဒ

ကို ပိုင်ဆိုင်ထားသည်ကား

အံ့သြဖွယ်ကောင်းလှသည်။

ပြောစရာမလိုအောင်
အလယ်စကြာဝဠာက
ကြောက်မက်ဖွယ်ကောင်းသော
ကျင့်ကြံသူများစွာပုန်းအောင်းနေ၏။

ထိုအတောအတွင်း ရှောင်ကျန်း က
ဆက်ပြောလေသည်။ "လူတိုင်းမှာ
ကိုယ်ပိုင်ဓားတာအို ရှိတယ်။
လူတိုင်းရဲ့ဓားတာအို က မတူဘူး။
အလယ်စကြာဝဠာထဲက

စားသမားအားလုံး ထိုင်ပြီး

ဆွေးနွေးနိုင်ရင် လူတိုင်းအတွက်

အကျိုးရှိမှာ သေချာပါတယ်”

ယန်ယဲ့ သည် ခေါင်းညိတ်လိုက်သည်။

လူတိုင်း၏ စားတာအို က မတူပေ။

ထို့အပြင်

ကျင့်ကြံသည့်နည်းလမ်းလည်းမတူကြပါ

။

ဓားကျင့်ကြံသူ အားလုံးသာ

ထိုင်ပြီးဆွေးနွေးနိုင်လျှင်တော့

အားလုံးအတွက် အကျိုးရှိမည်မှာ

သေချာ၏။ အမှန်ဆိုလျှင်

ဓားကျင့်ကြံသူတစ်ယောက်ဟာ

ပြင်ပကမ္ဘာနှင့်

အဆက်အသွယ်ဖြတ်ထားခဲ့သော်

၎င်း၏အောင်မြင်မှုဟာ

အကန့်အသတ်ရှိနေပေမည်။

ရှောင်ကျန်း က "အစ်ကိုယွဲ့၊ မင်းလည်း ပါဝင်မှာလား"

ယန်ယွဲ့ က "ဒါပေါ့" ဟု ခေါင်းညိတ်လိုက်သည်။ သူသည် ယခင်က စားသမားကောင်းများနှင့် ကြုံတွေ့ခဲ့ဖူးသည်။ ဥပမာ- အနှောင်အဖွဲ့ကင်းမဲ့သူ ။ သို့သော်၊ ထိုလူဟာ အမြဲတမ်း

ဒဏ္ဍာရီတစ်ခုသဖွယ် ဖြစ်ခဲ့သောကြောင့်
ဓားတာအို ကို မဆွေးနွေးနိုင်ခဲ့ပေ။

လက်ရှိအချိန်တွင် သူသည်
အစွမ်းထက်ဓားကျင့်ကြံသူများစွာကို
ကြုံတွေ့ခဲ့သည်။ အကယ်၍ သူသည်
၎င်းတို့နှင့် ဓားတာအို ဆွေးနွေးနိုင်ခဲ့လျှင်
သူ၏ ဓားတာအိုအတွက်
အထောက်အကူဖြစ်မည်မှာ
သေချာပါသည်။

ရှောင်ကျန်း က ခေါင်းညိတ်ပြီး ပြုံးလိုက်ကာ "ဒါဆို မြို့အလယ်မှာရှိတဲ့ မဟာအင်မော်တယ်ခန်းမ ကို သွားကြရအောင်"ဟုပြောပါသည်။

ယန်ယွဲ့ က “အင်မော်တယ်ခန်းမ လား။ အဲဒါဘာလဲ"

ရှောင်ကျန်း က "လီတိုင်ဘော
အနားယူခဲ့တဲ့နေရာပါ။ ဒါဟာ
မြို့ရဲ့အကျော်ကြားဆုံးနေရာလို့လည်း
ပြောလို့ရတယ်။ ဒါ့အပြင် လီတိုင်ဘောက
အင်မော်တယ်ခန်းမ မှာ
ဓားနည်းစနစ်တစ်ခု ချန်ထားခဲ့တယ်။
ကံမကောင်းစွာပဲ၊ ဘယ်သူမှ
နားမလည်နိုင်ခဲ့ကြဘူး။

ငါတို့ကံစမ်းကြည့်ရအောင်"ဟုထပ်ပြော
ယသည်

ယန်ယဲ့ သည် ခေါင်းညိတ်လိုက်သည်။
ထို့နောက်တွင် သူတို့သုံးယောက်ဟာ
အင်မော်တယ်ခန်းမ သို့
ဦးတည်သွားကြသည်။

...

အင်မော်တယ်ခန်းမ ။

လမ်းတွင် ရှောင်ကျန်း က

ထပ်ပြောခဲ့သည်။ “အင်မော်တယ်ခန်းမ

က သိပ်တော့မကြီးမားပါဘူး။

သုံးထပ်ပဲရှိတယ်။

အထပ်ရဲ့နာမည်တွေက ကောင်းကင်၊

မြေကြီးနဲ့ လူသားအဆင့်

လို့အမည်ပေးထားတယ်။

အကြီးကြီးမဟုတ်ပေမယ့်

ဝင်ဖို့မလွယ်ဘူး။ အထူးသဖြင့်တော့ ကောင်းကင်ဘုံအထပ်ပဲ။ လီဖုန်းယု နဲ့ ချင်းလင်းကန် တို့ပဲတက်နိုင်မှာလို့ ငါထင်တယ်”

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"ဟုမေးပါသည်။

ရှောင်ကျန်း က ပြုံးရုံသာပြုံးပြီး "မင်း မကြာခင် သိလိမ့်မယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ထပ်မမေးတော့ပေ။

အချိန်သိပ်မကြာလိုက်ပေ။

သုံးယောက်လုံး

အင်မော်တယ်ခန်းမ သို့

ရောက်လာကြသည်။

ရှောင်ကျန်း က ပြုံးပြီး "လာ၊ အထဲကို ဝင်ရအောင်"

ဝင်ပေါက်ကို ရောက်သည်နှင့် အလင်းတန်းတစ်ခုပေါ်လာသည်။ ယန်ယဲ့သည် အံ့သြသွားပြီး ရှောင်ကျန်း ကို စိုက်ကြည့်နေသည်။ ရှောင်ကျန်း က ပြုံးလိုက်ပြီး သူ့ညာဖက်လက်ဝါးကို အလင်းတန်းပေါ်၌ တင်လိုက်သည်။ သူ့လက်ဝါးမှ

ဓားကြီးတစ်ချောင်းပေါ်လာပြီး

အလင်းအတားအဆီးထဲသို့

စီးဝင်သွားသည်။ ထို့နောက်တွင်

အလင်းအတားအဆီးသည်

တုန်လှုပ်သွားပြီး ဖြည်းညှင်းစွာ

လွင့်ပျံသွားသည်။

ရှောင်ကျန်း က ယန်ယွဲ့ ကို စိုက်ကြည့်ရင်း

ပြုံးလိုက်ပြီး "ပထမထပ်ရဲ့

လိုအပ်ချက်က နှိုင်းရနည်းတယ်။ ဒါဟာ

ဝင်ဖို့အတွက် ပြန်လာအဆင့်

ဓားစိတ်ဆန္ဒပဲလိုတယ်" ဟုပြောရင်း

အဆောက်အဦးထဲသို့ ဝင်သွားသည် ။

ရှောင်ကျန်း ဝင်သွားပြီးသည့်နောက်

အလင်းအတားအဆီးက

နောက်တစ်ကြိမ်ပေါ်လာပါသည်။

ရှောင်ယို့ရှီ ကလည်း စကားတစ်ခွန်းမှ

မပြောဘဲ အတားအဆီးဆီသို့

လျှောက်သွားကာ ညာဖက်လက်ဝါးကို

ဇင်းပေါ်တင်လိုက်၏။

သိပ်မကြာလိုက်ဘဲ အလင်းတန်းက

ပြန့်ကျဲသွားပြီးနောက်

ခန်းမထဲသို့ဝင်သွားခဲ့သည်။

ယန်ယဲ့ သည် ပခုံးတွန့်ပြပြီး

တံခါးဝဆီသို့ လျှောက်သွားလိုက်သည်။

သို့သော်လည်း သူ့ရှေ့၌

အတားအဆီးပေါ်မလာသဖြင့်

လူသားအထပ်သို့ ချောချောမွေ့မွေ့

ဝင်သွားလိုက်သည်။ခန်းမက

သိပ်တော့မကျယ်ပေ။ အထဲ၌ စားပွဲနှင့်

ကုလားထိုင်များ ပါရှိသည်။ အားလုံးကို

ထူးဆန်းသော သစ်သားစားများဖြင့်

ပြုလုပ်ထားသည်။ ကြမ်းပြင်ကလည်း

သစ်သားစားရှည်များဖြင့်

ပြုလုပ်ထားသည်။ ထို့အပြင်

အနီးပတ်ဝန်းကျင်၌လည်း

ဓားစိတ်ဆန္ဒကြိုးတစ်ချောင်းပင်

ရှိနေ၏။

ဓားစိတ်ဆန္ဒ သည် စူးရှနေခြင်းမရှိဘဲ

နူးညံ့သိမ်မွေ့လှသည်။

အလွန်သက်တောင့်သက်သာခံစားရစေ

သည်။

လူသားအဆင့်ခန်းမ ထဲသို့

ဝင်လာပြီးနောက် ယန်ယွဲ့ သည်

ဓားကျင့်ကြံသူ အတော်များများ

ရောက်နေကြောင်းတွေ့လိုက်ရသည်။

အားလုံးပေါင်း ၁၀၀ ကျော်ရှိသည်။

ဓားကျင့်ကြံသူ ၁၀၀ ကျော် ဟူသော

အရေအတွက်ဟာ အလွန်ကြီးမားသော

အစုအဖွဲ့ဟုဆိုနိုင်၏။

အကြောင်းကတော့ လူအုပ်ထဲ၌

အားအနည်းဆုံးကပင် ပြန်လာအဆင့်

ဓားစိတ်ဆန္ဒ ပိုင်ဆိုင်ထားလို့ပါ။

ထိုအချိန်တွင် ရှောင်ကျန်းက ရုတ်တရက်

ပြောလိုက်သည် "အစ်ကိုယွဲ့၊ ငါတို့က

မြေကမ္ဘာအဆင့် ကို ထပ်တက်မယ်"

ယန်ယဲ့ က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "ငါ
မင်းနဲ့လိုက်ခဲ့မယ်" ဟုပြောလိုက်သည်။

ရှောင်ကျန်း က အံ့အားသင့်သွားပြီး
"မင်းရဲ့ဓားစိတ်ဆန္ဒက ထာဝရအဆင့်
မှာရှိနေတာလား"

ယခုအချိန်အထိ နှုတ်ဆိတ်နေခဲ့သည့်

ရှောင်ယို့ရှီလည်း ယန်ယဲ့အား

စိုက်ကြည့်နေသည်။

ယန်ယဲ့ က ခေါင်းညိတ်ကာ

တုန့်ပြန်လိုက်သည်။

ရှောင်ကျန်း နှင့် ရှောင်ယို့ရှီ

တို့နှစ်ယောက်လုံး

အကြည့်ချင်းဖလှယ်လိုက်သည်။

ပြောစရာမလိုအောင်

မောင်နှမနှစ်ယောက်စလုံး အတော်လေး

အံ့သြသွားကြသည်။ အကြောင်းမှာ

ယန်ယွဲ့ သည် သူ၏ကျင့်ကြံမှုအဆင့်အား

ဖုံးကွယ်ထားခြင်းမရှိလို့ပါ။

တစ်နည်းဆိုရသော် ယန်ယွဲ့ သည်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်သာ ဖြစ်ကြောင်း

သူတို့လည်း သိနေပါသည်။

သို့သော်လည်း ထာဝရအဆင့်

ဓားစိတ်ဆန္ဒကို နားလည်ထားသည့်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူ။ မကြားဖူးသလို

အတော်လေးရှားပါသည်။

အနည်းဆုံးတော့ သူတို့မောင်နှမ

သည်ပင်

ထာဝရအဆင့်သို့တက်လှမ်းပြီးနောက်မှ

ထာဝရအဆင့် ဓားစိတ်ဆန္ဒ ကို

နားလည်ခဲ့သည်။

ရှောင်ကျန်း က ပြုံးပြပြီး "ဒါဆို

အပေါ်ထပ်တက်ရအောင်"

သူတို့နှစ်ယောက်သား ဒုတိယထပ်

ဝင်ပေါက်သို့ လျှောက်သွားကြသည်။

ရှောင်ကျန်းက

အလင်းအတားအဆီးဆီသို့

လျှောက်သွားပြီးနောက်

ယခင်အတိုင်းပင် သူ့လက်မှ

ဓားကြိုးတစ်ချောင်း ထွက်လာသည်။

ဓားကြိုးက အလင်းအတားအဆီးနှင့်

ထိတွေ့လိုက်သည်နှင့် တစ်ပြိုင်နက်

အလင်းတန်းသည် ပြန့်ကျဲသွားသည်။

ရှောင်ကျန်း က ယန်ယွဲ့ ကို

ခေါင်းညိတ်ပြပြီး အထဲကို

ဝင်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်

ရှောင်ယို့ရှိ လည်း ဒုတိယထပ်သို့

ဝင်လာခဲ့သည်။

မျှော်လင့်ထားသည့်အတိုင်း ယန်ယွဲ့ သည်

ဒုတိယထပ်သို့ ချောမွေ့စွာ

ဝင်ရောက်လာခဲ့သည်။

ဒုတိယထပ်သို့ရောက်သည်နှင့်

အကြည့်များစွာက သူတို့အပေါ်သို့

ဆင်းသက်လာသည်ကို

သတိပြုမိခဲ့သည်။ ယန်ယွဲ့ သည်

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

လူသားအဆင့်ခန်းမ နှင့်

ယှဉ်လိုက်သော်လည်း

မြေကမ္ဘာအဆင့်ခန်းမထဲ၌

လူနည်းနေ၏။ ၄၀ လောက်သာ

ရှိခဲ့သည်။

သို့သော်လည်း ဓားစိတ်ဆန္ဒ ကတော့

အနည်းဆုံး ထာဝရအဆင့် ပါ။

ယန်ယွဲ့ သည် သိသိသာသာ

တုန်လှုပ်သွားသည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့အတွက်

အလယ်စကြာဝဠာတစ်ခုလုံး၌

မရေမတွက်နိုင်သော ကျွမ်းကျင်သူများ
ပုန်းအောင်းနေခဲ့ကြောင်း
သဘောပေါက်သွားတော့သည်။

ရှောင်ကျန်း က သူတို့ကို အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် ယန်ယဲ့ နှင့်
ရှောင်ယို့ရှီ ကို ပြတင်းပေါက်နားမှ
အခန်းဆီသို့ ခေါ်သွားခဲ့သည်။

ရှောင်ကျန်း က

ပြတင်းပေါက်အပြင်ဖက်ရှိ တိမ်များကို

လက်ညှိုးထိုးပြပြီး

"ကြည့်လိုက်"ဟုပြောခဲ့သည်။

ယန်ယဲ့ သည် ရှောင်ကျန်း

ညွှန်ပြရာနေရာကို ကြည့်လိုက်သည်။

ထိုအခါ တိမ်တိုက်များအပေါ်၌

လွင့်မျောနေသော စာတန်းတစ်ခုကို

တွေ့လိုက်သည်

'ခွက်လွတ်လုနီးပါးဖြစ်နေရင်တောင်

ဘယ်တော့မှ မသောက်ပါနဲ့။

ကျေးဇူးပြုပြီး ငါ့သီချင်းကို

နားထောင်ပါ။ ငါနဲ့အတူ သီဆိုပါ...။

မင်းရဲ့ လှပတဲ့ ဝတ်စားဆင်ယင်မှုနဲ့

ခွန်အားကြီးတဲ့ လက်ကိုင်ဓား။

စပျစ်ဝိုင်ကို များများယူလာခဲ့ကြ။

ညဖက်အထိ ထိုင်သောက်ကြရအောင်”

ဟူ၍ပင်။

"ညမကုန်မချင်း လား" ရှောင်ကျန်းက

“အင်မော်တယ်ဓားသမား က

မျှော်လင့်ထားတဲ့အတိုင်းပါပဲ။ အဲဒီလို

အထိန်းအကွပ်မဲ့ စိတ်ဆန္ဒတွေ၊ ငါတို့က

သူနဲ့အလှမ်းဝေးနေသေးတယ်”ဟုပြောပါ

သည်။

ယန်ယွဲ့ သည်လည်း

ခေါင်းညိတ်လိုက်သည်။

အင်မော်တယ်ဓားသမား ကို

တစ်ခါမျှမတွေ့ဖူးသော်လည်း

လီတိုင်ဘောက သာမန်လူမဟုတ်ကြောင်း

ပိုင်းခြားသိမြင်နိုင်ခဲ့သည်။ အထူးသဖြင့်

လီတိုင်ဘော

မည်မျှသန်မာကြောင်းသိသာပါသည်။

အလယ်စကြာဝဠာ၏ ဒဏ္ဍာရီလာ

အင်မော်တယ်ဓားသမားဘွဲ့

ခံယူနိုင်သူဟာ

မရှိနိုင်သလောက်နီးပါးပင်မဟုတ်ပါလား

။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့

သည် "သူ့ရဲ့စားနည်းစနစ်က

ဒီစကားထဲမှာ

ရှိသလား"ဟုမေးလိုက်သည်။

ရှောင်ကျန်း က "ဒါပဲ သူတို့ပြောတာ"

ယန်ယွဲ့ သည် ခေါင်းညိတ်လိုက်ပြီး မော့ကြည့်လိုက်သည်။ အချိန်တော်တော်ကြာအောင် စိုက်ကြည့်နေပြီးနောက် သူ့ခေါင်းကိုခါယမ်းလိုက်ပြီး "ဘာမှ မတွေ့ဘူး"ဟုပြောလိုက်သည်။

ရှောင်ယို့ရှီ က ရုတ်တရက် ပြောလာ၏

"ငါတွေ့တယ်"ယန်ယဲ့ နှင့် ရှောင်ကျန်း တို့နှစ်ယောက်လုံး ရှောင်ယို့ရှီကို ချက်ချင်းပင် စိုက်ကြည့်နေကြသည်။ ယန်ယဲ့၏ မျက်လုံးထဲ၌ အံ့သြမှုအပြည့်ပါ။ ရှောင်ကျန်း ကတော့ ပျော်ရွှင်မှုများပြည့်နှက်နေလေသည်။

ရှောင်ယို့ရှီ က စကားမပြောဘဲ လေထဲ၌ လွင့်မျောနေသော စကားလုံးများကိုသာ စိုက်ကြည့်နေသည်။

ထိုအတောအတွင်း ယန်ယဲ့ က “အဲဒါ တကယ်ရှိသလား” ဟု မေးလိုက်ပါသည်။

ရှောင်ယို့ရှီ က ယန်ယဲ့ ကိုကြည့်ကာ စကားတစ်ခွန်းမှ မပြောပေ။

ယန်ယဲ့ သည် သူမ၏ တုံ့ပြန်မှုကြောင့် စကားမပြောနိုင်တော့ပေ။

ထိုအချိန်တွင် သူ့ရင်ဘတ်ထဲမှ

အဖြူရောင်အလင်းတန်းတစ်ခု

လင်းလက်လာပြီး နှင်းပွင့်လေးက

သစ်သားဓားကို ကိုင်ထားရင်း

ယန်ယဲ့ရှေ့တွင် ပေါ်လာသည်။

ယန်ယဲ့၊ ရှောင်ကျန်း နှင့် ရှောင်ယို့ရှီ

တို့လည်း အံ့အားသင့်သွားသည်။

ယန်ယဲ့ က စကားပြောရန် ပြင်လိုက်စဉ်

နှင်းပွင့်က တတိယထပ်ဝင်ပေါက်သို့

ပျံသန်းသွားလေသည်။

ယန်ယဲ့ သည် စကားမပြောနိုင်ဘဲ

အံ့အားသင့်သွားလေတော့သည်။

May Be:

..၂၀၄၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၄၁ - မူလအဆင့် ဓားစိတ်ဆန္ဒ

နှင်းပွင့်က သူမ၏ခြေသည်းများတွင်

သစ်သားဓားကိုကိုင်ထားရင်း

တတိယထပ်သို့

ဦးတည်သွားသည်ကိုမြင်သောအခါ

ယန်ယဲ့ သည်

အတော်လေးအံ့အားသင့်သွားသည်။

သူသည် နှင်းပွင့်လေး နောက်သို့ အပြေးလိုက်သွားကာ "ရပ်လိုက်။ ဘာလုပ်နေတာလဲ"

နှင်းပွင့်က မျက်တောင်ခတ်ပြသည်။ ထို့နောက် ချစ်စဖွယ် အပြုံးလေးဖြင့် တတိယထပ်သို့ တက်ချင်နေကြောင်း ညွှန်ပြလေသည်။

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

နှင်းပွင့်က သစ်သားဓားကို ညွှန်ပြပြီး
အပေါ်ထပ်သို့ ညွှန်ပြပြန်သည်။

ယန်ယဲ့ သည် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။
"သစ်သားဓားက တက်သွားတာလား။
ဘာအကြောင်းရှိနေလို့လဲ"

ထိုအတောအတွင်း နှင်းပွင့်က ယန်ယဲ့

ဆီသို့

ပြေးလာပြီး လက်ကို ကိုင်ကာ

တတိယထပ်သို့ လျှောက်သွားလေသည်။

ယန်ယဲ့ သည်

ခဏမျှတုံ့ဆိုင်းသွားသော်လည်း

ငြင်းဆန်ခြင်းမရှိပေ။

သစ်သားဓားက အပေါ်ထပ်သို့

တက်လိုသောကြောင့်ပါ။ ထိုသို့ဖြစ်ရာ

တတိယထပ်၌ သစ်သားဓားကို

သွေးဆောင်နေသောအရာတစ်ခုရှိရပေမ

ည်။ သူလည်း တတိယထပ်မှ

အခြေအနေကို

အတော်လေးသိချင်မိသည်။

ယန်ယဲ့ နှင့် နှင်းပွင့်လေးက

တတိယထပ်ဆီသို့ ဦးတည်သွားသည်ကို

တွေ့လိုက်သောအခါ ခန်းမထဲရှိ လူတိုင်း သူတို့ဆီသို့ အာရုံပြောင်းသွားကြသည်။

ထိုအချိန်တွင် ရှောင်ကျန်း နှင့် ရှောင်ယို့ရှီက ယန်ယဲ့ရှေ့၌ ပေါ်လာသည်။

ရှောင်ကျန်း က နှင်းပွင့်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ယန်ယဲ့ ကို စိုက်ကြည့်ကာ "အစ်ကိုယဲ့၊ မင်း

အဲဒီကို

မတက်နိုင်ဘူး"ဟုပြောလိုက်သည်။

ယန်ယဲ့ က အံ့သြသွားသည် "ဘာလို့လဲ"

ရှောင်ကျန်းက "ငါ မင်းကို အရင်က

ပြောဖူးတယ်။ တတိယထပ်ကို

ဝင်ဖို့ဆိုရင် မူလအဆင့် ဓားစိတ်ဆန္ဒ

လိုအပ်တယ်"ဟုပြောပါသည်။

ယန်ယဲ့ က ပြုံးပြီး

"အဆင်ပြေပါတယ်"ဟုသာ

ပြန်ပြောသည်။ စကားပြောနေစဉ်

နှင်းပွင့်လေး၏ခေါ်ရာအတိုင်း

တတိယထပ်ဝင်ပေါက်အပြင်ဖက်ရှိ

အလင်းအတားအဆီးဆီသို့

လျှောက်သွားခဲ့သည်။

နှင်းပွင့်လေး က သစ်သားစားကို

မြှောက်လိုက်ပြီး အလင်းအတားအဆီးကို

ခုတ်ချဖို့

ပြင်သည်။ သို့သော်လည်း ယန်ယဲ့ က

သူမကို တားလိုက်သည်။

ထို့နောက် နှင်းပွင့်လေး၏ခေါင်းကို

ပွတ်လိုက်ပြီး သူ့ညာဖက်လက်ကို

အလင်းအတားအဆီးပေါ်

တင်လိုက်သည်။ သူ့လက်ဝါးမှ

အလျှော့မပေးလိုသော ဓားစိတ်ဆန္ဒ

စီးထွက်လာပြီး

အလင်းအတားအဆီးထဲသို့

ဝင်ရောက်သွားသည်။

အလျှော့မပေးလိုသောဓားစိတ်ဆန္ဒ က

အလင်းအတားဆီးထဲသို့

ဝင်ရောက်သွားသည်နှင့် တပြိုင်နက်

အတားအဆီးသည် ပြင်းထန်စွာ

တုန်လှုပ်သွားကာ တဖြည်းဖြည်း
ပြန့်ကျဲလာသည်။

ဤမြင်ကွင်းကြောင့်
ဤနေရာမှလူတိုင်း၏အမူအရာသည်
ပြောင်းလဲသွားသည်။ ရှောင်ကျန်း
တို့မောင်နှမနှစ်ယောက်လည်း
အတူတူပင်။

ယန်ယွဲ့ နှင့် နှင်းပွင့်လေးတို့ ဝင်ခါနီးတွင်
ရှောင်ကျန်း က တားလိုက်ပြီး
"ဘာလို့လဲ"ဟုမေးလိုက်သည်။

ကောင်းကင်ဘုံအထပ်။ တစ်နည်း
အင်မော်တယ်ခန်းမ၏
တတိယအထပ်ကား မူလအဆင့်
ဓားစိတ်ဆန္ဒပိုင်ဆိုင်ထားသူသာလျှင်
တက်ရောက်နိုင်၏။ သို့သော် ယန်ယွဲ့၏

ဓားစိတ်ဆန္ဒ သည် ထာဝရအဆင့်

သာရှိခဲ့သည်။

ရှောင်ကျန်း မေးလိုက်သည့် မေးခွန်းဟာ

ခန်းမထဲရှိ လူတိုင်း သိချင်နေသည့်အ

ခြေအနေနှင့်အတူတူပါ။

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး

"မင်းတကယ်သိချင်တာလား"ဟုမေးလို

က်သည်။

ရှောင်ကျန်း က မတွန့်ဆုတ်ဘဲ

“ဟုတ်ပါတယ်”

ယန်ယဲ့ သည် ပတ်ဝန်းကျင်ရှိ

အခြားလူများကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းတို့အားလုံးလည်း

သိချင်နေကြပြီလား"

ခန်းမထဲရှိ ဓားကျင့်ကြံသူ

အတော်များများက

ခေါင်းညိတ်ကြသည်။

ယန်ယွဲ့ သည် ခဏမျှစဉ်းစားလိုက်ပြီး

"ဓားတာအို အပေါ်မင်းတို့ရဲ့

ကိုယ်ပိုင်ယုံကြည်ချက်က ဘာလဲဆိုတာ

ငါမသိဘူး။ ဒါပေမဲ့ ငါ့မှာ

အကြောက်တရားမရှိတာပဲ။

ဘာကိုဆိုလိုတာလဲသိလား။
ပြောချင်တာက ငါဘာမှမကြောက်ဘူး”

ထိုစကားပြောပြီးနောက်
တတိယထပ်ဝင်ပေါက်ကို ညွှန်ပြပြီး
“မင်းတို့အားလုံး ဒီမှာရှိနေတယ်။ ဒါပေမဲ့
တစ်ယောက်မှ မတက်ရဲကြဘူး။
မတက်ရဲတဲ့ အကြောင်းရင်းက
မူလအဆင့် ဓားစိတ်ဆန္ဒ ရှိမှပဲ
တက်နိုင်တယ်လို့ သိထားလို့

ဖြစ်နိုင်တယ်။ ဒါကြောင့် မင်းတို့
ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတာပဲ။
မင်းတို့ပိုင်ဆိုင်ထားတဲ့ ဓားစိတ်ဆန္ဒမှာ
မူလအဆင့် မှာမရှိလို့ အပေါ်ထပ်ကို
တက်မသွားနိုင်ဘူးလို့ ခံစားရတယ်"

အချို့က လေးလေးနက်နက်
တွေးတောနေခဲ့သည်။ ခန်းမထဲ၌
ခဏကြာအောင် တိတ်ဆိတ်သွားသည်။

ထိုအတောအတွင်း ယန်ယဲ့ က

ဆက်ပြောလိုက်၏

“ဓားကျင့်ကြံသူတွေဟာ

မကြောက်မရွံ့ဘဲ

ရှေ့ဆက်တိုးသင့်တယ်။

အထူးသဖြင့်တော့ ငါတို့က

ကိုယ့်ကိုယ်ကိုရပ်တန့်မနေသင့်ဘူး။

ငါတို့တွေ ရပ်တန့်နေလိုက်ရင် အဲဒါ

ငါတို့ကိုယ်ပိုင်ဓားတာအိုရဲ့

အဆုံးသတ်ဖြစ်လိမ့်မယ်”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ သည် နှင်းပွင့်လေး၏လက်ကို ကိုင်လျက် အပေါ်ထပ်ကို တက်သွားသည်။

ဓားကျင့်ကြံသူ အများအပြားက အတွေးနက်နေကြသည်။ ရှောင်ကျန်းလည်း အလားတူပင်။

ခဏအကြာတွင် ရှောင်ယို့ရှီက ရုတ်ချည်းပြောခဲ့သည် "သူ့မှာ ထာဝရအဆင့် ဓားစိတ်ဆန္ဒ ပဲ ရှိတယ်လို့ ငါတော့မထင်ဘူး"

ရှောင်ကျန်း က သူ၏ညီမကို စူးစိုက်ကြည့်ပြီး "ဘာကိုဆိုလိုတာလဲ" ဟု မေးလိုက်သည်။

ရှောင်ယို့ရှီက

တိုးတိုးလေးပြောလိုက်သည်

"သူပြောတာက အဓိပ္ပာယ်ရှိပေမဲ့

သူ့ရဲ့ခံစားစိတ်ဆန္ဒ က ထာဝရအဆင့်

မဟုတ်ဘူးလို့ ငါခံစားရတယ်"

ရှောင်ကျန်း က

ဘာပြောရမှန်းမသိတော့ပေ။

ယန်ယဲ့ သည် သဘာဝအားဖြင့်

ထာဝရအဆင့် ဓားစိတ်ဆန္ဒသာ

ပိုင်ဆိုင်ထားခြင်းမဟုတ်ပေ။

နောက်ဆုံးတွင် သူ၏ဓားစိတ်ဆန္ဒဟာ

အလျှော့မပေးလိုသော ဓားစိတ်ဆန္ဒပင်။

ထို့ကြောင့် သူ၏ဓားစိတ်ဆန္ဒဟာ

မူလအဆင့် ဓားစိတ်ဆန္ဒ နှင့်

နှိုင်းယှဉ်နိုင်သည်။

ယန်ယဲ့ နှင့် နှင်းပွင့်လေးတို့

အပေါ်ထပ်သို့တက်သွားပြီးနောက်တွင်

ဒုတိယထပ်ရှိ

စားကျင့်ကြီးသူအများအပြားဟာ

မထိန်းနိုင်ဘဲတတိယထပ်သို့

ဦးတည်သွားကြသည်။သို့သော်

တစ်ယောက်မှကို မအောင်မြင်ခဲ့ကြပေ။

“လူလိမ်...” အကြိမ်ပေါင်း

မရေမတွက်နိုင်အောင်

ကျရှုံးပြီးနောက်တွင်

စားကျင့်ကြံသူအားလုံးဟာ ယန်ယဲ့အား

ကျိန်ဆဲကြသည်။

...

ယန်ယဲ့ သည်

တတိယထပ်သို့ဝင်လာပြီးနောက်

လူတစ်ယောက်တည်းသာတွေ့လိုက်သဖြ

င့် သူ၏နှလုံးသားသည်

အလွန်အေးစက်သွားခဲ့သည်။
အမျိုးသမီး တစ်ယောက်ပါ။

ယန်ယဲ့ သည် အမျိုးသမီး ကို
မော့ကြည့်လိုက်သည်။ သူမက အသက်
၂၅ နှစ်ဝန်းကျင်သာရှိသေး၏။
တင်းကျပ်သော အဖြူရောင်ဝတ်စုံကို
ဝတ်ဆင်ထားပြီး
မျက်လုံးမှိတ်ထားလျက် မြေပြင်ပေါ်တွင်

တင်ပျဉ်ခွေထိုင်နေခဲ့သည်။

တရားရှုမတ်နေပုံပါ။

ယန်ယဲ့ သည် သူ့အကြည့်ကို

ဆုတ်လိုက်ပြီး နှင်းပွင့်အား

ကြည့်လိုက်သည်။ နှင်းပွင့် က

မျက်တောင်ခတ်ပြီး ယန်ယဲ့ ကို

စိုက်ကြည့်နေသည်။

ယန်ယဲ့ သည် အကူအညီမဲ့စွာ

ရယ်မောပြီး ခေါင်းကို ခါလိုက်သည်။

ထို့နောက် နှင်းပွင့်၏ခေါင်းလေးကို

ညင်သာစွာ ပွတ်သပ်ပြီး “သစ်သားဓားကို

ဘာလို့ချင်လဲ မေးပါ” ဟု

ပြောလိုက်သည်။

နှင်းပွင့်လေး က ပြုံးလိုက်ပြီး

လက်သည်းကြားမှ သစ်သားဓားကို

စိုက်ကြည့်နေသည်။ ခဏအကြာတွင်

သစ်သားဓားက လေထဲသို့ ရုတ်တရက်

ပျံတက်သွားပြီး အခန်း၏

အလယ်ဗဟိုသို့ ရောက်သွားသည်။

ယန်ယဲ့ နှင့် နှင်းပွင့်လေး တို့လည်း

နောက်ကနေ ချက်ချင်းပင်

လိုက်သွားခဲ့သည်။

သစ်သားဓားက

အခန်းအလယ်သို့ရောက်သွားပြီးနောက်

တွင် ရပ်တန့်သွား၏။

၎င်းက တစ်ခုခုနှင့် ဆုံတွေ့သွားပုံရသည်။

ယန်ယဲ့လည်း

အနည်းငယ်ထူးခြားနေသည်ကို

သတိထားမိလိုက်သည်။

ထိုအချိန်တွင် "ဘာလုပ်

နေတာလဲ"ဟူသော

မေးမြန်းသံထွက်လာသည်။

ယန်ယဲ့ သည် အသံလာရာဖက်သို့

လှည့်ကြည့်လိုက်သည်။

အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးပါ။

“ငါ ဘာမှ မလုပ်ပါဘူး” ယန်ယဲ့ က

ပြန်ဖြေသည်။

အမျိုးသမီးက ယန်ယဲ့ရှေ့မှ
သစ်သားစားရှည်ကို စိုက်ကြည့်ရင်း
“ရပ်လိုက်ပါ”

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

အမျိုးသမီးက သူ့ကို စိုက်ကြည့်ရင်း "နင်
ငါ့ကို ထပ်ခါထပ်ခါ
ပြောစေချင်တာလား"

ယန်ယဲ့၏ မျက်လုံးများသည် ချက်ချင်း ကျဉ်းသွားကာ "ဒါဆို ကိုယ့်စကားကို ပြန်ယူပါ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် သူ၏နဖူးမှ ၃ လက်မအကွာ၌ ဓားတစ်ချောင်း ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် အမျိုးသမီးက ယန်ယဲ့ရှေ့မှ ပေါ်လာခဲ့သည်။ သူမက ယန်ယဲ့အား စူးစိုက်ကြည့်ပြီး

"နင်ပြောခဲ့တာကို ထပ်ခါထပ်ခါ ပြောဖို့သတ္တိရှိသလား"

အုန်း...

ထိုအချိန်တွင် ယန်ယဲ့ထံမှ ကြောက်မက်ဖွယ်ရာ စိတ်ဆန္ဒလှိုင်းများ ထွက်ပေါ်လာသည်။ ထို့နောက် အမျိုးသမီးကို ၁၀ မီတာအကွာသို့ ရိုက်ထုတ်ပစ်လိုက်သည်။

တစ်ဆက်တည်း ယန်ယဲ့ သည်

နေရာမှာပင် ဖျတ်ခနဲပျောက်သွား၏။

ထိုခဏလေးမှာပဲ အမျိုးသမီးရှေ့တွင်

ပေါ်လာပြီး နတ်ဓားကို

ဘယ်ဖက်လက်ဖြင့်ဆုပ်ကိုင်ကာ

ပိုင်းချလိုက်သည်။

အမျိုးသမီး၏ အမူအရာသည် တည်ငြိမ်နေခဲ့သည်။ သူမ၏လက်ထဲမှ ဓားကို မြှောက်ကာ ရှေ့သို့ထိုးရုံပင်။

ဖန်း...

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည် မီတာ ၁၀၀ အကွာသို့ ဆုတ်သွားရသည်။

အမျိုးသမီးက

ထပ်ပြီးမတိုက်ခိုက်တော့ပေ။ ယန်ယွဲ့ ကို

အချိန်အတော်ကြာ စိုက်ကြည့်ကာ

“ထာဝရအဆင့် ဓားစိတ်ဆန္ဒ လား။ နင်

ဒီကိုဘယ်လိုထလာနိုင်တာလဲ"

ယန်ယွဲ့ က အမျိုးသမီး ကို စိုက်ကြည့်ကာ

"မူလအဆင့် ဓားစိတ်ဆန္ဒ ပဲ"

သူ့ထက် အဆင့်မြင့်သော ဓားကျင့်ကြံသူကို တွေ့ဖူးသည်ကား
ပထမဆုံးအကြိမ်ပါ။

အမျိုးသမီးက ယန်ယဲ့ ကို
စိုက်ကြည့်နေရင်းဖြင့် "နင့်ရဲ့
ထာဝရအဆင့် ဓားစိတ်ဆန္ဒ က
သာမန်မဟုတ်ပါဘူး။ အဲဒီအထဲမှာ
တခြားစွမ်းအင်တစ်မျိုးပါနေသေးတယ်။
အဲဒီစွမ်းအင်က နင့်ရဲ့ဓားစိတ်ဆန္ဒကို

မူလအဆင့် ဓားစိတ်ဆန္ဒ နဲ့ ယှဉ်ပြိုင်နိုင်စေတယ်”

သို့သော်လည်း အမျိုးသမီး၏ မျက်နှာက ရုတ်တရက် အေးစက်သွားခဲ့ပြီး "ဒါပေမဲ့ ဘာဖြစ်လဲ။ ထာဝရအဆင့် ဓားစိတ်ဆန္ဒ က နောက်ဆုံးတော့ ထာဝရအဆင့် ပဲလေ"

ဟု ပြောပြီးသည်နှင့် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုခဏလေးမှာပဲ သူမ၏ ခန္ဓာကိုယ်ကနေ

ပြင်းထန်သော

ဓားစွမ်းအင်လှိုင်းကြီးတစ်ခု

ထွက်ပေါ်လာပြီး ယန်ယဲ့အပေါ်

ဖိနှိပ်လာပါသည်။

ယန်ယဲ့ သည် အနည်းငယ်

မျက်မှောင်ကြုတ်ကာ ခဏမျှ

ငြိမ်သက်သွားပြီးနောက် ရှေ့သို့
ခြေတစ်လှမ်းတိုးလိုက်သည်။ သူ၏
အလျှော့မပေးလိုသော ဓားစိတ်ဆန္ဒ က
ချက်ချင်းပင် ရှေ့သို့ ပြေးထွက်လာပြီး
အမျိုးသမီး၏ ဓားစိတ်ဆန္ဒ ကို
တွန်းထုတ်လိုက်သည်။

သိပ်မကြာလိုက်ဘဲ ဓားစိတ်ဆန္ဒနှစ်ခုဟာ
လေထဲ မှာပင် ရပ်တန့်သွားခဲ့သည်။

ယန်ယဲ့၏ဓားစိတ်ဆန္ဒသည်

ထာဝရအဆင့် သာရှိသော်လည်း

အလျှော့မပေးလိုသောစိတ်ဆန္ဒ

ပါဝင်နေပါသည်။ ထို့ကြောင့် ၎င်းသည်

အမျိုးသမီး၏ မူလအဆင့် ဓားစိတ်ဆန္ဒ

နှင့် အတူတူပင်။ သို့သော်လည်း

သူ၏ဓားစိတ်ဆန္ဒ က

အမျိုးသမီး၏ဓားစိတ်ဆန္ဒကို

ပြန်မတွန်းလှန်နိုင်ပေ။

နှစ်ယောက်စလုံးက

ရှေ့မတိုးနောက်မဆုတ်သာ

ဖြစ်နေခဲ့သည်။

May Be:

၂၀၄၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၄၂ - ရှေ့ဆက်သွားဖို့ လမ်းမရှိတော့ဘူး

ထိုကဲ့သို့ပင် မိနစ် ၄၀ ကြာသည်အထိတိုင် နှစ်ယောက်စလုံး ရှေ့မတိုးနောက်မဆုတ်သာ ဖြစ်နေကြသည်။ ထို့နောက်တွင် ယန်ယွဲ့သည် တဖြည်းဖြည်း ဆိုးရွားသော အခြေအနေသို့ ကျဆင်းသွားသည့် အရိပ်အယောင်များ ပေါ်လာသည်။

သူ၏ခါးစိတ်ဆန္ဒ က တဖြည်းဖြည်း
အားလျော့လာကြောင်း
သတိပြုမိလိုက်ရာ ယန်ယွဲ့သည်
ချက်ချင်း မျက်နှာပျက်သွားသည်။

ယခင်က သူ
မျှော်လင့်ထားသည့်အတိုင်းပင်။
သူ၏ခါးစိတ်ဆန္ဒ ဟာ မူလအဆင့်
ခါးစိတ်ဆန္ဒကို ယှဉ်ပြိုင်နိုင်သော်လည်း

ကွာဟချက်တစ်ခုတော့ သေချာပေါက်

ရှိနေသေးသည်။

ထိုအချိန်တွင် နှင်းပွင့်လေးက

လွင့်မျောနေသော သစ်သားဓားကို

ကိုင်လျက် အမျိုးသမီးအား

လှမ်းထိုးလိုက်သည်။

ဆူး…

သစ်သားဓားမှ ဓားစွမ်းအင်တစ်စင်း
လင်းလက်လာသည်။

ဓားစွမ်းအင်ကို မြင်သောအခါ
အမျိုးသမီး၏ အမူအရာသည်
အနည်းငယ် ပြောင်းလဲသွားသည်။
သူမ၏ဘယ်ဖက်လက်ကိုလှန်လိုက်ရာ
ဓားတစ်ချောင်းချက်ချင်း
ပေါ်လာပြီးနောက် လျှပ်စီးလက်သလိုမျိုး
ရှေ့သို့ ပစ်လွှတ်လိုက်လေသည်။

အုန်း....

နှင်းပွင့်၏ ဓားစွမ်းအင်က

ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပင်

နှင်းပွင့်လေးက သစ်သားဓားကို

နောက်တစ်ကြိမ် လှန်လိုက်သည်။

ဖန်း...

တစ်ဖက်နှင့်တစ်ဖက်

ထိတွေ့လိုက်သည်နှင့် အမျိုးသမီး၏

ဓားက ချက်ချင်းဆိုသလို

နှစ်ပိုင်းပြတ်သွားပြီး မြေပြင်ပေါ်

ပြုတ်ကျသွားသည်။

ဤမြင်ကွင်းကို မြင်လိုက်သော်

အမျိုးသမီး၏ မျက်လုံးများက

သိသိသာသာ ကျဉ်းမြောင်းသွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ ဖက်

လှည့်ကြည့်ကာ နှစ်ယောက်စလုံး၏
ခံစားစိတ်ဆန္ဒများကို တဖြည်းဖြည်းချင်း
ပြန်ရုတ်လိုက်ကြသည်။

ထိုအတောအတွင်း နှင်းပွင့်က
ထပ်မံတိုက်ခိုက်တော့မည်ဖြစ်သောလ
ည်း ယန်ယဲ့ သည် သူမ၏လှမ်းပွေ့ပြီး
တားလိုက်သည်။

တစ်ချိန်တည်းမှာပင်

အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးက

“အဲဒီဓားက ဘာလဲ” ဟု မေးလိုက်သည်။

ယန်ယဲ့ က သူမကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ့ဓားကို

ဒီနေရာမှာ လှည့်မရအောင် တားဖို့

ဘာလို့ကြိုးစားနေတာလဲ" ဟူ၍

ပြန်မေးခဲ့သည်။

အမျိုးသမီးက ယန်ယဲ့ ကို စိုက်ကြည့်ရင်း
“နင် ဘာလုပ်နေလဲ မသိဘူး”

ယန်ယဲ့ သည် နှင်းပွင့်ကို
စိုက်ကြည့်နေသည်။ နှင်းပွင့်က
မျက်တောင်ခတ်ပြီး
ပခုံးပါတွန့်ပြလေသည်။ သူမ
မသိကြောင်းပြသနေပုံပါ။

ယန်ယဲ့ သည် သစ်သားဓားကို စိုက်ကြည့်လိုက်သော်လည်း အဖြေမထွက်ပေ။

ထိုအချိန်တွင် အမျိုးသမီးက “ဒါ နင့်ရဲ့ဓားမဟုတ်ဘူး” ဟု ထပ်ပြောလိုက်သည်။

ယန်ယဲ့ က သူမကို စိုက်ကြည့်ကာ ခေါင်းညိတ်ပြပြီး “တကယ်တော့ မဟုတ်ပါဘူး”

အမျိုးသမီးက ယန်ယဲ့ ကို မျက်လုံးဖြင့်ကြည့်ကာ "အဆင့်သတ်မှတ်ချက်ထက်တောင် ကျော်လွန်နေတဲ့ ရတနာတစ်ခု"

ယန်ယဲ့က

စကားပြန်ပြောရန်ပြင်လိုက်၏။

သို့သော်လည်း အမျိုးသမီးက

ဖျတ်ခနဲပျောက်သွားသည်။

သူမ၏ပစ်မှတ်က သစ်သားဓား ပါ။

သူမက လုယူချင်တာလား ။

ယန်ယဲ့ သည် ချက်ချင်း

မျက်နှာပျက်သွားသည်။

သူတိုက်ခိုက်ရန်ပြင်လိုက်သော်လည်း နှင်းပွင့်က ပိုမြန်နေ၏။သစ်သားဓားကို လက်သည်းလေးများဖြင့် ဆုပ်ကိုင်ထားကာ အမျိုးသမီးကို ခုတ်ချလိုက်သည်။

အုန်း....

သစ်သားဓား မှ ထွက်ပေါ်လာသော
ဖိအားကြောင့် အမျိုးသမီးဟာ ချက်ချင်း
နောက်ပြန်လွင့်ထွက်သွားသည်။

နှင်းပွင့်လေးက ဓားကိုမြှောက်ကာ
နောက်တစ်ကြိမ် တိုက်ခိုက်ရန်ပြင်သည်။
သို့သော်...

ခလွပ်....

ကျယ်လောင်သော အက်ကွဲသံ

ထွက်ပေါ်လာသည်။

ယန်ယဲ့ လည်း သစ်သားဓားကို

စိုက်ကြည့်ရင်း နှစ်ယောက်စလုံး

အံ့အားသင့်သွားကြသည်။

အကြောင်းကတော့ သစ်သားဓား မှ

သစ်သားတစ်စပြုတ်ထွက်လာလို့ပါ။

ဓားက ပျက်စီးသွားပြီလား ။

ခလွပ်....

ဤအချိန်တွင် ယန်ယွဲ့တွေးနေတာပါ။

သို့သော် ခဏအကြာမှာပဲ ထိုအတွေးကို

ငြင်းပယ်လိုက်၏။ သစ်သားဓားက

ဘယ်လိုရတနာတစ်ခုလဲ။

ပျက်စီးနိုင်မည်လော။

ယန်ယဲ့ သည် အနားကို လျှောက်သွားပြီး

သေချာကြည့်လိုက်သည်။

သစ်သားအပိုင်းအစ ကွာကျသွားသည့်

အောက်မှ

ရွှေရောင်တလက်လက်တောက်ပနေသ

ည်ကို သတိထားမိလိုက်သည်။

သစ်သားဓား မဟုတ်ဘဲ

ရွှေဓားတစ်ချောင်းဖြစ်နေလိုပင်။

ယန်ယဲ့ သည် တစ်စုံတစ်ခုကို

ချက်ချင်းနားလည်လိုက်သည်။

သစ်သားဓားက

အမှန်တကယ်သစ်သားဓားမဟုတ်ပေ။

ဓားကိုယ်ထည်ကို သစ်သားအောက်တွင်

ဖုံးကွယ်ထားသည်။

ဤအခိုက်တွင် ယန်ကလန်၏
ဘိုးဘေးယန်ရှောင်ပြောခဲ့သည့်စကားကို
ပြန်ပြောင်းသတိရမိသည်။

သစ်သားဓားကို တံဆိပ်ခတ်ထားသည်
ဟူသောစကားပင်။

တစ်နည်းဆိုရသော် သစ်သားဓားပေါ်ရှိ
သစ်သားအခွံက စည်းတံဆိပ်တစ်ခုပါ။
လက်ရှိအချိန်တွင် သစ်သားတစ်ပိုင်း

ကွာကျသွားသဖြင့် ချိတ်ပိတ်စည်း

အားလျော့လာကြောင်း သိသာပါသည်။

ဤအချက်ကို စဉ်းစားပြီးသည်နှင့်

ယန်ယဲ့ သည် အမျိုးသမီးကို

စိုက်ကြည့်ကာ "ဒီမှာ

ဘာရှိလဲ"ဟုမေးလိုက်၏

အမျိုးသမီးက ယန်ယဲ့ အား

စိုက်ကြည့်နေသော်လည်း ပြန်မဖြေပေ။

သူ၏အေးစက်စက် တုံ့ပြန်မှုကြောင့်

ယန်ယဲ့ သည်

စကားမပြောနိုင်သလိုခံစားရသည်။

ဤအချိန်တွင် အမျိုးသမီး၏

အကြည့်သည် သစ်သားဓားပေါ်

ဆင်းသက်လာပြန်သည်။

တစ်ချိန်တည်းမှာပင် နှင်းပွင့်လေးက

သစ်သားဓားကို

အလျင်အမြန်ဆွဲကိုင်လိုက်၏။

သစ်သားဓားက သူမပိုင်ဆိုင်ကြောင်းကို

ပြောပြရန် ကြိုးစားနေပုံရသည်။

အမျိုးသမီးက

အချိန်တော်တော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ “သူ့မှာ အသိစိတ်ရှိလို့

သူ့သခင်ကို ရွေးလိမ့်မယ်” ဟု

ပြောခဲ့သည်။  ထို့နောက် သူမက ယန်ယဲ့

ကို စိုက်ကြည့်ကာ "ဒီမှာရှိတဲ့ ဓားစိတ်ဆန္ဒကို ပိုမစုပ်ယူမိစေနဲ့"

"ဓားစိတ်ဆန္ဒ လား" ယန်ယဲ့က အနည်းငယ် မျက်မှောင်ကြုတ်ကာ "ဒီမှာ ဓားစိတ်ဆန္ဒရှိလား"

အမျိုးသမီး က "ကိုယ့်ဘာသာကိုယ် နားလည်ပါ" ဟု ဂရုမစိုက်ဘဲ

ပြန်ဖြေသည်။စကားပြောပြီးသည်နှင့်
နေရာတွင် တင်ပျဉ်ခွေထိုင်နေတော့၏။

ယန်ယွဲ့ သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။
အချိန်တော်တော်ကြာမှ
မျက်လုံးပြန်ဖွင့်လိုက်သည်။

ဓားစိတ်ဆန္ဒ ။

ဤနေရာတွင် ထူးဆန်းသော

ဓားစိတ်ဆန္ဒတစ်မျိုး ရှိနေ၏။ ၎င်းသည်

အလွန်ထူးခြားလှသည်။

ယန်ယဲ့ သည် သစ်သားဓားကို

စိုက်ကြည့်ကာ "ဒီဓားစိတ်ဆန္ဒက မင်းကို

ကူညီနိုင်မလား" ဟု မေးလိုက်သည် ။

ယန်ယဲ့၏ စကားကို
ကြားလိုက်သောအခါ သစ်သားဓားက
အနည်းငယ်တုန်ခါသွားသည်။

ယန်ယဲ့က "ငါ့ရဲ့ဓားစိတ်ဆန္ဒက မင်းကို
မကူညီနိုင်ဘူးလား"ဟုထပ်မေးလိုက်၏။

သစ်သားဓားက တုန်ခါလာသည်။

ယန်ယဲ့ သည် သဘာဝအတိုင်း

နားမလည်သောကြောင့် နှင်းပွင့် ကို

ချက်ချင်း စိုက်ကြည့်လိုက်သည်။

နှင်းပွင့်က

ခဏမျှစိုက်ကြည့်နေပြီးနောက်မှ

မျက်တောင်ခတ်ပြီး လက်သည်းများကို

ဝှေ့ယမ်းလိုက်ပါတော့သည်။

ယန်ယဲ့၏အမူအရာသည် တဖြည်းဖြည်း

ဆိုးရွားလာသည်။ အကြောင်းမှာ

သစ်သားဓားက

သူ၏ဓားစိတ်ဆန္ဒကိုအဆင့်နိမ့်လွန်းသ

ည်ဟု ပြောနေလို့ပါ။

သူ၏ဓားစိတ်ဆန္ဒ က သစ်သားဓား

အတွက် အားနည်းလွန်းသည်။

သူ၏ ဓားစိတ်ဆန္ဒ က မူလအဆင့်

ဓားစိတ်ဆန္ဒ နှင့် နှိုင်းယှဉ်နိုင်သည်။

သို့သော်လည်း သစ်သားဓား က

မလုံလောက်ကြောင်းပြောနေ၏။

ယန်ယဲ့ သည်

ခဏမှန်းတွတ်ဆိတ်နေပြီးနောက်

အမျိုးသမီးကို လက်ညှိုးထိုးပြပြီး

"သူမရဲ့ ဓားစိတ်ဆန္ဒက ဘယ်လိုလဲ" ဟု

မေးလိုက်သည်။

နှင်းပွင့်က အမျိုးသမီးကို ကြည့်လိုက်ပြီး သစ်သားဓားကို စိုက်ကြည့်နေသည်။ ခဏအကြာတွင် ယန်ယဲ့ ကို စိုက်ကြည့်ကာ ခြေသည်းများကို ထပ်မံ ဖွေ့ယမ်းလိုက်ပြန်သည်။

သစ်သားဓား၏ အဆိုအရ အမျိုးသမီး၏ဓားစိတ်ဆန္ဒ ကလည်း အားနည်းလွန်းသည်ဟူ၍ပင်။ ယန်ယဲ့၏

အမှုအရာသည် တဖြည်းဖြည်း
သက်သာလာသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် မူလအဆင့်
ဓားစိတ်ဆန္ဒ သည်ပင် သစ်သားဓား၏
စည်းတံဆိပ်ကို
ဖယ်ရှားဖို့မလိုလောက်ပေ။

ယန်ယွဲ့ သည် ခဏမျှစဉ်းစားလိုက်ပြီး
အမျိုးသမီးအနားတွင်

တင်ပျဉ်ခွေထိုင်ချလိုက်သည်။

ထိုအချိန်တွင် အမျိုးသမီးင

မျက်လုံးဖွင့်ကာ သူ့ကိုကြည့်နေသည်။

ယန်ယဲ့ က "ဒီဓားစိတ်ဆန္ဒကို

ချန်ထားခဲ့တာက

အင်မော်တယ်ဓားသမား ပဲလား"

သူမက "နင်ဘယ်လိုထင်လဲ"

ဟုသာပြန်ဖြေသည်။

ယန်ယွဲ့ သည် ထပ်မေးလိုက်သည်။

"အင်မော်တယ်ဓားသမား ရဲ့ ဓားစိတ်ဆန္ဒ

က မူလအဆင့်ထက်ကျော်သွားပြီလား "

အမျိုးသမီးက "နင်ဘယ်လိုထင်လဲ" ဟူ၍

ယခင်အတိုင်းသာ ပြန်ဖြေသည်။

ယန်ယွဲ့ က "ငါတို့

ပုံမှန်စကားပြောလို့ရမလား"

သူမက “နင်နဲ့ စကားပြောဖို့ ဘယ်တုန်းကမှ မရည်ရွယ်ပါဘူး” ဟု ပြန်ဖြေခဲ့သည်။

ယန်ယဲ့ သည် ဘာဆက်ပြောရမှန်းမသိပေ။

ဤအချိန်တွင် အမျိုးသမီးက "ဒါဘယ်လိုဓားလဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ က ပခုံးတွန့်လိုက်သည်

"ငါမသိဘူး"

အမျိုးသမီးက အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က “ငါ

ဒေါသထွက်နေလို့

အဲလိုပုံစံပြန်ပြောတာမဟုတ်ဘူး။

ငါတကယ်မသိတာ"

သူမက ယန်ယဲ့ကို အကြာကြီး
စိုက်ကြည့်နေသည်။ ယန်ယဲ့ က
လိမ်ညာနေပုံမပေါ်ကြောင်း
သတိပြုမိသောအခါ သူမက
သစ်သားဓား ကို စူးစိုက်ကြည့်ကာ
"ဒီနေရာဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက
အင်မော်တယ်ဓားသမား တည်ရှိခဲ့တဲ့
နေရာပဲ။ ဒါကြောင့် သူ့ရဲ့ ဓားစိတ်ဆန္ဒက

ဒီမှာရှိနေတယ်။ ဒါဟာ မူလအဆင့်ရဲ့
အထက်ဆင့်ဓားစိတ်ဆန္ဒပဲ”

မူလအထက်ဆင့် ဓားစိတ်ဆန္ဒလား။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
နောက်တစ်ကြိမ်
အာရုံခံကြည့်လိုက်သည်။ သူသည်
ဓားစိတ်ဆန္ဒကို အာရုံခံမိသော်လည်း

ထူးထူးခြားခြား တစ်စုံတစ်ရာ
နားမလည်နိုင်ခဲ့ပေ။

အမျိုးသမီးက ရုတ်တရက်
မေးလိုက်သည် “အဲဒါနဲ့ ပတ်သက်ပြီး
ဘာမှ ထူးထူးခြားခြား မရှိဘူးထင်လား”

ယန်ယွဲ့ က ခေါင်းညိတ်ပြီး “တကယ်ပဲ”

သူမက “ဒါက အဲဒါနဲ့ ပတ်သက်ပြီး အရမ်းထူးခြားတယ်။ မူလအဆင့် ဓားစိတ်ဆန္ဒ ကို နားလည်သွားရင်တော့ ရှေ့ဆက်ရမယ့် လမ်းကြောင်း မရှိတာကို သတိပြုမိမှာပါ”ဟုထပ်ပြောပါသည်။

ယန်ယဲ့က "ရှေ့ဆက်သွားမယ့်လမ်းမရှိဘူးလား" ဟုမေးလိုက်သည်။

အမျိုးသမီးက အနည်းငယ်

ခေါင်းညိတ်ပြပြီး “ရှေ့မှာ လမ်းကြောင်း

မရှိတော့ဘူးလို့ ခံစားရတယ်။

ငါအရမ်းလမ်းပျောက်နေတယ်"ဟုပြော

ပါသည်။ တစ်ဆက်တည်း သူမ၏

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး

“ဒီနေရာမှာ မူလအဆင့်ရဲ့

အထက်ဆင့်ဓားစိတ်ဆန္ဒရှိတယ်။

ဒါကြောင့် ငါ့လမ်းကို ဒီမှာ

ထပ်ရှာနိုင်မှာပါ”

ထို့နောက် ယန်ယဲ့ ကို စိုက်ကြည့်ပြီး

“ဒီနေရာက ထူးခြားတယ်။ နင်

ဒုက္ခမလိုချင်ရင် ဒီမှာရှိတဲ့ ဓားစိတ်ဆန္ဒကို

မစုပ်ယူတာ

အကောင်းဆုံးပဲ"ဟုထပ်ပြောသည်။

ယန်ယဲ့ သည်
စကားပြောရန်ပြင်လိုက်သော်လည်း
အမျိုးသမီးက မျက်လုံးများကိုမှိတ်ကာ
ငြိမ်သက်သွားသည်။

ယန်ယဲ့ သည် နှင်းပွင့် ကို
စိုက်ကြည့်နေသည်။ နှင်းပွင့်လေးက
မျက်တောင်ခတ်ပြီး
သူမ၏ခြေသည်းများကြားရှိ
သစ်သားဓားကို စိုက်ကြည့်လိုက်သည်။

ယန်ယဲ့ သည် သစ်သားဓားက ဤနေရာရှိ

ဓားစွမ်းအင်ကို တဟုန်ထိုး

စုပ်ယူတော့မည်ဟုထင်လိုက်သည်။

သို့သော်လည်း သစ်သားဓားက

နှင်းပွင့်လေး နှင့်အတူ မူလစေတီထဲကို

ပြန်ဝင်သွားတော့သည်။

ယန်ယဲ့ သည်

သက်ပြင်းတစ်ချက်ချလိုက်သည်။

အကြောင်းမှာ သစ်သားဓားက

ငှင်းစိတ်တိုင်းကျ လုပ်ချင်လျှင်
ငှင်းနှင့်ပတ်သက်ပြီး ဘာမှ လုပ်နိုင်မည်
မဟုတ်ပါ။ကံကောင်းထောက်မစွာ
ဤ၊တစ်ကြိမ်တော့ သူ့ကို
မျက်နှာသာပေးခဲ့သည်။

ထို့နောက်တွင် ယန်ယဲ့ သည်
ပတ်ဝန်းကျင်ကို စိုက်ကြည့်ကာ
မျက်လုံးမှိတ်ထားလိုက်

သည်။

### Book.125